www.burmeseclassic.com



www.burmeseclassic.com

# မိုးစက်ဝိုင်

## အချစ်က ဆက်သွယ်မှုရေးယာထဲမှာ

စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၄၀၄၁၂
အဖုံးခွင့်ပြုချက်အမှတ် -
ထုတ်ဝေသူ - ဦးအောင်စိုး (နှစ်ဝဠ်ကြယ်စာပေ)
အမှတ်(၁၀၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး
စာအုပ်ချုပ် - ကိုမိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၂ ဇွန်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး — နှစ်ဝဠ်ကြယ်စာပေ
အမှတ် ၁၇၅(B)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅

BURMESE CLASSIC

၈၉၅.၈၃
မိုးစက်ဝိုင်
အချစ်က ဆက်သွယ်မှုရေးယာထဲမှာ / မိုးစက်ဝိုင်။ - ရန်ကုန်
နှစ်ဝဠ်ကြယ်စာပေ ၊ ၂၀၁၁ ။
၁၅၈ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) အချစ်က ဆက်သွယ်မှုရေးယာထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မိုးထက်ငြိမ်

# အချစ်က ဆက်သွယ်မှုရှိရမယ်လား

www.burmeseclassic.com

www.burmeseclassic.com



"လမ်းထဲမှာ ဦးဝင်းတင်က နှစ်ယောက်ရှိတာဗျ၊ ဘုရားလူကြီး ဦးဝင်းတင်ရယ်၊ ပြီးတော့ ဘောလုံးပွဲအရမ်းလောင်းတဲ့ ဦးဝင်းတယ်ရယ်၊ ခု ဘယ်တစ်ယောက်ကို ခေါ်ပေးရမှာလဲ"

စကားအဆုံးမှာ တစ်ဖက်ကလည်း ...

"ဟိုလေ ... ကျွန်တော်ပြောတာက ဘုရားလူကြီး ဦးဝင်းတင်တော့ မဟုတ်လောက်ပါဘူး"

"ပြီးရော"

ခန့်ပိုင်က ဖုန်းခွက်ကို ဘေးမှာအသာချလိုက်သည်။ ပြီး အနားမှာရှိနေသော ကျော်ကိုအား ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ကျော်ကို ... ဘောဝင်းတင်နဲ့ ပြောချင်တာတဲ့၊ သွားခေါ်ပေးလိုက်"

"အေး"

ခြေမြန်တပ်သားပမာ ကျော်ကို လှစ်ခနဲပြေးထွက်သွားသည်။ သိပ်မကြာပါချေ။ ကျော်ကိုနှင့်အတူ ဂေါ်ပက ဦးဝင်းတင်မဟုတ်သော ဦးဝင်းတင်တစ်ယောက် ပြန်ပါလာသည်။

ထိုဦးဝင်းတင်က ဖုန်းခွက်ကို အသာမ၍ ...

"အေး ... ကိုသိန်းဇော် ပြော"

တစ်ဖက်က ဘာပြန်ပြောသည်မသိ။ ဦးဝင်းတင်ကပဲ ...

"ဟုတ်ပြီလေ ... ဒါဆိုလည်း ဘာကာ နှစ်ရာနဲ့ အင်တာ ငါးရာ ထည့်ထားလိုက်မယ် ... ဒါပဲ ဒါပဲ"

ခပ်သွက်သွက်ပြောပြီး ဦးဝင်းတင်က ဖုန်းပြန်ချလိုက်သည်။ ပြီး အိပ်ကပ်ထဲမှ မြန်မာကျပ်ငွေနှစ်ရာကိုထုတ်ကာ ခန့်ပိုင်အား လှမ်းပေးလျက်

www.burmeseclassic.com



"ရော့ ညီလေး ... ဖုန်းဖိုး"

ခန့်ပိုင်က လှမ်းယူကာ ပိုက်ဆံဘူးထဲ ထည့်ထားလိုက်၏။ ဦးဝင်း ထင်ထွက်သွားပြီး မြဲဝသို့ အရောက်လောက်မှာပဲ ...

'ကလင် ကလင်'

ဖုန်းက ထပ်မြည်လာပြန်သည်။ ဒါတစ်ခါလည်း ခန့်ပိုင်ကပင် ကောက်ကိုင်လိုက်ရင်း ...

"ဟလို"

"ဟုတ်ကဲ့ ... ကိုဇော်ဖြိုးနဲ့ ပြောချင်လို့ပါ၊ ခေါ်ပေးလို့ ရမလား"

"ခဏ ကိုင်ထား"

ထိုမျှသာပြောပြီး ခန့်ပိုင်က မျိုးဇော်ဘက်သို့ လှည့်လိုက်သည်။ ပြီး ...

"ဟော့ကောင် ... ကိုဇော်ဖြိုးတဲ့၊ ဒီတစ်ခါ မင်းသွားခေါ်ပေးရမယ့် အလှည့်ကွ"

မျိုးဇော်က အူတူတူဖြင့် ...

"ကိုဇော်ဖြိုး ... ဟုတ်လား၊ ဘယ် ကိုဇော်ဖြိုးလဲ"

"ထမင်းကြော်ရောင်းတဲ့ ဇော်ဖြိုးပဲနေမှာပေါ့ကွ၊ တအုပ် ကိုဇော်ဖြိုး မှာက သူ့ဟန်းဖုန်းရှိတာပဲဥစ္စာ"

"အေး ... ဒါဆိုလည်း ငါ သွားခေါ်လိုက်မယ်"

ခဏနေတော့ မျိုးဇော်နှင့်အတူ ကိုဇော်ဖြိုး ရောက်လာပါသည်။ တစ်ဖက်မှလူကို ထမင်းကြော်နှင့်ပတ်သက်သော ကိစ္စအချို့ ပြောကာပြန်သွား သည်။

ဒီတစ်ခါ ဖုန်းထပ်လာရင်တော့ ငါသွားခေါ်ပေးရမယ့် အလှည့်ပဲ



www.burmeseclassic.com

www.burmeseclassic.com


ဟု ခန့်ပိုင်တစ်ယောက် စိတ်မသက်သာစွာ တွေးလိုက်မိသည်။

တကယ်တော့ ယခုလို သူတို့သုံးယောက် ဖုန်းစောင့်ပေးနေရသော ကိစ္စသည် ခန့်ပိုင်၏ဦးလေး ဦးအောင်သိန်း (ခ) သူကြီးလက်ချက် ဖြစ်၏။

ဖြစ်ပုံက ဒီလို ...

နယ်ကနေ ကျောင်းတက်ဖို့ရောက်လာသော ခန့်ပိုင်တို့အား ဦးအောင်သိန်း (သူကြီး) က ခေါ်တွေ့ကာ ...

"ကျောင်းနဲ့နီးတဲ့ ငါ့အိမ်မှာပဲ နေပေါ့ကွာ၊ အဲဒီအိမ်မှာက ငါ လူငှားတောင် တင်ထားတာမဟုတ်ဘူး။ မင်းတို့ အဆောင်နေရင် ရေမလာတာနဲ့ မီးပြတ်ရတာနဲ့ ဒုက္ခရောက်လိမ့်မယ်၊ ပြီးတော့ အဆောင်မှာက ထမင်းဟင်းလည်း ချက်ပြုတ်စားလို့ရတာ မဟုတ်ဘူး၊ ငါ့အိမ်မှာဆိုရင် မင်းတို့ ကျောင်းနီး၊ ဈေးနီး၊ ရေမီးအစုံနဲ့ လေထီးပါ ခန့်လို့ရသေးတယ်ကွ"

ထိုစဉ်တုန်းကတော့ ဦးလေး ဦးအောင်သိန်းအား မဟာကျေးဇူးရှင်ကြီးပမာ ခန့်ပိုင် ထင်မိခဲ့သေးသည်။ အမျိုးတစ်ခုလောက်သာတော်ပေမယ့် ဖြန့်ကြည့်သားပဲဆိုပြီးတော့ပေါ့။

သို့သော်လည်း ထိုအိမ်ရောက်ပြီး တစ်လလောက်အကြာမှာတော့ ထင်ထားခဲ့သမျှ တက်တက်စင်အောင် လွဲတော့သည်။ ကျောချမ်း ဓားပြမှန်း သိရတယ်ဆိုတာမျိုး။

ဦးလေး ဦးအောင်သိန်းသည် အိမ်သို့ပေါက်ချလာပြီး သူများ အဆောင်မှာနေရင်လည်း အဆောင်လခပေးရတာပဲဟုဆိုကာ သူ့အိမ်လခကို တောင်းတော့သည်။ ဒါသည်ပင် မကသေး။ ငါးသိန်းအထိုင်ဖုန်းတင်ပေးသွားကာ ...

"ဒီဖုန်းက မင်းတို့အိမ်မှာနေရင်း အလုပ်လုပ်ဖို့ ထားခဲ့တာနော်၊

www.burmeseclassic.com


ဒီဖုန်းကရတဲ့ပိုက်ဆံနဲ့ပဲ ကတ်ဝယ်ထည့်၊ ပြီးရင် ငါ့ကို တစ်လ သုံးသောင်း ပြန်သွင်းပေးပေါ့။ ဒါဆိုရင် မင်းတို့ရော ဒီပတ်ဝန်းကျင်နားက လူတွေပါ ဆက်သွယ်ရေး အဆင်ပြေသွားလိမ့်မယ်"

ပြောပြီး ခပ်တည်တည်ပင် 'ဖုန်းပြောနိုင်သည်' ဟုရေးထားသည့် ဆိုင်းဘုတ်အား ခြံဝမှာ ချိတ်သွားသေးသည်။

ဒီလောက်ဆိုလျှင် ကျောင်းတစ်ဖက်နှင့် ဖုန်းစောင့်နေရသော ခန့်ပိုင် တို့၏အကြောင်းက ရှင်းလောက်ပြီ။

ခုတော့ ဒီရပ်ကွက်ထဲမှာလည်း နေသားကျနေပြီမို့ အဆောင်ပြောင်း နေဖို့ စိတ်မကူးတော့။

ထို့ကြောင့် အိမ်မှာရှိနေသော အချိန်တွေဆိုလျှင် လာသမျှ ဖုန်းတွေကိုပဲ အလှည့်ကျသွားခေါ်ပေးနေရခြင်းဖြစ်၏။

ထိုသို့ ခန့်ပိုင်စဉ်းစားနေချိန်မှာပဲ ဖုန်းက တာဝန်ကျေပွန်စွာ ထ မြည်လာပြန်သည်။

ဒီတစ်ခါတော့ ကျော်ကိုက ဖိုးဖိုးဆတ်ဆတ်ကောက်ကိုင်လိုက် သည်။ တစ်ဖက်က ဘာပြောသည်မသိ၊ ကျော်ကိုက ခန့်ပိုင်ကို ကြည့်ကာ ...

"ဟေ့ကောင် ... မယုတဲ့၊ သွားခေါ်လိုက်"

ဒီတစ်ခါတော့ အထက်ဆိုခဲ့သလို သူ့အလှည့်ရောက်လာပြီမို့ ခန့်ပိုင်က သက်ပြင်းချကာ ထိုင်နေရာမှထလိုက်ပြီးမှ သတိရသွားသဖြင့် ...

"ဟေ့ကောင် ... ဘယ်မယုလဲ၊ လမ်းထဲမှာ မယုကလည်း နှစ် ယောက်တောင်ရှိတာနော်"


www.burmeseclassic.com

www.burmeseclassic.com



ကျော်ကိုက ခဏလေးဆိုသည့်သဘောနှင့် လက်ကာပြသည်။ တစ်ဖက်ကိုလည်း ပြန်မေးလိုက်၏။

ပြီးမှ ခန့်ပိုင်အား ...

"အကြော်ရောင်းတဲ့ မယုတော့ မဟုတ်ဘူးကွ၊ ဟို ငွေတိုးချေးတဲ့ မယုနဲ့ ပြောချင်တာတဲ့"

"ပြီးရောကွာ ... ခဏကိုင်ထားလို့ ပြောလိုက်"

ပြောပြီး ခန့်ပိုင်တစ်ယောက် မယုကိုခေါ်ရန် စိတ်တိုတိုနှင့် ထွက်လာခဲ့သည်။

လမ်းမှာ စိတ်အချဉ်ပေါက်စွာ စဉ်းစားလာမိသည်ကတော့ ...

"အင်း ... ငါးထောင်တန်ဖုန်းတွေ တကယ်ပေါ်လာရင်တော့ ဒီလမ်းထဲကလူတွေကို တစ်ယောက် ဖုန်းကတ်တစ်ကတ်စီ အလှူလုပ်ပစ်လိုက်ဦးမယ်"

ဟွန်း ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညဘက်ရောက်တော့ ဖုန်းလာဆက်မည့်သူတွေလည်း ကျဲသွားပြီ။ ဖုန်းအဝင်လည်း မရှိသလောက်ကို ပါးသွားပြီ။

ထိုအချိန်ကျမှပဲ ဒုံးယောက်သား ထမင်းစားသောက်ပြီး အနားယူရတော့၏။ အနားယူသည်ဆိုရာမှာလည်း ထွေထွေထူးထူးတော့ မဟုတ်။ ဒုံးယောက်စပ်ကာဝယ်ထားသည့် တီဗီနှင့်အောက်စက်ရှေ့မှာ ထိုင်လိုက်ကြခြင်းဖြစ်သည်။

ကျော်ကိုက နိုင်ငံခြားကားတစ်ခွေ ထိုးလိုက်ရင်း ...

"အင်း ... ခုမှပဲ နှပ်ရတော့မယ်"

ဟုတ်တော့လည်း ဟုတ်ပါသည်။ ကျော်ကို့စကားအဆုံးမှာတော့ ဒုံးယောက်စလုံး တိုင်ပင်စရာမလိုဘဲ ထိုင်နေသည့်အနေအထားမှ လှဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောင်းသည့်အနေအထားသို့ ပြင်လိုက်ကြသေး၏။

ထိုးလိုက်သောအခွေက ဖတ်လမ်းကောင်းသဖြင့် သုံးယောက်စလုံး စိတ်နှစ်မျောပြီး ကြည့်နေမိကြ၏။ ထိုစဉ် ...

'ကလင် ကလင်'

ဖုန်းမြည်လာခြင်း ဖြစ်လေသည်။ သုံးယောက်စလုံး၏မျက်နှာတွေက ကားကြိတ်ခံလိုက်ရသော ဘီယာဗူးခွံတွေကဲ့သို့ ရှုံ့မဲ့သွားကြရင်း ကျော်ကိုက အရင် ...

"မျိုးဇော် ... ဖုန်းသွားကိုင်ကွာ"

မျိုးဇော်က လှည့်၍ပင်မကြည့်ဘဲ ...

"အောင်မာ ... မင်းသွားကိုင်ပါလား။ မင်းမှာလည်း လက်ပါတာပဲဟာကို"

"အေး ... ငါ့မှာ လက်ပါသလို မင်းမှာလည်း ပါးစပ်ပါတာပဲ၊ ခဏသွားကိုင်ပြီး အကျိုးအကြောင်းပြောလိုက်ပေါ့ကွ"

ဖုန်းက တဂွမ်ဂွမ်မြည်နေဆဲ။ သူကိုင်ငါကိုင်နှင့် ငြင်းနေသော နှစ်ကောင်ကိုကြည့်ကာ ခန့်ပိုင် စိတ်မရှည်တော့။ ထို့ကြောင့် ...

"တော်ကြကွာ ... ဘယ်သူမှမကိုင်နဲ့တော့"

"ဒါဆို မင်းသွားကိုင်မှာလား"

"ဟေ့အေး ... အဲဒီအတိုင်းထားလိုက်"

"ဟေ"

ဖုန်းမြည်သံကို လျစ်လျူရှုကာ ခန့်ပိုင် အခွေဆက်ကြည့်နေလိုက်သည်။ ဟိုနှစ်ကောင်ကလည်း ခန့်ပိုင်နည်းတူပင် ဥပေက္ခာပြုလိုက်ကြ၏။

ခဏကြာတော့ ဖုန်းမြည်သံက ရပ်သွားပါသည်။ သုံးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



တီဗီထဲကဇာတ်လမ်းဆီသို့ စိတ်ပြန်ရောက်သွားကြ၏။

သို့သော် သိပ်မကြာလိုက်။ ဖုန်းက ထပ်မြည်လာပြန်၏။ ဒီတစ်ခါတော့ တစ်ယောက်ယောက် မှုချကိုင်မှဖြစ်တော့မည်ဆိုတာ ခန့်ပိုင် နားလည်လိုက်သည်။

ထိုသို့ တွေးနေစဉ်မှာပဲ တီဗီစင်ပေါ်မှာတင်ထားသည့် အနိစာတုံးလေးကို တွေ့လိုက်ရသဖြင့် အကြံရသွားသည်။ ခန့်ပိုင်ကပဲ အသာထကာ အနိစာတုံးကလေးကို ယူလိုက်ရင်း ...

"ဟေ့ကောင်တွေ ... အနိစာလှိမ့်မယ်၊ အပွင့်နည်းတဲ့ကောင် သွားကိုင်ကြေး"

"ပြီးရော"

သဘောတူညီချက် ပြီးပြီးချင်း ကျော်ကိုက အရင်အနိစာလှိမ့်လိုက်၏။ ငါးပေါက်။ ဖုန်းကမြည်နေဆဲ။ ပြီး မျိုးဇော်က အနိစာတုံးယူကာ ထပ်လှိမ့်လိုက်ပြန်သည်။ သုံးပေါက်။ ဖုန်းမြည်သံက မရပ်သေး။ နောက်ဆုံးခန့်ပိုင်က ခြောက်ကွာဟု စိတ်ထဲမှရေရွတ်ကာ အနိစာလှိမ့်ချလိုက်သည်။ တစ်ပေါက်။ သွားပြီ။

နှစ်ကောင်စလုံးက ပြုံးစစဖြင့် ဖုန်းရှိရာသို့ မေးထိုးပြကြ၏။ သွားကိုင်ပေါ့လေ။ ရပါသည်။ အားကြိုးမာန်တက်မြည်နေသေးသော ဖုန်းရှိရာသို့ ခန့်ပိုင် ထလာခဲ့၏။ ဟိုနှစ်ကောင်ကတော့ ဖုန်းနှင့် လုံးလုံးမဆိုင်သူတွေလို တီဗီဘက်သို့ မျက်နှာကိုယ်စီ ပြန်လှည့်သွားကြလေ ပြီ။

ဖုန်းရှေ့ရောက်တော့ စိတ်လျှော့ပြီး ကိုင်လိုက်ရသည်။

"ဟုတ်ကဲ့ ပြောပါ"

စကားဆုံးဆုံးချင်းမှာပဲ အသံရှုးရှူးလေးတစ်ခုက ပြန်ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်မလေးတစ်ယောက်၏အသံ ဖြစ်၏။

"အောင်မာ ... ဘာပြောပါလဲ၊ ကြီးမောင်နော် ... နင် ကျွတ်ကျဲ ပြီး ဖုန်းမကိုင်တာမလား"

ဗုဒ္ဓေါဟု စိတ်ထဲက အရင်တလိုက်မိသည်။ တစ်ဆက်တည်း ဖုန်း မှားတာဖြစ်မယ်ဟူ၍ တွေးလိုက်မိပြီး ...

"ဒီ ဒီမှာ ခင်ဗျ ... ဖုန်း ဖုန်းမှားနေတာနဲ့ တူ တူ ..."

စကားက မဆုံးလိုက်ပြန်ချေ။ တစ်ဖက်မှ ကောင်မလေး၏အသံက စီခနဲ ပြန်ထွက်လာသည်။

"ဘာ ... ဖုန်းမှားနေတယ် ... ဟုတ်လား။ တောမှာသွားပြော ကြီးမောင်၊ နင့်အသံနဲ့ ဒီဖုန်းနံပါတ်ကို ငါ ခွေးချီသွားတာတောင် မှတ်မိ တယ်"

"ဟာဗျာ ... ဒုက္ခပါပဲ"

"ဒုက္ခပဲ ... ဟုတ်လား။ အဲဒီဒုက္ခဆိုတဲ့စကားကို ငါက ပြောရ မှာဟဲ့"

ခန့်ပိုင် ရုတ်တရက် ဘာပြောရမည်မှန်းပင်မသိ ဖြစ်သွားရ၏။ ဖုန်းမှားတာပဲလား။ မမှားဘဲ အကြောင်းရှိက်နေတာလားဆိုတာပင် ခွဲခြား မရတော့။ ကောင်မလေးကတော့ စွတ်ကောနေလေပြီ။

ထို့ကြောင့် နောက်တစ်ကြိမ် ပြန်ရှင်းပြရန် ကြိုးစားလိုက်၏။

"ဒီမှာ မဟုတ်ာ ... ကျွန်တော့်နာမည်က ကြီးမောင် မဟုတ်သလို ကြောင်ပြီးလည်း မဟုတ်ဘူး။ ပြီးတော့ ခင်ဗျားကိုလည်း ကျွန်တော် မသိတာ အမှန်ပဲ"

"ဘာ ... ဘာပြောတယ် ကြီးမောင်၊ နင် သုပ်တုန်းကလုပ်ပြီး

www.burmeseclassic.com



ခုမှ ရှုးချင်ယောင်ဆောင်နေတာလား။ ငါ ပြတ်ပြတ်ပဲပြောမယ် . . . နှင့်ကိစ္စ နှင်ရှင်းပါ။ နှင့်ကိစ္စ နှင်တာဝန်ယူပါ။ စဉ်းစားပြီးရင် ဒီည ကိုးနာရီထိုးတာနဲ့ ငါ့ဆီ ဖုန်းဆက်လိုက်။ မဟုတ်လို့ကတော့ ငါ လူကြီးတွေကို အကုန်ပြောပြ လိုက်တော့မယ်"

"ဗုဒ္ဓေါ"

ဒီတစ်ခါတော့ အသံထုတ်၍ပင် ဘုရားတလိုက်မိသည်။ ထိုအသံကို ကြားလိုက်သော တစ်ဖက်မှကောင်မလေးကလည်း ခပ်ပြတ်ပြတ်ပင်။

"အေး . . . နှင် ဘုရားသာ တ,ထားပေတော့"

စက်သေနတ်ပစ်သလို ပြောပြီး ကောင်မလေး ဖုန်းချသွားၿ ခန့်ပိုင်တစ်ယောက် နားတစ်ဖက်ပူပြီး ကျန်ခဲ့ရသည်။

ဘာတွေလဲ ဘာတွေလဲ။

ဖုန်းမှားတာပဲ ထားဦး။ ကြီးမောင်ဆိုသောကောင်သည် ခုနက ကောင်မလေးအား နမချင်းမစာနာစွာ ဘာတွေလုပ်ထားလို့လဲ။ ပြီးတော့ သူလုပ်ထားတဲ့ကိစ္စကို ဘာဖြစ်လို့ တာဝန်မယူနိုင်တာလဲ။

ထိုသို့ပင် အူကြောင်ကြောင်တွေးနေမိသေးသည်။ အမှန်တော့ ကိုယ်နှင့်လည်း မဆိုင်ချေ။

ထိုအချိန်မှာပဲ နားစွန်နားဖျား ကြားလိုက်ပုံရသော ကျော်ကိုနှင့် ချိုဇော်က အနားသို့ရောက်လာကာ . . .

"ဟေ့ကောင် . . . ဘာတွေဖြစ်နေတာလဲ"

ခန့်ပိုင်က ခေါင်းတဖြင်းဖြင်းကုတ်လိုက်ရင်း . . .

"အေး . . . ဘာမှန်းကိုမသိပါဘူးကွာ။ ဖုန်းမှားတယ်ထင့် ပြောတာ ကြီးတောင် စွတ်ကောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး ... ဘာတွေကောသွားလို့လဲ"

ကောင်မလေးပြောသွားသည့်အကြောင်းအရာတွေကို ရှင်းပြလိုက်သည်။ စကားဆုံးတော့ ကျော်ကိုက ရယ်ကျဲကျဲလုပ်ကာ ...

"အဲဒီအတိုင်းဆိုရင်တော့ သူတို့ချင်း ကျိုင်တစ်ခုခု တက်နေလို့ပဲ ဖြစ်မယ်၊ ဒါပေမဲ့ မင်းကို ကြီးမောင်အမှတ်နဲ့ ဆက်တာဆိုတော့ ဟို ... တကယ့်ကြီးမောင်ခမျာ ဒီကိစ္စကို မသိလောက်သေးဘူးကွ"

"ဟင် ... အဲဒါဆို ငါက ဘာလုပ်ပေးရမှာလဲ"

ခန့်ပိုင် အူတူတူပြန်မေးလိုက်မိသည်။ ထိုအခါမှ မျိုးဇော်က ကျော်ကိုအား စောင်းငမ်းငမ်းကြည့်ကာ ...

"အေးလေ ... ဖုန်းမှားဆက်တာပဲ ဥစ္စာ၊ ခန့်ပိုင်က ဘာလုပ်ပေးရမှာလဲကွ"

ထိုသို့ပြောလိုက်တော့မှ ကျော်ကိုက အရှက်ပြေ ဟီးခနဲရယ်ရင်း ...

"အဟီး ... ငါလည်း မင်းပြောတာကို နားထောင်ပြီး ဆက်စပ်စဉ်းစားလိုက်မိတာပါ"

စကားအဆုံးမှာ မျိုးဇော်ကလည်း ...

"ဟုတ်ပြီလေ ... မင်းစဉ်းစားတာကို ဒီကောင်ခန့်ပိုင်က ဘာလုပ်ပေးရမှာလဲလို့ ငါက မေးနေတာ"

"ဟိုကွာ ... ငါပြောတာက"

နှစ်ကောင်သား ဘာမှမဆိုင်ဘဲ တိုင်ပတ်နေကြသည်။ နောက်ဆုံးမှာ မနေနိုင်သော ခန့်ပိုင်ကပဲ ...

"ကဲ ... တော်ကြပါတော့ကွာ၊ အဲဒီကိစ္စကို ထားလိုက်တော့၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့မှ မဆိုင်တာ၊ အခွေသွားပြန်ကြည့်ရအောင်"

"အေး ... ဟုတ်တယ်၊ ဟိုမှာ ကောင်းခန်းရောက်နေပြီကွ၊ မင်းသားနဲ့မင်းသမီးက အခန်းထဲမှာ ချတော့မယ်"

"ဟင် ... ဘာ ဘာချမှာလဲ"

ခန့်ပိုင်အမေးကို မျိုးဇော်က အငေါ်တူးသည့်လေသံဖြင့် ...

"ဘာချရမှာလဲ ... သိုင်းကားကြည့်နေတာ သိုင်းပဲချမှာပေါ့"

ပြောချင်တာတွေပြောပြီး တီဗီရှေ့သို့ သုံးယောက်သား ပြန်ရောက်သွားကြသည်။ ပြီး စားဝတ်နေရေး ဘာဆိုဘာမှ ပူပင်ကြောင့်ကြမှုမရှိဘဲ တစ်ကားလုံးချနေသည့် သိုင်းကားကိုပဲ ပြန်ကြည့်လိုက်ကြသည်။

အချိန်ဘယ်လောက်ကြာသွားသည် မသိ။ စူးစူးဝါးဝါး ထမြည်သော ဖုန်းသံကြောင့် သုံးယောက်စလုံး အာရုံပျက်သွားရပြန်သည်။ နာရီလှမ်းကြည့်လိုက်တော့ ကိုးနာရီပင် ထိုးနေပြီ။ ဒီအချိန်ကြီးမှ ဘယ်သူ ဆက်သနည်း။

လောလောဆယ် ဘယ်သူဆက်တာလဲဆိုတာထက် ဖုန်းသွားကိုင်ရမည့်သူက အရေးကြီးနေသည်။ ထို့ကြောင့် ဟိုနှစ်ကောင် မငြင်းခင် ခန့်ပိုင်က ပဲ အန်စာတုံးယူလိုက်၏။

ပထမတစ်ကြိမ်လိုပဲ သုံးယောက်သား အန်စာလှိမ့်လိုက်ကြသည်။ ဒီတစ်ခါ ဖုန်းသွားကိုင်ရမည့်သူက အပွင့်အနည်းဆုံးကျသည့် ကျော်ကို။

"ဟာလို"

ဖုန်းခွက်ကို နားနှင့်ကပ်ကာ ထူးလိုက်ချိန်မှာပဲ တစ်ဖက်မှအသံက နားထဲသို့ ဆောင့်ဝင်လာသည်။

"ဟာလို လုပ်မနေနဲ့ ... ကြီးမောင်ကို ဖုန်းပြန်ပေးလိုက်စမ်းပါ"

www.burmeseclassic.com



ဘာလဲဟ၊ ရုတ်တရက် ကျော်ကို ကြောင်သွားရ၏။ ပြီးမှ ခုနက ဖုန်းများဆက်တဲ့ကောင်မလေးပဲဟု တွေးလိုက်မိပြီး ခန့်ပိုင်ကိုလည်း ကျပ်ချင်စိတ်က ပေါ်လာသဖြင့် ...

"ခဏနော်"

တစ်ဖက်မှ ပြန်ဖြေသံမကြားရ၊ ဖုန်းတော့ ကိုင်ထားသေးပုံ ရသည်။ ကျော်ကိုက ခန့်ပိုင်ရှိရာသို့ ပြန်လျှောက်လာပြီး ...

"ဟေ့ကောင် မင်းဖုန်း"

ထိုစကားကြောင့် ခန့်ပိုင်က ဆတ်ခနဲ ပြန်မေးလိုက်၏။

"ဟေ ... ဘယ်သူဆက်တာလဲကွ"

"မင်းဦးလေး"

ခန့်ပိုင် တွန့်သွားရ၏။ ဦးလေး ဦးအောင်သိန်း (သူကြီး) ဆက်တာပဲ ဆိုသည့်အတွေးနှင့် ခပ်သွက်သွက်ထကာ ဖုန်းသွားကိုင်လိုက်သည်။

"ဟုတ် ပြောပါ"

"အံမယ် ... တယ်ရိုကျိုးနေပါလား ကြီးမောင်ရဲ့၊ နင် ခုနက ငါ ပြောခဲ့တာကိုပဲ မမှတ်မိတာလား။ ဒါမှမဟုတ် ရှုးချင်ယောင်ဆောင်နေဦးမှာလားဟဲ့"

စကားသံအဆုံးမှာပဲ ကျော်ကိုကျပ်ပြီဆိုတာ သိရသည်။ ခုနက ကောင်မလေး၏အသံပဲဖြစ်၏။ ခန့်ပိုင်က ...

"ဒီမှာ ခင်ဗျ ... ခင်ဗျားကို ကျွန်တော်"

"တော် တော် ကြီးမောင် ... နင် ငါ့ကို ဘာမှ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့တော့၊ ငါပြောတာကိုပဲ နားထောင်"

သေသာသေလိုက်ချင်တော့သည်။ တစ်ဖက်မှ ကောင်မလေး

www.burmeseclassic.com



သူ့ကို ကြီးမောင်ဟာ တစ်ထစ်ချ ထင်နေပုံရ၏။ ဒီကိစ္စကို မရှင်းလို့မဖြစ်တော့။ မိမိသည် ကြီးမောင်မဟုတ်သလို တစ်ဖက်မှ ကောင်မလေးကိုလည်း ဘာမှ မလုပ်ထားပါ။

မည်သို့ပင်ဖြစ်စေ လောလောဆယ်မှာတော့ ဒီကိစ္စကို အပြတ်ဖြတ်မှ ရတော့မည်ဆိုသည့်အတွေးနှင့် ...

"ဒီမှာခင်ဗျ ... ကျွန်တော်ဟာ ကြီးမောင်မဟုတ်သလို ခင်ဗျား ဘယ်သူလဲဆိုတာလည်း မသိဘူး။ ဒါပေမဲ့ ခင်ဗျား ခုဖြစ်နေတဲ့ဒုက္ခကို ကိုယ်ချင်းစာပါတယ်ဗျာ၊ ကြားဝင်တယ်လို့လည်း မထင်ပါနဲ့၊ အမှန်ဆို ကိုယ့်ချစ်သူက ဘယ်လောက်ပဲ တောင်းဆိုတောင်းဆို မိန်းကလေးဖြစ်တဲ့ ခင်ဗျားက ထိန်းရမှာလေ၊ ခင်ဗျားဗျာ ခေတ်မိန်းကလေးဖြစ်ပြီး ဆူဒိုနင်ရဲ့ ဆောင်းပါးတွေကို မဖတ်ဖူးဘူးလား။ ကဲ ... ခုတော့ ခင်ဗျားမှာ ဒုက္ခဖြစ်ရပြီ ပြီးတော့ ဗိုက်ထဲက ကလေးကလည်း"

"ဒီမှာ ... ရှင် ရှင် ဘာတွေပြောနေတာလဲ"

အရှက်နှင့်ဒေါသပေါင်းကာ အော်လိုက်သောအသံက နားထဲသို့ ဆောင့်ဝင်လာလေသည်။ ခန့်ပိုင်က ပျာပျာသလဲပဲ ...

"မရှက်ပါနဲ့ဗျာ ... ခင်ဗျားပဲ ပြောခဲ့တယ်လေ၊ ကြီးမောင်က သူ့ကိစ္စ သူတာဝန်မယူဘူးဆို"

စကားသံအဆုံးမှာ တစ်ဖက်က ခေတ္တတိတ်ဆိတ်သွားသည်။ ပြီးမှ အထစ်ထစ်အငေါ့ငေါ့လေသံဖြင့် ...

"ရှင် ... ရှင် ... ရှင် ဘယ်သူလဲ"

ဒီတစ်ခါတော့ ခန့်ပိုင် စိတ်တိုသွားရတော့၏။ တစ်ချိန်လုံး ကြီးမောင်လို့ စွပ်စွဲနေပြီး ခုကျမှ ဘယ်သူလဲဆိုပြီး လာမေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွဲမြီးတိုစွာဖြင့် ခပ်တည်တည် ပြန်ဖြေလိုက်၏။

"ဘယ်သူဖြစ်ရမှာလဲ၊ ခင်ဗျားပဲ ကျွန်တော့်ကို ကြီးမောင်ဆို ... ကြီးမောင်ပဲပေါ့"

"ရှင် ညာနေတာ"

"ဟာ ... တကယ်ပါဗျ"

ခန့်ပိုင်က တမင်ပြောပစ်လိုက်သည်။ ထိုအခါမှ ကောင်မလေးက မယုံသင်္ကာလေသံဖြင့် ...

"သွားစမ်းပါ ... ရှင် ခုနက ပြောသွားတာတွေက တလွဲတွေချည်းပဲ။ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာ မဟုတ်လား။ ကြီးမောင်နဲ့ ကျွန်မကိစ္စက အဲဒီလိုမဟုတ်ဘူး။ သေသေချာချာလည်း မသိဘဲနဲ့"

"ဟောဗျာ ... ဖြစ်ရပြန်ပြီ"

ရယ်ချင်သောလေသံနှင့် ခန့်ပိုင်က ပြောလိုက်၏။ ကောင်မလေးက လေသံတည်တည်လေးနှင့် ...

"ကျွန်မပြောတာကို သေချာနားထောင်၊ ကြီးမောင်ဆိုတဲ့ကောင်က ကျွန်မသူငယ်ချင်း။ မိဘတွေချင်းပါ ရင်းနှီးတယ်၊ အဲဒါ ဒီကောင် ဟိုတစ်ရက်တုန်းက ဘာစိတ်ကူးပေါက်လဲ မသိဘူး။ ကျွန်မကို စာပေးထားလို့ရှင့်"

စကားအဆုံးမှာ ခန့်ပိုင်က တဟက်ဟက် ရယ်လိုက်ပြီး ...

"ဩော် ... ဒီလိုလား။ နေစမ်းပါဦး ... ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ လာရှင်းပြနေတာလဲ"

"ရှင်းရမှာပဲလေ ... ရှင်က ပေါက်ကရတွေ ထင်ထားတော့ကိုး"

"အာ ... ခင်ဗျားတို့ကိုမှ ကျွန်တော် မသိတာဗျာ"

တစ်ဖက်မှအသံ ခဏတိတ်သွားသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင် ကြိုးမောင်မဟုတ်တာ သေချာပါတယ်နော်"

"သိပ်သေချာတာပေါ့၊ ကျွန်တော့်နာမည်က ခန့်ပိုင်တဲ့၊ ကြိုတုန်းလေး မှတ်ထားလိုက်ဦး"

ကောင်မလေးနှင့်စကားပြောရတာ ပျော်သလိုဖြစ်လာသည်မို့ ခန့်ပိုင်က ခပ်ရွှင်ရွှင်ပြောလိုက်သည်။

ကောင်မလေးက သိပ်မယုံသေးသောလေသံလေးဖြင့် ...

"ဒါဆိုရင် ရှင်က ကြိုးမောင်ရဲ့သူငယ်ချင်းတစ်ယောက်ယောက်များလား"

"အိုဗျာ ... ခင်ဗျားပြောတဲ့ ကြိုးမောင်ဆိုတာကို ကျွန်တော် လုံးဝမသိဘူး။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာရော ကျွန်တော့် ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်ထဲမှာပါ ကြိုးမောင်ဆိုတာ မရှိဘူး ... ရှင်းပါပြီနော် မအာဂုံ"

ဒီတစ်ခါတော့ တစ်ဖက်မှအသံက အတော်ကြာအောင် တိတ်ဆိတ်သွားသည်။ သို့သော် ဖုန်းလည်းမချသေးသဖြင့် ခန့်ပိုင်က ...

"ဒီမှာ ... ခင်ဗျား ဖုန်းကိုင်ထားသေးလား"

"ပြော် ... အင်း ... ချလိုက်တော့မယ်"

ပြောပြောဆိုဆို ဂွပ်ခနဲ ဖုန်းချသွားလေသည်။ ဘာလေးလဲဟ ဆိုပြီး ခန့်ပိုင်စိတ်ထဲ ကျလိကျလိ ဖြစ်ကျန်ခဲ့ရ၏။

ဖုန်းချပြီး နောက်ဘက်သို့လှည့်လိုက်တော့ စပ်ဖြဲဖြဲမျက်နှာတွေနှင့် ရပ်ကြည့်နေကြသော ကျော်ကိုနှင့် မျိုးဇော်ကို တွေ့လိုက်ရသည်။

ခန့်ပိုင် ဘာမှမပြောသေးခင်မှာပဲ ကျော်ကိုက ခပ်တည်တည် မေးလိုက်လာသည်။

"ကဲ မစ္စတာခန့်ပိုင် ... ဆိုစမ်းပါဦး။ ဖုန်းမှားဆက်တဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘာတွေပြောဖြစ်လိုက်ကြလဲ ဆိုတာကို''

လေပူတစ်ချက်ကို အရင်မှုတ်ထုတ်လိုက်ရသည်။ ပြီး ဆွဲဆောင်မှုရှိသော အသံလေးနှင့် ဘာတွေပြောဖြစ်သည်ဆိုတာကို ပြန်ပြောပြရန် ခန့်ပိုင် လည်ချောင်း ရှင်းလိုက်လေ၏။

ဒီနေရာမှာ ဖြတ်ပြောစရာရှိလာသည်။ သူတို့သုံးယောက်စလုံးသည် ရည်းစားမရှိသေးသော လူငယ်လေးတွေသာဖြစ်ပြီး သူတို့သုံးယောက်အထဲမှ မျိုးဇော်တစ်ယောက်သည်သာ ပိုးပန်းနေသည့် ကောင်မလေးတစ်ယောက် ရှိကြောင်းနှင့် ...

ခုလည်း ...။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟော့ကောင် ... တစ်ယောက်တည်း ငြိမ်ပြီး ဘာတွေစဉ်းစား နေတာလဲ"

ကင်တင်းမှာထိုင်ရင်း တွေးချင်တာတွေ တွေးနေမိသော ခန့်ပိုင် တစ်ယောက် ကျော်ကို့စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ ဘာမှ ပြန်မပြောခင်မှာဘဲ မျိုးဇော်က ဝင်၍ ...

"ဘာဖြစ်ရမှာလဲကွ ... မနေ့က ဖုန်းမှားဆက်တဲ့ကောင်မလေး အကြောင်းပဲ နေမှာပေါ့ ... ဟုတ်တယ်မဟုတ်လား ခန့်ပိုင်"

စကားအဆုံးမှာ ခန့်ပိုင်က မျက်ခုံးပင့်လိုက်ရင်း ...

"မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ ဟုတ်တယ်"

"ဘာ ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်စလုံး အူကြောင်ကြောင် ဖြစ်သွားကြ၏။ ကျော်ကိုက အရင် . . .

"မင်းစကားကြီးက ဘာတုန်းဟ"

ထိုအခါမှ ခန့်ပိုင်က မလိုအပ်ဘဲ ချောင်းတစ်ချက် အရင်ဟန့်လိုက်ပြီး . . .

"ဒီလိုလေ . . . မဟုတ်ဘူးဆိုတာက ခုနကတော့ ငါ့ဘာသာ တွေးချင်တာ တွေးနေမိတာပါ၊ ဒါပေမဲ့ မင်းတို့ပြောတော့မှ အဲဒီကောင်မလေးကို သတိရသွားလို့ကွ"

ခန့်ပိုင်စကားကြောင့် ကျော်ကိုနှင့်မျိုးဇော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် အရင် ကြည့်လိုက်မိကြသည်။ ပြီး ကျော်ကိုက . . .

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . . ဒါပေမဲ့ ဖုန်းမှားဆက်မိတာ သူသိသွားပြီဆိုတော့ ဇာတ်လမ်းက ဆက်ရန်မရှိတော့တာ ဆိုးတယ်ကွ"

ထိုစကားကြောင့် ခန့်ပိုင်က ပခုံးအသာတွန့်လိုက်ပြီး . . .

"ဟုတ်ပါတယ် . . . ငါ့ဘက်ကလည်း အဲဒီလောက်ကြီး မျှော်လင့် မထားပါဘူး၊ ဒါပေမဲ့ . . . အဖြစ်အပျက်က ပူပူနွေးနွေးဆိုတော့ သတိရသွားမိတယ် ဆိုရုံလေးပါ"

"ဪ . . . ဒီလိုလား၊ အဲဒါဆိုရင်တော့ ကောင်းတာပေါ့ကွာ ငါတို့က မင်းမှာ ဒီလိုကိစ္စမျိုး မရှိတော့ ဇာတ်လမ်းစောစောပြီးသွားတာကို နှမြောနေသလားလို့"

"မနှမြောပါဘူးကွာ . . . ဒီလိုပါပဲ"

ခန့်ပိုင်က လေသံအေးအေးနှင့် ပြန်ပြောလိုက်သည်၊ ထိုစကားကြောင့် မျိုးဇော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းကိုမေးရဦးမယ် ခန့်ပိုင် ... မင်း ဒီအသက် ဒီအရွယ် ရောက်နေပြီ ရည်းစားထားချင်စိတ်ကလေး ဘာလေး မပေါ်ဘူးလားကွ ... ဟေ"

ခန့်ပိုင် မျက်မှောင်တွန့်လိုက်မိသည်။ ပြီးမှ ...

"ဟာ ... အဲဒါက အတင်းလုပ်ယူလို့မှမရတဲ့ ကိစ္စလေကွာ၊ ပြီးတော့ ငါ စိတ်ဝင်စားတဲ့ကောင်မလေးမှ မတွေ့သေးတာကိုး"

"မသိပါဘူးကွာ ... မင်းဆီက ကောင်မလေးတွေနဲ့ပတ်သက်တဲ့ အသံတွေ ဘာတွေ တစ်ခါမှ မကြားဖူးတော့ အပုန်းစိတ်များ ဝင်နေလားလို့ပါ"

စကားအဆုံးမှာ ခန့်ပိုင် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်သည်။ ပြီး မကျေမချမ်းသေးသော အသွင်ဖြင့် ...

"မိုက်ရိုင်းလှချည်လားကွ၊ အေး ... မင်းမယုံရင်လည်း ယောကျ်ား စစ်စစ်ဆိုတာကို သက်သေပြမယ်လေ၊ လာ ... သွားရအောင်"

"ဟင် ... ဘယ်ကိုလဲ"

"တို့ရှိုင်းလက်ထဲကို"

"ဘာကွ"

မျိုးဇော် မျက်နှာကြီးက ချက်ချင်းဆိုသလို အီးမှန်သွားရသည်။ ဘာမှပြန်မပြောနိုင်သေးခင်မှာပဲ ခန့်ပိုင်က ...

"အဟဲ ... ငါလည်း ကြိုက်တဲ့ကောင်မလေးတွေ့ရင် ရည်းစားထားဖြစ်မှာပါကွ၊ ဒါပေမဲ့ မင်း ထက်ထက်မြင့်ကိုလိုက်သလို နွားသိုးကြိုးပြတ်တော့ မဟုတ်ဘူးပေါ့ကွာ"

ထက်ထက်မြင့်ဆိုသည့် နာမည်ကြားရုံမျှဖြင့် မျိုးဇော် မှာမျှာသလဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားရတယ်။ ချက်ချင်းပဲ မျက်နှာတစ်ခုလုံး ခွေးရိုပ်သန်းသွားပြီး ...

"အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ ထက်ထက်ကို ငါက ဟိုး အထက်တန်းကျောင်းတုန်းကပဲ ချစ်ခဲ့တာကွ"

ထိုစကားကိုတော့ ကျော်ကိုက နားကြားပြင်းကတ်ဟန်ဖြင့် ...

"အဲဒါက မင်းဘက်ကပဲ ဖြစ်နေတာလေ၊ ထက်ထက်က မင်းကို ခုချိန်ထိ လက်ခံသေးလို့လား။ ထားလိုက်စမ်းပါကွာ ... ခု ငါတို့ကျောင်းမှာ ထက်ထက့်ထက် လန်းတဲ့ကောင်မလေးတွေ အများကြီးပါပဲ၊ နောက်တစ်ယောက်ပြောင်းပြီး လိုက်စမ်းပါ ... ဘာမှ လွမ်းမနေနဲ့"

စကားအဆုံးမှာ မျိုးဇော်က ခေါင်းကို ခပ်ဖြည်းဖြည်းခါသည်။ မဖြစ်နိုင်ဘူးဆိုသည့်သဘော။ ပြီး လေးနက်သောအသွင်ဖြင့် စကားဆိုလာသေးသည်။

"အဲဒါကတော့ မင်းတို့ ကိုယ်တွေ့မကြုံဖူးကြလို့ပါကွာ၊ တကယ်တော့ အချစ်ဆိုတာ ပုံသဏ္ဌာန်ကြောင့် မဟုတ်ဘူးကွ၊ စိတ်ခံစားမှုနဲ့ အမြစ်တွယ် ထိုးထွက်လာတာ၊ ကူးစက်ခံစားတတ်လာတာမျိုးပါကွာ"

ထိုသို့ ဒဿနဆန်သည့်စကားကိုတော့ ရည်းစားမထားဖူးသေးသော ကျော်ကိုနှင့် ခန့်ပိုင်တို့လည်း နားမလည်ကြချေ။ ပိုလွန်းသည်ဟုသာ ထင်မိကြသည်။ ပြီး မျိုးဇော်၏ပုံစံကိုကြည့်ကာ ဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်တော့မည်ဆိုတာကို ရိပ်မိလိုက်ကြသဖြင့် ခန့်ပိုင်က အရင် ခပ်သွက်သွက်စကားဆိုလိုက်သည်။ ဒါမှပဲ ပြတ်မည်လေ။

"ကဲ ကဲ ... အတန်းသွားတက်ကြမယ်၊ ဒီမှာ ပိုက်ဆံရှင်းမယ်ဟေ့"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖုန်းက တဂွမ်ဂွမ် မြည်နေသည်။ မြည်တာမှ မကိုင်မချင်း မြည်နေမည့်ပုံစံ ဖြစ်သည်။

သို့သော် တစ်ယောက်မှ တုတ်တုတ်မလှုပ်ကြ။ သုံးယောက်စလုံး၏ နားထဲ၌ ဂွမ်းဆို့ထား၍ မဟုတ်ပါ။ ကျောင်းပိတ်ရက် အိမ်မှာ အပျင်းပြေ ကုလားကားကြည့်နေကြသဖြင့် ထမကိုင်ဖြစ်ကြခြင်းဖြစ်သည်။

ဖုန်းကလည်း မပြောမပြီးဆိုသလို မြည်နေသေးသဖြင့် နားပူလာသော ခန့်ပိုင်က ...

"တစ်ယောက်ယောက် သွားကိုင်ကွာ၊ ဒါမှမဟုတ်ရင်လည်း ဖန်တတုံး ယူလိုက်"

ဘယ်သူကမှ အလိုက်တသိနှင့် ဖုန်းသွားမကိုင်ကြ၍ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ ခန့်ပိုင်ကပဲ အံကြိတ်ကာ အန်စာတုံးယူလိုက်ရ၏။

ပြီး ခပ်သွက်သွက်ပဲ သုံးယောက်သား အန်စာလှိမ့်လိုက်ကြသည်။ ဖုန်းသွားကိုင်ရမည့်သူကတော့ အမှင့်အနည်းဆုံးကျသည့် ကျော်ကိုပင် ဖြစ်လေသည်။

"တောက် ... ဒီမှာ ရှုံးနေတဲ့ကြားထဲ ကံက ထပ်လာဆိုးသေးတယ်"

တဖျစ်တောက်တောက်ပြောရင်း ကျော်ကို ထသွား၏။ ခန့်ပိုင်တို့လည်း လက်ထဲမှာကိုင်ထားသော စက္ကူကတ်ပြားလေးတွေကို သူ့ဥပဒေသအတိုင်း ရှေ့နောက် စီစဉ်နေလိုက်သည်။

ခဏအကြာမှာပဲ ကျော်ကိုပြန်ရောက်လာသည်။ ရောက်ရောက်ချင်းပဲ ခန့်ပိုင်ကို အရေးတကြီးပုံစံနှင့်ကြည့်ကာ ...

"ဟေ့ကောင် ခန့်ပိုင် ... ကောင်မလေးတစ်ယောက် မင်းဆီကိုဆက်တာကွ၊ ဟိုတစ်ခါ ဖုန်းမှားဆက်တဲ့ ကောင်မလေးလား မသိဘူး"

ထိုစကားကြောင့် ခန့်ပိုင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ ချက်ချင်းပင် မစဉ်းစားဘဲ ဖုန်းသွားကိုင်လိုက်၏။ စကားသံကိုလည်း ချိုချိုသာသာလေး လုပ်ကာ ပြောလိုက်သည်။

"ဟာ ... ခင်ဗျား ဖုန်းဆက်တယ်နော်၊ ကျွန်တော်တောင် အရင်ရက်တွေက မျှော်နေမိသေးတာဗျ၊ ဖုန်းများ ထပ်ဆက်လာမလားလို့လေ"

တစ်ဖက်မှ စကားသံက ချက်ချင်းပြန်ထွက်မလာချေ။ မှင်တက်သွားပုံပေါ်သည်။ အတန်ကြာမှ ...

"ဘယ်ကောင်လဲကွ ... ပြောနေတဲ့အသံကိုက ဂျယ်ရီလို့ မတ်လိုလိုနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခန့်ပိုင်နားထဲ ထူပူပြီး ဖင်ပါရှုံ့သွားမိသည်။ တစ်ဖက်မှ ဝေါက်ဆတ်ဆတ်ပြောလာသူက ကိုယ်ထင်ထားသည့် ကောင်မလေးမဟုတ်။ ဦးရီးတော် ဦးအောင်သိန်း (သူကြီး) ပင် ဖြစ်လေသည်။

စိတ်ထဲမှ ကျော်ကိုအား အခါနှစ်ဆယ်လောက် တစ်တစ်ခွခွ ဆဲလိုက်ရင်း ဦးလေး ဦးအောင်သိန်းကိုတော့ လေပြေကလေးနှင့် ...

"ဗြော် ဦးလေးလား ... ဆောရီး ဆောရီး။ သူငယ်ချင်းတစ်ယောက်နဲ့ ဖုန်းချိန်းထားတော့ သူဆက်တာလားလို့လေ"

တစ်ဖက်မှ ဦးအောင်သိန်း(သူကြီး)၏ နှာမှုတ်သံကို အရင်ကြားလိုက်ရသည်။ ပြီးမှ ...

"အေး ... ငါကလည်း ကိစ္စရှိလို့ ဆက်လိုက်တာကွ"

"ဟုတ် ... ပြောပါဦး"

"မင်းအိမ်က မင်းအတွက် ပိုက်ဆံလှမ်းပို့လိုက်တယ်၊ အဲဒါ မင်းဖို့ဆီလာယူမှာလား၊ ဒါမှမဟုတ် ငါ မင်းတို့ဆီလာတော့မှ ယူလာပေးရမလားလို့ လှမ်းမေးတာ"

ခန့်ပိုင်က ချက်ချင်းပဲ ...

"ရပါတယ် ဦးရဲ့ ... ဦး ကျွန်တော်တို့ဆီလာတော့မှ ယူလာခဲ့လေ၊ ဒါနဲ့"

"အေး ... ပြော ဘာလဲ"

"ဗြော် ... အဲဒီပိုက်ဆံထဲက အိမ်လခကိုပါ တစ်ခါတည်း ဖြတ်ထားလိုက်လို့"

စကားအဆုံးမှာ လေးစက္ကန့်လောက် အသံတိတ်သွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ပုမနေနဲ့ … ငါ့ကိစ္စ ငါသိတယ်၊ ဟော့ကောင် … ဖုန်းဖိုးတွေလည်း သေသေချာချာ စုထားပေးနော်၊ ဒါနဲ့ ဟိုကောင်တွေရော ဘာလုပ်နေကြလဲ"

ကျော်ကိုတို့ကိုမေးခြင်းဖြစ်သည်။ ခန့်ပိုင် တစ်ချက်လှမ်းကြည့်ပြီး ပြန်ဖြေလိုက်၏။

"ရှိပါတယ် ဦးရဲ့ … ကျောင်းပိတ်ရက်ဆိုတော့ အိမ်မှာပဲ စုပြီးဖဲရိုက် အဲ … ကုလားကားကြည့်နေကြတာ"

"ဟော့ကောင်တွေ ကောင်းကောင်းနေကြနော်"

"ခြော် … စိတ်ချပါ ဦးရယ်၊ ဟဲ ဟဲ … ဒါပဲနော်"

ခန့်ပိုင်က အရင်ဖုန်းချပစ်လိုက်သည်။ ဦးလေး ဦးအောင်သိန်း (သူကြီး) က ပြောလို့ရသည်မဟုတ်။ ပြောရင်း စိတ်ပါလာလျှင် ကိုယ့်နား နှစ်ဖက်စလုံး ထူပူရောင်ကိုင်းသွားနိုင်သည်။

ဟိုကောင်တွေအနားပြန်ရောက်တော့ စပ်ဖြီးဖြီးလုပ်နေသော ကျော်ကိုအား စောင်းငမ်းငမ်းကြည့်ကာ …

"မင်းက ကျပ်တယ်ပေါ့ … ဟုတ်လား။ တွေ့မယ်"

"ဟဲ ဟဲ … မင်း အညောင်းပြေအောင် လုပ်ပေးလိုက်တာပါကွာ"

ခန့်ပိုင်က ဘာမှမပြောတော့ဘဲ လက်ထဲမှာကိုင်ထားသည့် ကတ်ပြားလေးတွေကို ပြန်ကြည့်လိုက်သည်။

ထိုအချိန်မှာပဲ …

'ကလင် ကလင်'

ဖုန်းမြည်လာပြန်ခြင်းဖြစ်သည်။ ခန့်ပိုင်စိတ်တိုစွာဖြင့် အနီးစာတုံးကို ယူလိုက်ရပြန်၏။ ဒီတစ်ခါ ကံဆိုးသူကလည်း ကျော်ကိုပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ခေါက်ကလိုပဲ ဖုန်းသွားကိုင်ပြီး ကျော်ကို ပြန်ရောက်လာပါသည်။ ပြီး အရင်တစ်ခေါက်ကဲ့သို့ပင် ခန့်ပိုင်အား အရေးတကြီးပုံစံဖြင့်ကြည့်လျက် ...

"ဒီတစ်ခါတော့ မင်းဆီကို ကောင်မလေးတစ်ယောက် တကယ်ဆက်တာကွ၊ ခန့်ပိုင်နဲ့ပြောချင်လို့တဲ့"

စကားအဆုံးမှာ ခန့်ပိုင်က ခေါင်း အသာခါလိုက်ရင်း ...

"တစ်ခါပဲရမယ် ကျော်ကို ... ဆောရီးပဲ"

ထိုသို့ပြန်ပြောလိုက်သည်ကိုပင် ကျော်ကိုက ...

"ဟာ ... ဒီတစ်ခါ မင်းကို တကယ်ပြောတာပါကွ။ ကျုပ်တယ်ဆိုရင် ငါ့ကိုလုပ်ချင်တာလုပ်ကွာ"

ကျော်ကိုကတော့ သူ မကျုပ်ကြောင်း ခန္ဓာကိုယ်နှင့်ရင်းကာ အာမခံနေသည်။ ခန့်ပိုင်အနေဖြင့် ကျော်ကိုလိုကောင်မျိုးကိုလည်း ဘာမှ မလုပ်ချင်ပါ။ သို့သော်လည်း ဒီတစ်ခါတော့ မကျုပ်လောက်ဖူးဟု ယူဆမိသဖြင့်..

"အေး ... မင်းစကား မင်းမှတ်ထားနော်"

ပြောပြီး အသာထကာ ဖုန်းသွားကိုင်လိုက်သည်။ ဟလိုဟု ထူးလိုက်သော်လည်း တစ်ဖက်က ဘာမှပြောမလာသဖြင့် ...

"တောက် ... ဒီကောင်တော့ ကျုပ်ပြန်ပြီကွာ"

စုပ်ပွ ရေရွတ်ရင်း ကျော်ကိုအား စိတ်ထဲမှ ကျိန်ဆဲလိုက်မိသည်။

ထိုအချိန်မှာပဲ တစ်ဖက်မှ ...

"ဟလို ... ဟိုလေ ... ရှင် ... ရှင်က ခန့်ပိုင်ဆိုတဲ့လူ ဟုတ်ပါသလားနော်"

"ဟင်"

www.burmeseclassic.com



ခန့်ပိုင် တကယ်ပဲ အံ့သြသွားရသည်။ တစ်ဖက်က ပြောနေသည့် အသံကလေးကိုလည်း ပြန်မှတ်မိသွား၏။

ထို့ကြောင့် ချက်ချင်းပင် ...

"ဟင် ... ခင် ခင်ဗျားက အရင်တစ်ခါ ဖုန်းမှားဆက်တဲ့ တစ်ယောက်မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် ... ဒါပေမဲ့ ဖုန်းမှားဆက်တာတော့ မဟုတ်ပါဘူး။ ရှင် အခုပြောနေတဲ့နံပါတ်က အရင် ကြီးမောင်ကိုင်ခဲ့တဲ့ ဖုန်းလေ၊ သူ အဲဒီဖုန်းရောင်းလိုက်တာကို ကျွန်မ မသိလိုက်ဘူး။ ပြီးတော့ ရှင့်အသံနဲ့ ကြီးမောင်အသံနဲ့ကလည်း ဆင်နေတော့ ..."

ထိုအချိန်မှာပဲ ခန့်ပိုင်က စကားဖြတ်၍ ...

"အိုကေ အိုကေ ... သဘောပေါက်သွားပြီ၊ ဒါနဲ့ ခု ကြီးမောင်က ခင်ဗျားကို နှောင့်ယှက်နေသေးလို့လား"

"ဘယ်ကလာ ... အဲဒီကောင်ရဲ့အဖေကို ကျွန်မတိုင်ပြောလိုက်ပြီရှင့်၊ ကျွန်မရှေ့မှာပဲ ကြီးမောင်ကို သူ့အဖေက ဖက်ပိုးအုပ်လိုက်တာ ဖြောင်းခနဲပဲ"

အသံလေးကတော့ ကြီးမောင် ခေါ်ပလော်တီးခံရတာကို အတော်အားရကျေနပ်နေပုံရသည်။

ခန့်ပိုင်က ...

"အင်း ... ကောင်းတာပေါ့၊ ဒါပေမဲ့ တစ်ခုလောက်တော့ မေး ကြည့်မယ်နော်၊ ခင်ဗျား ခုလိုတိုင်လိုက်တာက ရှက်လို့လား။ ဒါမှမဟုတ် အဲဒီ ကြီးမောင်ကို စိတ်မဝင်စားလို့လား"

"နှစ်ခုစလုံးပဲ ... ကြီးမောင်ဆိုတဲ့ကောင်ကို ယောက်ျားလို့ကို မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာ ခုလို အနှောင့်အယှက် ကင်းသွားတာကို သိရလို့ ဝမ်းသာပါတယ်"

စကားအဆုံးမှာပဲ တစ်ဖက်မှ ကောင်မလေးက ...

"ကဲ ... အဲဒါဆိုလည်း ဒါပဲနော်၊ ရှင့်ကို ကြီးမောင်လို့ထင်ပြီး ပြောမိတာ ဆောရီးလို့ တောင်းပန်ချင်လို့ပါ"

ခန့်ပိုင်စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ... ဒွေးဟူဟူ ဖြစ်သွားရသည်။ ဒီအတိုင်းဆိုလျှင်ဖြင့် ကောင်မလေးနှင့် ဖုန်းထပ်ပြောဖို့ဆိုတာက အခွင့်အရေးမရှိနိုင်တော့ပြီ။

ထိုသို့တွေးလိုက်မိပြီး ခန့်ပိုင်က နမြော်တသသစွာဖြင့် ...

"ဒါ ဒါဆိုလည်း မဆောရီးပါနဲ့လားဗျာ၊ မှားလက်စနဲ့ နောက်နှစ် ခါလောက် ထပ်မှားပါဦးလား"

"အန် ... ဘာဖြစ်လို့လဲ"

ကောင်မလေးက နဝေတိမ်တောင် လေသံကလေးဖြင့် ပြန်မေး သည်။ ခန့်ပိုင်က ...

"ခြော် ... ခင်ဗျားနဲ့ စကားပြောနေရင်းက အတွေးတစ်ခု ဝင် လာတယ်ဗျ၊ ပထမတစ်ခါ မှားတာက မတော်တဆ၊ ဒုတိယ တစ်ခါမှားရင် ရိုက်ဆိုင်တာ၊ တတိယတစ်ခါမှားရင်တော့ လုပ်ကြံတာဆိုတဲ့ စကားလေးပါ။ အဲဒီအတိုင်း ခင်ဗျားနောက်တစ်ကြိမ်လောက် ထပ်မှားလိုက်ပါလားဟင်"

ပထမတော့ ကောင်မလေး ကြောင်သွားပုံပေါ်သည်။ နောက်မှ စဉ်းစားမိသွားသည်လား မသိ။ ဘောက်ဆတ်ဆတ်ကလေး ပြန်ပြောသ သည်။

"အောင်မယ် ... ရှင့်ဆီကိုများ ကျွန်မက လုပ်ကြံပြီး ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုးမှာပေါ့ . . . ဟုတ်လား"

"အဲဒီလိုလည်း တစ်ဖက်သတ်ကြီး မတွေးပါနဲ့ဗျာ၊ ကျွန်တော့်ဘက်က ဆက်ချင်ပေမယ့် ခင်ဗျားခွင့်မပြုရင် ဘယ်ဆက်လို့ကောင်းမှာလဲ၊ အဲဒါကြောင့် တောင်းဆိုနေတာပါ"

တစ်ဖက်မှ အတန်ကြာအောင် ငြိမ်သက်သွားသည်။ စဉ်းစားနေပုံလည်း ရ၏။ ဒီဘက်က စဉ်းစားခံရသူမှာတော့ ရင်တလှပ်လှပ်နှင့်။

အတန်ကြာပြီးသည့်အချိန်မှာတော့ သက်ပြင်းပါးပါးချသံလေးကို အရင်ကြားလိုက်ရသည်။ ပြီး စကားသံတိုးဖွဖွကိုလည်း ဆက်ကာ ကြားလိုက်ရ၏။

"အင်း . . . ကျွန်မ စဉ်းစားဦးမယ်လေ၊ ဒါပဲနော်"

ဖုန်းချသွားလေပြီ။ ခန့်ပိုင် ငိုင်တွေကာ ငြိမ်သက်နေမိသေး၏။

မည်သို့ပင်ဖြစ်စေ . . . ထိုစကားသည် ဇာတ်လမ်းတစ်ခု၏ အဆုံးသတ်မဟုတ်မှန်းတော့ ခန့်ပိုင် နားလည်လိုက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒီအတိုင်းဆိုရင် အခြေအနေက မဆိုးဘူးပဲကွ"

ကျော်ကို စကားဆုံးဆုံးချင်းမှာ ခန့်ပိုင်က အားမလိုအားမရဟန်ဖြင့်

"ဘယ်ကလာ မဆိုးဘူးရမှာလဲကွာ . . . ဆိုးတာပေါ့"

"ဟာ . . . ဘယ်မှာဆိုးလို့လဲ၊ မင်းဆီကို ဖုန်းဆက်ဖို့ သူစဉ်းစား[illegible] ပြောသွားတာပဲဟာကို"

ထိုစကားကို ခန့်ပိုင်က စောဒကတက်လိုက်သည်။

"မဟုတ်သေးဘူးလေ . . . ဆိုးတယ်လို့ပြောတာက သူစဉ်းစား[illegible]ပြောပြီး ဖုန်းဆက်မလာလို့ကွ"

ကျော်ကိုက ခန့်ပိုင်ကို သနားသလို ကြည့်လိုက်သည်။ မျိုးဇော်က

www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ ...

"ဒါဆိုရင်လည်း မင်းဘက်ကပဲ 'စ' ဆက်လိုက်လေကွာ၊ ဖုန်းနံပါတ်က သူဆက်တုန်းက ဒီဘက်မှာပေါ်တယ် မဟုတ်လား"

ခန့်ပိုင်က သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မဖြစ်သေးပါဘူးကွာ ... ဖုန်းနံပါတ်သိပေမယ့် သူ့နာမည်မှ ငါ မသိတာ၊ ပြီးတော့ သူစဉ်းစားဦးမယ်ဆိုတဲ့စကားကို ငါက လက်မခံဘဲ ချိုးဖောက်သလို ဖြစ်သွားမှာပေါ့"

"ဟုတ်တယ် ခန့်ပိုင် ... မင်းစဉ်းစားတာ မှန်တယ်ကွ၊ မင်းဘက်က မနေနိုင်လို့ ဆက်လိုက်တယ်ထားဦး ... သူ မင်းကို အထင်သေးသွားမှာ သေချာတယ်"

ကျော်ကိုက စဉ်းစဉ်းစားစားဟန်နှင့် ပြောလာသည်။ ထိုအခါ မျိုးဇော်က ...

"ကဲ ... ထားပါတော့၊ ဒါဆိုရင် မင်း ဘယ်လိုလုပ်ဖို့ စဉ်းစားထား လဲ"

ခန့်ပိုင်က ပခုံးတွန့်လိုက်သည်။ ပြီး ...

"ဘာမှတော့ မစဉ်းစားဘူးလေ ... ဒီအတိုင်းစောင့်နေရုံပဲ ရှိတော့ တာပေါ့"

"စောင့်တာက စောင့်လိုရပါတယ်၊ ဒါပေမဲ့ သူ့ဘက်က ထပ်ဆက် မလာဘူးဆိုရင် မင်း ဒီအတိုင်းပဲ နေလိုက်တော့မှာပေါ့ ... ဟုတ်လား"

ထိုစကားကိုတော့ ခန့်ပိုင်က မင်းပြောတဲ့အတိုင်းပဲဆိုသည့်သဘော နှင့် ပခုံးထပ်ကာတွန့်ပြလိုက်လေသည်။

ထိုစဉ် အချိန်မှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com


'ကလင် ကလင်'

ဖုန်းမြည်လာခြင်းဖြစ်သည်။

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် အရင်ကြည့်မိလိုက်ကြ၏။ ဒီတစ်ခါတော့ ဘယ်သူဘယ်ဝါကိုင်ဆိုပြီး ငြင်းခုန်မနေကြတော့ဘဲ ဖုန်းရှိရာသို့ သုံးယောက်စလုံး အပြေးအလွှား ရောက်သွားကြသည်။

တစ်ဖက်မှ ဆက်လာသောနံပါတ်ကို ကြည့်လိုက်ကာ ခန့်ဝိုင်က အံ့သြဝမ်းသာသောပုံစံဖြင့် . . .

"ဟာ . . . သူ သူဆက်တာကွ"

ပြောရင်းပင် ဖုန်းခွက်အား ခပ်သွက်သွက် ကောက်ကိုင်လိုက်လေသည်။

"ဟလို"

■


www.burmeseclassic.com

www.burmeseclassic.com

အသံလှိုင်းကလေးတစ်ခုဟာ
အမည်မသိတဲ့ဒေသကနေ
ကျွန်တော့်ဆီ
မတော်တဆ ဝဲပျံရောက်ရှိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမတော်တဆ လေညှင်းလေးကိုပဲ
ကျွန်တော့်မှာ
မက်မက်မူးမူးတမ်းလင့်လို့ ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟလို ... ခုပြောနေတာ ခန့်ပိုင်လား"

"ဟုတ် ... ဟုတ်ပါတယ်၊ ဝမ်းသာလိုက်တာဗျာ ... ခင်ဗျား ကျွန်တော့်ဆီကို ဖုန်းဆက်တယ်နော်"

စကားမဆုံးခင်မှာပဲ ကောင်မလေးက ဝေ့ါသံကလေးဖြင့် ...

"ဩော် ... ဖုန်းဆက်လို့ပဲ ခုစကားပြောနေတာပေါ့၊ ဒါနဲ့ နေစမ်းပါဦး ... ရှင်က ကျွန်မကိုတောင် မမြင်ဖူးဘဲနဲ့ ဘာဖြစ်လို့ ဖုန်းဆက်စေချင်ရတာလဲ"

ခန့်ပိုင် အကျပ်ရိုက်သွားရသည်။ ထိုအမေးကို ရုတ်တရက် ဘယ်လိုပြန်ဖြေရမည်မှန်းမသိ၊ ဦးနှောက်ကို အမြန်အလုပ်ပေးလိုက်ရ၏ ...

"အဲ ... ဒီလိုလေ ခင်ဗျားနဲ့ကျွန်တော်က မမြင်ဖူးပေမယ့် လည်း

www.burmeseclassic.com

ရေစက်ပါလို့ တိုက်တိုက်ဆိုင်ဆိုင် သိရတာကို။ တစ်ယောက်နဲ့ တစ်ယောက် အဲလိုခင်ရတာ ဘယ်လောက်ကောင်းလဲ"

ဘေးနားမှာနားထောင်နေကြသော သူငယ်ချင်းတွေကိုပင် မရှက်နိုင်ဘဲ ခန့်ပိုင် ပြောလိုက်မိသည်။ သို့သော် ကောင်မလေးက …

"အံမယ် … အဲဒီလို ဇာတ်လမ်းတွေက ရှိနေပြီ … သိလား။ ခုကော ရှင့်ကို ဘယ်သူက ခင်တယ်လို့ ပြောလို့လဲ"

"အင်"

ခန့်ပိုင် နင်သွားရသည်။ တစ်ဆက်တည်းမှာပင် ကောင်မလေးထံမှ တခစ်ခစ် ရယ်သံကို ကြားလိုက်ရပြီး …

"ဘာလဲ … စိတ်ညစ်သွားတာလား။ ရှင် ကျွန်မနဲ့ သူငယ်ချင်း ဖြစ်ချင်ရင်တော့ ကျွန်မတို့နှစ်ယောက် အပြင်မှာ တွေ့ဖူးမှဖြစ်မှာရှင့်"

ခန့်ပိုင် တွေခနဲဖြစ်သွားရ၏။ ကိုယ့်ဘက်က ဖုန်းနှင့် အီဗိုလောက်ပဲ စဉ်းစားရသေးသည်။ တစ်ဖက် ဒွဲကြီးပြန်ပြောလာ၏။

ကြည့်ရတာ ကောင်မလေးကတော့ ခပ်နုံနုံမဖြစ်နိုင်ချေ။ ခုပဲ အပြင်မှာ တွေ့ရဲလားလို့ မေးနေပြီ။

စဉ်းစားရင်း ငြိမ်သွားသည်ကို ကောင်မလေးက ဘယ်လိုထင်သည် မသိ။ စကားသံက ထပ်ထွက်လာသည်။

"ဘာလဲ … ကျွန်မကိုတွေ့ရင် ပုံဆိုးပန်းဆိုးကြီးများ ဖြစ်နေမလား လို့ တွေးမိပြီး တွေ့ရမှာကို လန့်သွားတာလား"

"အာ … အဲဒီလို မဟုတ်ရပါဘူးဗျာ"

ချက်ချင်း မှာမှာသလဲ ပြန်ပြောလိုက်သည်ကိုပင် ကောင်မလေးက …


www.burmeseclassic.com

www.burmeseclassic.com


"ဪ . . . ဒါဆို သိပြီ ရှင့်ရုပ်က တော်တော်ဆိုးနေလို့ မတွေ့ချင်တာလား။ ရပါတယ်ရှင် . . . သူငယ်ချင်းအဖြစ် တွေ့တာပဲ"

ထိုစကားကိုတော့ ခန့်ပိုင် အနည်းငယ် မခံမရပ်နိုင် ဖြစ်သွားရရှင်း . . .

"ဘယ်ကလာဗျာ . . . ကျွန်တော့်ရုပ်ရည်ကလည်း မခေပါဘူးဗျ။ ခန့်ပိုင်ဆိုတဲ့နာမည်အတိုင်း ခန့်ခန့်သန့်သန့်ရုပ်ရည်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ရထားတာပါဗျ . . . အဟီး"

ဒီတစ်ခါလည်း ဘေးနားက ကျော်ကိုတို့ကို မရှက်နိုင်အားဘဲ ပေါ်တောတော ပြန်ပြောလိုက်မိသည်။ စကားအဆုံးမှာပဲ ကောင်မလေးက . . .

"အင်း . . . ကြီးမောင်ကတော့ ရှင်နဲ့အသံတူသလျောက် ရုပ်က ခပ်တုံးတုံးရှယ်"

"ဟာဗျာ . . . အသံတူတိုင်း ရုပ်မတူနိုင်ပါဘူးဗျာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ . . . ရှင့်ရဲ့ရုပ်ရည်က မခေဘူးဆိုတာကို လတ်တလော ကျွန်မ လက်ခံလိုက်မယ်၊ ကျွန်တာကတော့ နှစ်ယောက်ချင်း တွေ့ပြီးမှ ဆက်ပြောကြတာပေါ့"

"သိပ်ရတာပေါ့ဗျာ . . . ဒါဆိုရင် ကျွန်တော်တို့ ဘယ်လိုချိန်းတွေ့ကြမှာလဲ"

"ဘာရှင့်"

"ဪ . . . ကျွန်တော်တို့နှစ်ယောက် အပြင်မှာတွေ့ဖို့ ဘယ်လိုချိန်းမှာလဲလို့မေးတာ"

"ပြောမှာပေါ့ . . . ဘယ်လိုဖြစ်လို့ လောနေတာလဲ၊ ဒါနဲ့ ရှင်က ကျောင်းသားလား"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ကျွန်တော်က (. . .) တက္ကသိုလ်မှာ တက်နေတာဗျ"

"မေဂျာက"

"သမိုင်း"

"ဟုတ်လား . . . ကျွန်မကလည်း အဲဒီမှာတက်တာပဲရှင့်၊ ဒါပေမဲ့ ရှင့်လို သမိုင်းတော့ မဟုတ်ဘူး"

ဒါဆိုရင် ပထဝီလား၊ ဗေဒလား ဘာလား ညာလားဟု ခန့်ပိုင် ပြန်မေးမနေတော့။ လိုအပ်တာကိုပဲ ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ . . . ခင်ဗျားနဲ့ကျွန်တော်တော့ တွေ့ကြပြီပေါ့"

"ဘယ်လို ဘယ်လို"

"ဪ . . . ကျောင်းချင်းတူတော့ တွေ့ရတာ အဆင်ပြေတာပေါ့လို့ပြောတာ . . . အဟဲ"

"ဟွန်း . . . ရှင်နော်၊ စကားပြောရင် နောက်တီးနောက်တောက် မလုပ်နဲ့"

"ဟုတ်ကဲ့"

"ဒါဆိုလည်း ဆက်ပြောမယ်၊ မနက်ဖြန်ကျရင် ရှင်နဲ့ကျွန်မ နေ့လယ် နှစ်နာရီလောက် ဖလော်ကင်တင်းမှာ ဆုံမယ်လေ"

စကားအဆုံးမှာ ခန့်ပိုင်က တစ်ချက်စဉ်းစားလိုက်ပြီး . . .

"ဆုံတာက ဟုတ်ပါပြီ၊ ဒါပေမဲ့ ခင်ဗျားနဲ့ကျွန်တော်က တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူးကြတော့ ဘယ်လိုလုပ်မှာလဲ"

"ပြောမယ်လေ၊ မနက်ဖြန် ရှင်စောင့်နေတဲ့အခါ ရှင့်ကို ရှင်မှန်း သိသာအောင် တစ်ခုခု လုပ်ထားပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ခန့်ပိုင် တွန့်သွားရသည်။ ကိုယ့်ကိုယ်ကိုယ် သိသာထင်ရှားအောင် ဘာလုပ်ထားရမည်လဲ။ ခေါင်းတုံးပဲ ပြေးတုံးလိုက်ရမလို ဖြစ်သည်။ ပြီးမှ တစ်ခု စဉ်းစားမိလိုက်ရင်း ...

"ဘာလဲ ... ဟို ရင်ဘတ်မှာ နှင်းဆီပန်း ထိုးထားရမှာလား။ မလုပ်နိုင်ဘူးနော်၊ အဲဒါက အရင်တုန်းက မိုလ်ချုပ်ဈေးမှာ ဟိုဟာ"

စကားပင် မဆုံးလိုက်။ ကောင်မလေးက ဖြတ်၍ ...

"နေစမ်းပါဦးရှင် ... ရှင်မသိရင်လည်း ဘာလုပ်ရမှာလဲဆိုတာ ကျွန်မပြောမယ်၊ ကဲ ဒီလိုလုပ် ... မနက်ဖြန်ကျရင် ရှင် ပင်နီတိုက်ပုံအင်္ကျီနဲ့ ယောပုဆိုးကိုဝတ်ပြီး အဲဒီကင်တင်းမှာထိုင်နေ၊ ပြီးတော့ ရှင့်ရှေ့မှာ စာအုပ်သုံးအုပ်ချထား။ အဲဒီစာအုပ်ပေါ်မှာ ဘောပင်အနက်နဲ့အနီ နှစ်ချောင်းရှိရမယ်၊ နောက်ပြီးတော့ ကော်ဖီမစ်တစ်ခွက် မှာသောက်နေလိုက်၊ ဒါလောက်ဆို ကျွန်မလည်း ရှင့်ကို လူမမှားလောက်တော့ပါဘူး"

အတော့်ကို မလွယ်သည့်ကောင်မလေး ဖြစ်သည်။ သူနှင့် တစ်ခါလေး ဆုံရမည့်အရေးကို လုပ်ခိုင်းတာတွေက မနည်းလှ။

ထို့ကြောင့် ခန့်ပိုင်က ...

"ကော်ဖီမစ်တော့ မလုပ်နဲ့ဗျာ"

"ဘာလဲ ... ပြင်းလို့လား။ အင်း ... အပျော့ကြိုက်ရင်တော့ ရေတစ်ဘူးမှာပြီး ထိုင်နေလိုက်ပေါ့"

"အင်း ... အဲလောက်တော့ ဖြစ်ပါတယ်"

"ဟုတ်ပြီလေ ... ဒါဆိုလည်း ဖုန်းချလိုက်တော့မယ်"

"ဆီးယူ ဆီးယူ"

www.burmeseclassic.com

www.burmeseclassic.com



ခန့်ပိုင်က အပိတ်စကားကို ဘိုလိုမှတ်ပစ်လိုက်သည်။ တစ်ဖက်က တော့ ဘယ်လိုမှကိုမမှတ်ဘဲ ဖုန်းချသွားလေ၏။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ ထိုကောင်မလေးနှင့် တွေ့ရတော့မည်လေ။

ထိုအတွေးနှင့် ခန့်ပိုင်က ကျော်ကိုတို့ဘက်ကို မျက်နှာမူလိုက်ပြီး ...

"မင်းတို့လည်း တစ်စွန်းတစ်စတော့ ကြားမှာပေါ့ကွာ၊ ဖုန်းမှား ဆက်တဲ့ ကောင်မလေးက ငါနဲ့တွေ့ချင်လို့ဆိုပြီး ချိန်းတာကွ ... ဟဲ ဟဲ"

မာန်တက်သောလေသံနှင့် ဟန်ပါပါ ပြောလိုက်သည်။ စကားအဆုံး မှာပဲ ကျော်ကိုက မှုန်တေတေကြည့်လာပြီး ...

"ကြားပါတယ်၊ တစ်စွန်းတစ်စတောင် မဟုတ်ဘူး ... တော်တော် ကြီးကို ကြားတာ၊ ဟိုဘက်က ကောင်မလေးက မင်းကိုသာ ဘယ်မှာစောင့် ဘာတွေဝတ်လာဆိုပြီး ခိုင်းတာ၊ သူကျတော့ ဘာဝတ်လာမယ်လို့ မင်းကို ပြောသွားလဲ"

ခန့်ပိုင် တွေခနဲဖြစ်သွားရ၏။ ဟုတ်သည်ပဲ။ ကိုယ်လုပ်ရမည့်ဟာ တွေကိုပဲ ဒင်းကလေးက တောက်လျှောက်ကြီး ပြောချသွားသည်။ သူ ဘယ်လိုလာမည်ဆိုတာကို မမေးလိုက်ရ။

ထိုသို့ စဉ်းစားနေချိန်မှာပဲ မျိုးဇော်က ...

"ပြီးတော့ ကျန်သေးတယ်"

"ဟင် ... ဘာများလဲ"

"တကယ့် အရေးကြီးတာကိုမှ မင်းက မမေးလိုက်ဘူးလေ"

"အေး ... ဟုတ်ပါပြီ၊ ဘာများလဲလို့"

ခပ်ဆတ်ဆတ်ပြန်မေးလိုက်သော ခန့်ပိုင်ကို မျိုးဇော်က အောက်

www.burmeseclassic.com

www.burmeseclassic.com



သိုးသိုးလေသံဖြင့် ...

"ဘာဖြစ်ရမှာလဲကွ၊ မင်းနဲ့တွေ့ရမယ့် ကောင်မလေးရဲ့ နာမည်လေ၊ နာမည်လေးတောင် မင်းက မေးလိုက်မိလို့လား"

"ဟော"

ခုနက မာန်တက်မိသော ခန့်ပိုင်တစ်ယောက် ကိုယ့်နဖူး ကိုယ် ခပ်ဖွဖွ ရိုက်မိတော့သည်။ အင်းပေါ့လေ ... ကောင်မလေးတွေနဲ့ ပတ်သက်ခဲ့တဲ့ အတွေ့အကြုံတွေကလည်း များတာကိုး။

မည်သို့ပင်ဖြစ်စေ ...။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မည်သို့ပင်ဖြစ်စေ . . .

ဒီနေ့ ခန့်ပိုင်စိတ်တွေ လှုပ်ရှားနေမိသည်။ ကင်တင်းမှာ တစ်ယောက်ည်းထိုင်ရင်း စိတ်တွေလှုပ်ရှားနေခြင်းလည်း ဖြစ်၏။ ဘာလုပ်ရမည်မှန်းည်း မသိသဖြင့် မှာထားသောရေသန့်ဘူးထဲမှ ရေကိုပဲ ခဏ ခဏာက်နေမိသည်။ ပြီး တိုက်ပုံအင်္ကျီဝတ်ကာ ထိုင်နေရတာကလည်း မသိင့် ဆရာလိုလို ဘာလိုလိုဖြစ်နေသည်။ စိတ်ထဲမှာတော့ ရှိုးတိုးရှန်းတန်း [illegible] ဇင်ကြား ခဲညှပ်သလို ခံစားနေရတာကလည်း အမှန်ပင်။

ဘယ်သူဘယ်ဝါမှန်းမသိသော ကောင်မလေးကို စောင့်နေခြင်းဖြစ်ည်း နာရီကြည့်လိုက်တော့ နှစ်နာရီကိုပင် ငွေ့ငွေ့ကလေး စွန်းနေပြီ။ ာလေးက ချိန်းထားပြီး ခုထိရောက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



လာရင်ကော ဘယ်လိုဖြင်ရမှာလဲ။ ဖက်တီးပုတ်ကြီးဆိုလျှင်တော့ သွားပြီ။ ထိုကဲ့သို့ဆိုလျှင်ဖြင့် သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် လုပ်လိုက်ရတော့မည်ဟု ခန့်ပိုင် မစာမနာ တွေးနေမိ၏။

ထိုသို့စောင့်ရင်း နှစ်နာရီသာ ခွဲသွားသည်။ ကောင်မလေးက ပေါ်မလာသေး။ မှာထားသော ရေသန့်တစ်ဘူးလည်း ကုန်သွားပြီ။ အရေးထဲ ဆီးတင်းလာသဖြင့် နောက်ထပ်မမှာရဲ၊ ထပြီးဆီးသွားရအောင်လည်း ကောင်မလေးနှင့် လွဲသွားမှာကို စိုးရိမ်နေမိသည်။ သို့နှင့် အသာထိန်းပြီး စောင့်နေလိုက်၏။

ထိုအချိန်မှာပဲ ကောင်မလေးသုံးယောက် အလိုအလျောက် ရောက်ရှိလာပြီး သူ့ရှေ့ခုံမှာ ဖိုးဖိုးဆတ်ဆတ် ဝင်ထိုင်လိုက်ကြသောကြောင့် ခန့်ပိုင် ကြောင်အမ်းသွားရသည်။ စိတ်ထဲမှာလည်း လာကြပြီပေါ့ဟု တွေးလိုက်မိ၏။ ထိုသုံးယောက်ထဲမှာမှ အလယ်က ကောင်မလေးက ထူးထူးခြားခြား ပေါ်လွင်လှပသည်။ ရင်ထဲမှာ လုပ်ခနဲ ဖြစ်သွားရပြီး ဒီ့ကိုချိန်းတာ သူကလေးများလားဟူ၍ သာသာထိုးထိုး တွေးလိုက်စဉ်မှာပဲ . . .

"တွေ့ရတာ ဝမ်းသာပါတယ်"

ထိုကောင်မလေးက အရင်နှုတ်ဆက်လာခြင်း ဖြစ်သည်။ ခန့်ပိုင် စိတ်ထဲမှာ အူမြူးသွားရရင်း . . .

"ဟုတ်ကဲ့ . . . ခလိုတွေ့ရတာကို ကျွန်တော်ကလည်း ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ နာမည်က"

သေချာနေပါပြီဟုတွေးကာ ပြုံးရင်း နာမည်မေးလိုက်၏။ ဒီ့ကိုဝင်ရမည်လေ။

စကားအဆုံးမှာ ကောင်မလေးက တုံ့ပြန်အပြီးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ... ဆရာက သမီးတို့နာမည်ကို ဘယ်သိဦးမှာလဲ ဒါနဲ့ ဆရာက ဖလော်ဌာနကို အသစ်ပြောင်းလာတဲ့ ဆရာရဲကျော်မြင့် ဟုတ်ပါတယ်နော်"

မဟုတ်ပါ။ ဟုတ်တယ်လို့လည်း မဆိုလိုပါ။ ရုတ်တရက် ခန့်ပိုင် အငိုက်မိသွား၏။ မျက်မှောင်တွန့်ရင်း စဉ်းစားလိုက်သည်။ ဒီကောင်မလေး ခပ်တည်တည်နဲ့ လာကျပ်နေတာများလား။ ကျပ်ရအောင်လည်း မိမိသည် စကောဘာမဟုတ်သလို ဝက်အူလည်း မဟုတ်ချေ။ ဒါမှမဟုတ် တိုက်ပုံအင်္ကျီနှင့် လိုက်ဖက်အောင်ဆိုပြီး မျက်မှန်အကြည်လေး ကောက်တပ်လာမိတာကပဲ ရုပ်ကို ရင့်သွားစေတာလားဟု တောင်တောင်အီအီ တွေးနေမိသည်။

ထိုအချိန်မှာပဲ ကောင်မလေးက ဦးဆောင်ကာ ...

"သမီးနာမည်က နွေမှုန်ပါဆရာ၊ သူက မေသူနိုင်၊ ဟိုဘက်က တော့ ဝတ်ရည်တဲ့"

"ဪ ... ဟုတ်ကဲ့၊ ဒါနဲ့ ဟို"

စကားပင် မဆုံးလိုက်ချေ။ နွေမှုန်ဆိုသော လှတီးလှတ ကောင်မလေးကပဲ ...

"သမီးတို့က ဆရာပြောင်းလာတဲ့ ဖလော်က ကျောင်းသူတွေပါ။ ဆရာက အတန်းမဝင်သေးတော့ ဆရာ့ကို မိတ်ဆက်ရင်း သမီးတို့သိချင်တာ လေးတွေ မေးချင်လို့ပါ။ ဆရာ ဒီမှာရှိတယ်ဆိုပြီး တီချယ်ဒေါ်ထားခင်ခင်က ညွှန်လိုက်လို့"

ဒုက္ခတော့ ရောက်လေပြီ။ အဲဒီ တီချယ်ဒေါ်ထားခင်ခင်ကပဲ မျက်စိ မှန်နေသလား။ ရှေ့ကကောင်မလေးတွေကတော့ အတော့်ကို တလေးတစား ဖြစ်နေသည်။ ပြီးတော့ နွေမှုန်ဆိုသော ကောင်မလေးကိုကြည့်ရင်း ခန့်ပိုင်

www.burmeseclassic.com



ရင်ထဲမှာ နွေးခနဲ လှိုက်ခနဲ။

သူတို့မှားမည်ဆိုလည်း မှားနိုင်လောက်သည်။ ကျောင်းမှာ အချို့ ဆရာပေါက်စတွေကလည်း ကိုယ့်လို ငယ်ငယ်ချောချောတွေ မဟုတ်လားဟု ဖြေတွေးယူရ၏။

ထိုသို့ ခန့်ပိုင်စဉ်းစားနေချိန်မှာပဲ နွေမွန်က ...

"ဒီလိုပါ ဆရာ ... သမီးတို့ မနက်က ဆွေးနွေးဖြစ်တဲ့အကြောင်းက လူတစ်ယောက်တည်းဟာ မြစ်တစ်ခုကို နှစ်ကြိမ်ဖြတ်မကူးနိုင်ဘူးဆိုတဲ့ အကြောင်းပါ။ အဲဒါလေးနဲ့ ပတ်သက်ပြီး ဆရာရဲ့"

"ကူးနိုင်တာပေါ့ သမီးရယ်၊ ဒီဘက်ကမ်းကနေကူးပြီး ဟိုဘက် ကမ်းရောက်ရင် ဟိုဘက်က ပြန်ကူးလာခဲ့ပေါ့၊ ဒါများ"

"ရှင်"

"ဟုတ်တယ်လေ၊ ရေကူးကျွမ်းကျင်ဖို့တော့ လိုတာပေါ့။ လမ်းမှာ ကြွက်တက်ရင်တော့ သေမှာပဲ"

"အဲ ... ဟို သမီးတို့"

စကားမဆုံးခင်မှာပဲ ခန့်ပိုင်က လက်ကာပြလိုက်သည်။

"ခဏလေး ... သမီးကိုလည်း ကြားဖူးမှာပေါ့။ မြန်မာ့ရာဇဝင်ထဲ က ညောင်ဦးဖီးဆိုရင် ဧရာဝတီမြစ်ကို နှစ်ကြိမ်တယ်ကမလဲ၊ ဟိုဘက်ဒီဘက် အခေါက်ပေါင်းများစွာကို တစ်ခါတည်း ကူးနိုင်တာ"

နွေမွန်တို့သုံးယောက်စလုံး နဝေတိမ်တောင် ဖြစ်သွားကြသည်။ ထိပ်စီးကတည်းက လွဲနေသောကိစ္စသည် အလယ်မှာပါ ထပ်လွဲနေသဖြင့် ကောင်မလေးတစ်ယောက်က ဝင်၍ ...

"မှား ... မှားနေပြီထင်တယ် ဆရာ၊ သ သမီးတို့ ဆိုလိုတာက



www.burmeseclassic.com

www.burmeseclassic.com



ဖလော်နဲ့ ပတ်သက်တဲ့''

ဒီတစ်ခါလည်း ခန့်ပိုင်က လက်ကာပြရင်း ပိန့်ပိန့်ကြီး ပြုံးလိုက်သည်

''သိပါတယ် ... သမီးတို့ စမေးကတည်းက မှားနေတာကွဲ၊ လူတစ်ယောက်ဟာ မြစ်တစ်ခုထဲကို နှစ်ကြိမ်မဆင်းနိုင်ဘူးလို့ ပြောရမှာလေ''

ထိုအခါမှ ကောင်မလေးသုံးယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရှက်ရယ်ရယ်ကုန်ကြသည်။

ပြီး နွေမွန်ကအရင် ...

''အဟီး ... ဆောရီးပါဆရာ၊ ဆရာက နောက်တတ်သားပဲ''

ခန့်ပိုင်က မျက်ခုံးပင့်လိုက်ကာ ...

''နောက်တယ်လို့တော့ မဟုတ်ပါဘူး။ စာရှင်းပြရတဲ့အခါ မငြီးငွေ့အောင်ပါ၊ ဒါမှ ပျော်စရာလည်းဖြစ်, စာလည်းသင်ချင်စိတ် ရှိမှာပေါ့''

ကောင်မလေးတွေက ခေါင်းညိတ်သည်။ သုံးယောက်စလုံး ကိုယ့်ခေါင်းကိုယ်ညိတ်ကြခြင်းဖြစ်သည်။ ခန့်ပိုင်က ဖတ်မှုးမှတ်ဖူးထားသည်ကို အခွင့်အရေးရခိုက် လွှတ်တော့၏။

''ဒါက ဒီလိုရှိတယ် သမီးရဲ့''

''ဟုတ် ... ပြောပါဆရာ''

ခန့်ပိုင်က ဟန်ပါပါ ချောင်းတစ်ချက် အရင်ဟန့်လိုက်ပြီးမှ ...

''ပြောရရင်တော့ ခုနက စကားကို (500 BC) လောက်မှာ ဂရိအတွေးအခေါ်ပညာရှင် ဟီရာကလိုင်းတပ်(စ်) (Hemclitus) က ပြောသွားတာ၊ သူဆိုလိုချင်တာက လူဟာ ပြောင်းလဲနေသလို မြစ်ဟာလည်း ပြောင်းလဲနေတယ်။ ဒါကြောင့် လူတစ်ယောက်ဟာ မြစ်တစ်ခုကို နှစ်ကြိမ်မဆင်းနိုင်ဘူးလို့ ပြောသွားတာ''



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ကောင်မလေးတွေက ခေါင်းညိတ်ကြပြန်သည်။ ထိုအထဲကမှ နွေမွန်က ...

"နားလည်ပါပြီ ဆရာ ... ကျေးဇူးလည်းတင်ပါတယ်"

"နေဦး"

"ရှင်"

လက်ကာပြရင်း ခန့်ပိုင်က ပြောလိုက်ပြန်သဖြင့် သုံးယောက်စလုံး 'ရှင်' သွားကြသည်။ အိုးတိုးအမ်းတမ်း ဖြစ်သွားကြခြင်း ဖြစ်၏။

ခန့်ပိုင်က ဆရာကြီးဟန်ကို တစ်ရွေးသားမျှ မလျှော့သေးဘဲ ...

"သမီးတို့ သိမလားတော့ မသိဘူး။ (400 BC) လောက်ကျတော့ ခရာတီလပ်(စ်) (Cratylus) ဆိုတဲ့ ပညာရှင်ကြီးက ပြောပြန်တယ်"

"ဟုတ်ကဲ့ ... ဘာပြောတာလဲ ဆရာ"

"စကားပေါ့ကွယ်"

"ရှင်"

"ကြည့် ... ဒီလိုပါ၊ သူပြောတာကျတော့ ပိုဆိုးတယ်၊ လူတစ်ယောက်တည်းဟာ မြစ်တစ်ခုကို တစ်ကြိမ်တောင် မဆင်းနိုင်ဘူးတဲ့"

"သမီး သိပ်နားမလည်ဘူး ဆရာ"

နွေမွန်က မရှုပ်းသလို ပြန်ပြောလာသည်။ ခန့်ပိုင်ကလည်း ထိုဟာမလေးကိုမှ ရှင်းပြချင်နေသည့်မို့ ...

"အဲဒါကြောင့် ဖလော်လို့ ပြောတာပေါ့၊ ဒီလိုလေ ... သူဆိုလိုတာကျတော့ အရာရာတိုင်းဟာ ပြောင်းလဲနေတယ်၊ ဒါကြောင့် ဒီလူ ဒီမြစ်ဆိုတဲ့ အသုံးအနှုန်းဟာ အဓိပ္ပာယ်မရှိဘူး။ ဒါကြောင့်လည်း လူတစ်ယောက်ဟာ မြစ်တစ်ခုတည်းကို တစ်ကြိမ်တောင်မှ မဆင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး တဲ့''

''ကောင်းလိုက်တာ ဆရာရယ်... တကယ်ကို စဉ်းစားဆင်ခြင်သင့်တဲ့ အချက်ပဲ''

နွေမွန်က လေးလေးစားစားဟန်ဖြင့် ပြောလာသည်။ မေသူနိုင်ဆိုသော ကောင်မလေးက ရေနွေးတစ်ခွက်ငှဲ့ကာ တိုးပေးလာသဖြင့် ဆရာဖြစ်နေသော ခန့်ပိုင်မှာ မငြင်းသာဘဲ သောက်လိုက်ရသေးသည်။

နွေမွန်က မေးဖျားလေးကို လက်ညှိုးနှင့် တို့ကာ တို့ကာ လုပ်လျက်...

''သမီးတို့ကို အဲဒီလို စဉ်းစားဆင်ခြင်သင့်တာလေးတွေရှိရင် ပြောပြပေးဦး ဆရာ''

စကားအဆုံးမှာ ခန့်ပိုင်က မျက်ခုံးပင့်လျက်...

''အချိုသိပ်မစားနဲ့ သမီး''

''ရှင်... ဘာဖြစ်လို့လဲ ဆရာ၊ ဆီးချိုရောဂါဖြစ်မှာစိုးလို့လား''

''ဟင့်အင်း... အမွှေးထူမှာစိုးလို့''

''ရှင်''

ရေရွတ်ရင်း နွေမွန့်မျက်နှာက ရဲခနဲဖြစ်သွားသည်။ ခန့်ပိုင်က အပျာကယာ လက်ကာပြရင်း...

''ဟိုလေ... ဆရာဆိုလိုချင်တာက အချိုစားရင် အင်ဆူလင်ထွက်တယ်လေ၊ အဲဒီ အင်ဆူလင်ဓာတ်က ဟိုမုန်းကို အားပေးတာဆိုတော့ အမွှေးအမျှင်တွေ ထွက်တာပေါ့''

''ဪ... အဲဒီလိုလား ဆရာ''

ထိုအခါမှ နွေမွန်လည်း သက်ပြင်းခိုးချလိုက်ရသည်။ ဒီသည်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



အလိုက်မသိသော ဝတ်ရည်က ဝင်၍ ...

"တခြား ဘာပြောစရာများ ရှိသေးလဲ ဆရာ"

ဒီတစ်ခါတော့ ဘာပြောရသည်ကို ခန့်ပိုင် သိပ်မစဉ်းစားလိုက်ရပ

အန္တရာယ်ကို လွယ်ထားရသလို ကိစ္စက ထိပ်ဝရောက်နေပြီမို့ ...

"ဆရာ ထပ်ပြောချင်တာကတော့ ဆရာ အခု ဒီနံက ထမ့်ဖြစ်တော

မယ်ကွဲ့"

"ရှင် ... ဘာများဖြစ်လို့လဲ ဆရာ"

"ဆီးတအားသွားချင်နေပြီလေ၊ သမီးတို့ ထပ်မေးရင်လည်း ဖြ

နိုင်တော့မှာ မဟုတ်ဘူး"

အားလုံး ဝရုန်းသုန်းကား ဖြစ်သွားကြသည်။ ပွယန်သော မျက်

လေးတွေနှင့် ခန့်ပိုင်ကိုကြည့်လိုက်ကြရင်း ...

"ဟယ် ... ကန်တော့ ကန်တော့ နော်ဆရာ၊ သမီးတို့ သွား

တော့မယ်"

ပြောပြီး ထွက်သွားကြလေသည်။ ဒုက္ခသည်ကိုပင် တစ်ချက်

လေး ငုံမကြည့်ခဲ့ကြ။ ခေတ်ကာလသမီးတွေများ ...။

ခန့်ပိုင်လည်း ဒရောသောပါး ထပြေးကာ ကိစ္စကို ရှင်းလိုက်ရသည

ပြီး ပေါ့ပါးကြည်လင်စွာ ကင်တင်းထဲသို့ ပြန်ဝင်လာခဲ့၏။ ပြန်ရောက်ရော

ချင်း သတိရ၍ နာရီကြည့်လိုက်တော့ စိတ်ထဲမှာ ဟာခနဲပင် ဖြစ်သွားရ

နာရီလက်တံညွှန်ပြနေသည်က သုံးနာရီ ငါးမိနစ်။

ဒီအချိန်ကျမှတော့ ချိန်းထားသော ကောင်မလေးလည်း လာတေ

မည် မထင်ချေ။ ဦးနှောက်စားလိုက်တာပဲဖြစ်မည်။ သို့နှင့် သိပ်တောင့်လ

ထူးမှာမဟုတ်တော့ဘူးဟု တွေးကာ ကင်တင်းမှ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ...

ဒီနေ့အဖို့မှာတော့ နွေမှန်ဆိုသော ကောင်မလေးနှင့် ဆုံလိုက်ရခြင်းသည့် ဈေးသည်စကားနှင့်ပြောရလျှင် နေ့တွက်ကိုက်ခဲ့သည့် မဟုတ်ပါလား။

တစ်ဆက်တည်း ခန့်ပိုင်တွေးလာမိသည်ကလည်း နောက်နေ့တွေမှာ အခြေအနေပေးလျှင် ဖလော်ဘက်သို့ ခြေဦးလှည့်ဦးမည်ဟု ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညပိုင်း ထိုအဖြစ်အပျက်ကို ပြန်ပြောပြလိုက်တော့ ကျော်ကိုက မျက်မှောင်ကြုတ်ပြီး ...

"ဒါဆို မင်းကို ဖုန်းဆက်ပြီးချိန်းတဲ့ ကောင်မလေးကတော့ ရောက်မလာဘူးပေါ့ ... ဟုတ်လား"

ခန့်ပိုင်က ခေါင်းညိတ်ရင်း ...

"အေး ... မလာဘူး ဒါပေမဲ့ ငါ့အတွက်တော့ သူ မလာခဲ့သေမယ့် နွေမွန်နဲ့ဆုံခဲ့ရတာမို့ တန်တယ်ကွာ"

ထိုစကားကြောင့် မျိုးဇော်က ပေစောင်းစောင်းကြည့်လျက် ...

"အောင်မယ် ... မင်းစကားက ထူးထူးဆန်းဆန်းပါလားကွ ဘာလဲ ... အဲဒီနွေမွန်ဆိုတဲ့ ကောင်မလေးက လှလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မျိုးဇော် … လူတယ်ဆိုတာထက် ငါ့ရင်ထဲမှာ သူ့ရဲ့ အကြည့်ချင်းဆုံလိုက်တိုင်း လှုပ်ခနဲ လှုပ်ခနဲ ဖြစ်နေတာကွ"

"အဲဒါကတော့ မင်းဟာမင်း ငါ့အသိ စိုးသူ့ရလို ချီးပါချင်လို့ နလုံးလေဟပ်တာ ဖြစ်မှာပါကွာ"

ခန့်ပိုင် ညစ်သွားရပြီး …

"မဟုတ်ဘူးလေ … ငါဆိုလိုချင်တာက ဟိုကွာ … သူစိမ်း မိန်း ကလေးတစ်ယောက်အပေါ် ငါ စိတ်ထဲမှာ မဖြစ်ဖူးတဲ့ ခံစားမှုမျိုး …"

လေကြောရှည်နေသော ခန့်ပိုင်ကို ကျော်ကို ကြည့်မရတော့။ ထို့ ကြောင့် မကြည့်သလိုကြည့်ကာ …

"ခန့်ပိုင် … တော်ကွာ၊ မင်းပြောချင်တာကို ငါ သဘောပေါက် တယ်၊ မင်း အဲဒီကောင်မလေးကို စိတ်ဝင်စားသွားတယ် … ဒါပဲ မဟုတ် လား"

"အေးဟီး"

ခန့်ပိုင် ရှက်ရယ်ရယ်ပြလိုက်သည်။ နွေမှုန့်အပေါ် ထိုစိတ်ဖြစ်မိ သွားခြင်းကိုလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိ၏။ နွေမှုန့်မျက်နှာလေးကို ပြန်မြင်ယောင်ကာ အိပ်ပျော်နေတဲ့နှလုံးသားကို လာနှိုးတာလားဟု၍မင် ကဗျာဆန်ဆန် (သို့) ပေါတောတော တွေးနေမိသေးသည်။

ထိုစဉ် ဖုန်းက ထမြည်လာပြန်သည်။ ဖုန်းက မတ်တတ်ထပြီး အသံမြည်လာတာမျိုးတော့ မဟုတ်။ ရုတ်တရက်ကြီး မထင်ထားဘဲ မြည် လာတာမျိုးဖြစ်သည်။ ပြောရတာလည်း ခက်သည်။ ဖုန်းဆိုတာမျိုးက သူ မြည်ချင်တဲ့အချိန် မြည်မှာပါပဲ။

ခုလည်း ဖုန်းနှင့်နီးသော ခန့်ပိုင်က မကိုင်သေးဘဲ ဆက်လာသည့်

www.burmeseclassic.com



နံပါတ်ကို အရင်ကြည့်လိုက်သည်။

"ဟင်"

မှတ်မိနေသောနံပါတ်မို့ အံ့သြသွားရ၏။ မနေ့က ဖုန်းဆက်ပြီး လူချင်းတွေ့ရန် ချိန်းဆိုခဲ့သော်လည်း ရောက်မလာခဲ့သော ကောင်မလေး၏ ဖုန်း။ ဘာဦးနှောက်ထပ်စားဦးမှာလဲဆိုသည့် အတွေးနှင့် ခန့်ပိုင် လှမ်းကိုင်လိုက်သည်။

"ဟလို"

ထိုသို့ ထူးလိုက်လျှင်ပဲ တစ်ဖက်မှစကားသံက စက်သေနတ်ပစ်သလို နားထဲသို့ အတွဲလိုက် ဝင်ရောက်လာသည်။

"ဘာ ဟလိုလဲ ... နေ့လယ်က ရှင် တော်တော် အာတွေ့နေတယ်ပေါ့လေ ... ဟုတ်လား"

"ဟာ ... ဘာလဲဗျာ၊ ခင်ဗျားပဲ လာမယ်ဆိုပြီး မလာတာလေ။ ကျွန်တော် သုံးနာရီကျော်မှ အဲဒီကင်တင်းက ပြန်ထွက်လာတာဗျ"

ခန့်ပိုင်က ချက်ချင်းပြန်ပြောလိုက်၏။ ဟိုဘက်ကလည်း တွန့်မခြား ပြန်ပက်သည်။ စကားနှင့်။

"အောင်မာ ... ပြေူးကများ ပြန်ပြနေသေးတယ်၊ ရှင့်စောင့်နေတယ်ဆိုတာက တစ်ယောက်တည်းမှ မဟုတ်တာ၊ ကောင်မလေးတွေ တရုန်းရုန်းနဲ့ ပွဲခံနေရတာကိုး"

"ဟင် ... ဒါဆို ခင်ဗျားက ကင်တင်းကို ရောက်လာခဲ့တာပေါ့ ... ဟုတ်လား"

မျက်မှောင်ကြုတ်ရင်း ခန့်ပိုင် ပြန်မေးလိုက်သည်။ ဟိုဘက်က လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့တာပေါ့၊ ချိန်ထားတာပဲဟာကို၊ ရှင်တို့က တော်တော်နဲ့ စကားမပြတ်ကြတော့ ကျွန်မလည်း ပြန်ခဲ့လိုက်တာ"

နမြောသလိုပင် ဖြစ်ရသေးတော့သည်။ ထိုအတွေးနှင့် ခန့်ပိုင်က ...

"ဟာဗျာ ... အဲဒါမှ အကုန်လွဲတာပဲဗျ၊ ကဲ ... ဒီကောင်မလေး တွေကလည်း ကျွန်တော့်ကို ဆရာတစ်ယောက်နဲ့ လူမှားပြီး စကားလာပြော နေကြတာ"

တစ်ဖက်မှအသံ ခဏတိတ်သွားသည်။ ပြီးမှ သက်ပြင်းပါးပါး ချ သံနှင့်အတူ ...

"မသိဘူးလေ ... ကျွန်မက တစ်ယောက်တည်းလာခဲ့တာဆိုတော့ ရှင်တို့ဝိုင်းကို ဘယ်လာချင်ပါ့မလဲ"

"ဆောရီးပါဗျာ ... ဒါဆိုလည်း မနက်ဖြန် ထပ်ချိန်းရအောင်လေ၊ ဖြစ်တယ်မဟုတ်လား"

ဒီတစ်ခါလည်း အသံခဏတိတ်သွား၏။ စဉ်းစားနေပုံရသည်။ ပြီးမှ ...

"ဒါဆိုလည်း ပြီးရောလေ၊ မနက်ဖြန်တော့ ဘွဲ့နှင်းသဘင် ရှေ့ နားက စောင့်နေ ... နှစ်နာရီတိတိနော်"

နေရာကတော့ ပြောင်းသွား၏။ ကိစ္စမရှိ၊ လူမပြောင်းဖို့သာ အရေး ကြီးသည်။ ထိုနေရာမှာ လူရှင်းလို့လားဆိုပြီ မညာမတာ တွေးလိုက်မိသေး သည်။

ပြီးမှ သတိရသွားသဖြင့် ...

"ခဏလေး ခဏလေး ... ဒါနဲ့ မနက်ဖြန်ကော ဘာဝတ်ခဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ တိုက်ပုံပဲလား"

"ဟင့်အင်း … မဝတ်နဲ့တော့၊ ဒီအတိုင်းပဲလာခဲ့"

"ဗျာ … ဒီအတိုင်းဆိုတော့ ကိုယ်လုံးတီးကြီးနဲ့ လာခဲ့ရမှာလား။ အဲဒါတော့ မဖြစ် ဖြစ် …"

"ရှင် ဘာတွေပြောနေတာလဲ၊ ဒီအတိုင်းဆိုတာ ရှင်ဘာသာ ဝတ်ချင်တာဝတ်ခဲ့လို့ပြောတာ"

"ဘာလဲ … ငြိုငြင်တာလား"

ရယ်ဟဟနှင့် ခန့်ပိုင်က ပြောလိုက်၏။ တစ်ဖက်ကတော့ အသံစွာတာတာကလေးနှင့် …

"အောင်မာ … ဘာကို ငြိုငြင်ရမှာလဲ၊ ဒီနေ့ ရှင့်ကို ကျွန်မ မြင်ဖူးပြီးသွားပြီလေ၊ အဲဒါကြောင့် ဘာဝတ်ခဲ့ ဝတ်ခဲ့ ရတယ်လို့ပြောတာ"

"သြော် … ဒီလိုလား"

ပြောရင်း ခန့်ပိုင်တစ်ချက် တွေးလိုက်၏။ ဒါသည် သူ့ရုပ်သူ့ရည်ကို လက်ခံနိုင်၍ ထပ်ချိန်းခြင်းသာဖြစ်မည်။

ထိုသို့ မရှက်မကြောက်တွေးရင်း ခန့်ပိုင်က …

"ဒါနဲ့ ခင်ဗျား ကျွန်တော့်ကို တွေ့ဖူးသွားပြီဆိုတော့ ဘယ်လိုမြင်လဲဗျ"

"ဘာလဲ … ပိုကောင်မလေးတွေနဲ့ စကားပြောနေတာကိုလား။ စိတ်ကိုမဝင်စားဘူး"

"မဟုတ်ဘူးလေ … ကျွန်တော့်ရုပ်ကို ကြည့်ပြီး နာမည်နဲ့လိုက်အောင် ခန့်ခန့်သန့်သန့်ပဲဆိုပြီး မှတ်ချက်မချလိုက်ဘူးလား"

"သေလိုက်ပါလား … မရှက်တတ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပါး"

"ပေါတောတောနဲ့"

"အပါး အပါး"

"အရူးကြီး . . . နှာဘူးကြီး"

"ဟင်"

ခန့်ပိုင် နင်နေစဉ်မှာပဲ တစ်ဖက်မှ ဂွပ်ခနဲ ဖုန်းချသွားလေသည်။ ဆက်သွယ်မှုပြတ်တောက်သွားမှ ခန့်ပိုင် စဉ်းစားမိ၏။ ထို အဝေးနှင့်အတူ အနားရှိ ကျော်ကိုတို့ကို အားမလို အားမရ ပြောလိုက်မိသည်။

"ဟာကွာ . . . ဒီနေ့လည်း နာမည်လေးတောင် မမေးမိလိုက်ပြန်ဘူး"

ထိုစကားကို မျိုးဇော်က ထောပနာပြန်ပြုသည်။

"ခံပေါ့ကွာ . . . မနက်ဖြန်လည်း ထပ်သွားပြီး ထပ်ခံလိုက်ဦး"

ဒီတစ်ခါတော့ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခန့်ပိုင် ငြိမ်နေလိုက်ရသည်။

ထိုသို့ဖြင့် . . .

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ချိန်းထားတဲ့နေရာကို မင်းတို့လိုက်ကြဦးမလား"

နာရီကိုတစ်ချက်ကြည့်ရင်း ခန့်ပိုင်က မေးလိုက်ခြင်း ဖြစ်သည်။ ...ဇော်က အရင် ခပ်သွက်သွက် ခေါင်းခါလိုက်ကာ ...

"ဟော့အေး ... မလိုက်ဘူး။ ငါ ထက်ထက်နဲ့ သွားတွေ့စရာ ရှိ...ယ်ကွ"

ခန့်ပိုင်က နာခေါင်းရှုံ့ရင်း ကျော်ကို့ဘက်သို့ လှည့်လိုက်၏။ ပြုံး...ကြည်းကျနေသော မျှော်လင့်ချက်ကလေးဖြင့် ထပ်မေးလိုက်သည်။

"ကျော်ကို ... မင်းရော"

"နီးပါ ... ငါလည်း သွားစရာကိစ္စရှိတယ်"

သိပ်အလေးမထားသောပုံစံဖြင့် ပြန်ပြောလာသည့် ကျော်ကို့

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ခန့်ပိုင် တင်းသွားရတော့သည်။

ထို့ကြောင့် ...

"ရတယ်လေ ... မင်းတို့ မလိုက်လည်း ကိစ္စမရှိပါဘူး ဒို့ဟာဒ
တစ်ယောက်တည်း သွားလို့ရတာပဲ"

ထိုသို့ ခပ်တင်းတင်းပြောကာ ခန့်ပိုင် လှည့်ထွက်လာခဲ့သည်
အမှန်တော့ တစ်ယောက်တည်းဖြစ်နေ၍ အဖော်ရလိုရငြား မေးလိုက်ခြင်
သာဖြစ်သည်။ ဒါကိုပင် ဒီကောင်နှစ်ကောင်က သောက်ဂရုမစိုက်သလ
ပြန်ပြောလာကြ၏။ ရပါသည် ... ဒီလိုတက္ကသိုလ်ကြီးမှာ ကိုယ့်ကို ဘယ်သူ
ကမှ ချောင်းမြောင်းလုပ်ကြံမည် မဟုတ်။ မိန်းကလေးတစ်ယောက်နှ
သွားတွေ့ရန် ကိုယ်ခံပညာလည်း တတ်ထားစရာ လိုမည်မထင်ပါ။ ထိုအတွေ
နှင့် တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဘွဲ့နှင်းသဘင်နားရောက်တော့ နှစ်နာရီတောင် ထိုးလုပြီ။ နံရံကို
ပြီး နိုင်ငံခြားမင်းသားစတိုင်နှင့် ရပ်နေမိသေး၏။ မြင်သာအောင် လှလှ
ထားခြင်း ဖြစ်သည်။

နာရီကို တစ်ချက်ထပ်ကြည့်ရင်း ဟိုကောင်မလေး လာတော့မည
ဆိုသည့်အတွေးနှင့် ရင်ထဲမှာ တစ်မျိုးလေး လှုပ်ရှားသွားရ၏။ မနေ့က
နွေမှန့်အပေါ် ဖြစ်ခဲ့သော ရင်ခုန်လှုပ်ရှားမှုမျိုးလည်း မဟုတ်ချေ။ ဒီဘက်က
ကောင်မလေး၏အသံကလေးကိုလည်း ငြီးငြီး တွေ့ချင်နေတာမျိုးဖြစ်သည်
တစ်ခါ တစ်ခါ (မောင်တို့) ယောကျာ်းတွေက ထိုသို့ ဖြစ်တတ်၏။

ခုလည်း ပတ်ဝန်းကျင်ကို ဝေ့ကြည့်မိရင်း ရင်ထဲမှာ နီးနီးခနဲ ဖြ
သွားရသည်။ မနေ့က ဆုံခဲ့သော နွေမှန်ဆိုသည့် ကောင်မလေး ဖြစ်
သူငယ်ချင်းတွေမပါဘဲ သူ့ရှေ့ မလှမ်းမကမ်းမှ တစ်ယောက်တည်း ဖြ

www.burmeseclassic.com



လျှောက်သွားသည်။ ခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ဖို့ဆိုတာ မလွယ်မှန်း ခန့်ပိုင်သိ၏။ ထို့ကြောင့် ရတောင့်ရခဲအခွင့်အရေးလေးအား လက်ဝယ်ပိုင်ပိုင် အသုံးချရမည်ဟူသော အတွေးဖြင့် နွေမှုန်နောက်သို့ ခပ်မြန်မြန် ပြေးလိုက်သွားမိသည်။

"နွေမှုန် နွေမှုန် ... ခဏ"

ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်လာသည်။

"ဟင်"

မျက်လုံးလှလှလေးများ ဝိုင်းသွားကာ တစ်ဆက်တည်းဆိုသလို မျက်ခုံးနှစ်ဖက်ပါ အတွန့်ချိုးသွားသည်။

ခန့်ပိုင်က မျက်နှာတစ်ခုလုံးမှ အကြောများဖြင့် အပီအပြင် ပြုံးပြလိုက်ရင်း ...

"ကျွန်တော် နွေမှုန့်ကို တောင်းပန်ချင်လို့ပါ"

နွေမှုန်က အတန်ကြာ စူးစိုက်ကြည့်နေသေးသည်။ ပြီးမှ မထီတရီ ဟန်လေးဖြင့် နှုတ်ခမ်းထောင့်စွန်းလေးကို ကွေးလျက် ...

"တောင်းပန်ချင်လို့ ... ဟုတ်လား။ တောင်းပန်ရအောင် ရှင့်ကို ကျွန်မ မသိပါဘူး"

ဒီနေ့မှ ခန့်ပိုင်က လူငယ်ဆန်ဆန် ဝတ်စားထားခြင်း ဖြစ်သည်။ ခေတ်စကားနှင့်ဆိုရလျှင် လန်းနေသည်ပေါ့။ အမှန်တော့ နွေမှုန့်ဘက်က လည်း ခန့်ပိုင်ကို မမှတ်မိစရာအကြောင်းမရှိပါ။ ခန့်ပိုင်၏ မျက်နှာပေါက်မျိုးက ခွေးချီသွားလျှင်တောင် မှတ်မိနိုင်သည့် ဟောလီးဝုဒ်မင်းသား ဘရက်ပစ် မျက်နှာကျမျိုးဖြစ်သည်။ (အပီး ... ပိုင်တယ်ကွာ)

ခုလည်း နွေမှုန်က မှတ်မိသည်မို့ ထိုမျက်နှာထားဖြင့် ပြန်ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာကို ခန့်ပိုင်သိသည်။

ကို့ကြောင့် ပိုပြည့်စုံအောင်ဆိုပြီး ခန့်ပိုင်က အရင်မိတ်ဆက်လိုက်သည်။

"မသိဘူးလို့တော့ မပြောပါနဲ့ နွေမွန်၊ ကျွန်တော့်နာမည်က ခန့်ပိုင်ပါ။ မနေ့ကတောင် နွေမွန်တို့ ဆရာတစ်ယောက်နဲ့ လူမှားပြီး စကားလာပြောခဲ့ကြသေးတယ်လေ"

စကားအဆုံးမှာတော့ နွေမွန်က မျက်ခုံးနှစ်ဖက်ကိုစုထားရင်း

"ဩော် ... အဲဒါ ရှင်လား၊ ဒါဆိုရင် ရှင်က လူလိမ်ပေါ့"

ခန့်ပိုင်က ကသောကမျော ခေါင်းခါလိုက်ပြီး ...

"ဟာ ... မဟုတ်ပါဘူးဗျာ၊ မနေ့ကကော ကျွန်တော့်ကိုယ်ကျွန်တော် ဆရာရဲကျော်မြင့် ဟုတ်ပါတယ်လို့ ပြောခဲ့လို့လား။ နွေမွန်တို့ပဲ လူမှားပြီး စွတ်ပြောသွားတာလေ"

"အောင်မာ ဘာပဲဖြစ်ဖြစ်လေ ... ရှင်လည်း ကျွန်မတို့စကားနောက်က အသာမျှောပြီး ခပ်တည်တည်နဲ့ လိမ့်သွားခဲ့တာပဲ မဟုတ်လား"

ကြည့်ရတာ နွေမွန့်ပုံစံက အကြီးအကျယ် စိတ်ဆိုးတင်းမာနေပုံမျိုး မဟုတ်ချေ။ ခပ်တည်တည်နှင့် စွပ်စွဲနေခြင်းသာဖြစ်သည်။

ခန့်ပိုင်က ...

"လိမ့်တယ်ဆိုပေမယ့်လည်းဗျာ နွေမွန်တို့ သိချင်တာတွေကို ကျွန်တော် သိသလောက်တော့ ပြောပြခဲ့တာပဲ မဟုတ်ဘူးလား။ ပြီးတော့ လူလိမ် မဟုတ်လို့လည်း ခုလို တောင်းပန်ရင်း စကားလာပြောတာပေါ့"

နွေမွန်က သက်ပြင်းသဲ့သဲ့ အရင်ချသည်။ ပြီး မျက်နှာထားလည်း ပျော့ပျောင်းသွားလျက် ...

www.burmeseclassic.com



"ထားပါတော့ . . . ရှင် လူလိမ်မဟုတ်ဘူးဆိုတာ သိပြီပဲ၊ ခု ဘာပြောချင်လို့လဲ"

ထိုစကားကြောင့် ခန့်ပိုင် ကြောင်အမ်းသွားရ၏။ ဘာဆက်ပြောရမည်မှန်းလည်း ရုတ်တရက် မသိချေ။ မနေ့ကကိစ္စကိုတော့ နွေမွန်က ကျေလည်သွားပြီ။ ထို့ကြောင့် လောလောဆယ် ပြောရမည့်စကားကို အလျှင်အမြန် စဉ်းစားလိုက်ပြီး . . .

"အဲဒါက ဒီလိုပါ . . . နွေမွန့်ကို လှမ်းတွေ့လိုက်တော့ အဖြစ်မှန်ကို ပြောပြချင်တာရယ်၊ ပြီးတော့ အဖြစ်မှန်အတိုင်းပဲ နွေမွန်နဲ့ ဆက်ခင်ချင်လို့ပါ"

ပျော့ပျောင်းနေသော မျက်နှာထားထက်မှာ အပြုံးလေးတစ်ခုက မပီမသ ဖြစ်ထွန်းလာသည်။ ပြီး လင်းလင်းရဲရဲလေး ပြန်ကြည့်လျက် . . .

"ရပါတယ် . . . လမ်းမှာတွေ့ရင် ခေါ်နိုင်ပါတယ် ခန့်ပိုင်"

ပြောပြီး ဆတ်ခနဲ ဆက်လျှောက်သွားသဖြင့် ခန့်ပိုင်က အလျှင်အမြန် လှမ်းမေးလိုက်သည်။

"ဒါနဲ့ နွေမွန်က ဘယ်မေဂျာကလဲဟင်"

ဆတ်ခနဲ ပြန်လှည့်လာရင်း နွေမွန်က မျက်စောင်းထိုးသည်။ ပြီး ဆောက်ဆတ်ဆတ် စကားသံလေးနှင့် . . .

"ရှင်ပဲ မနေ့က ခပ်တည်တည်နဲ့ စာရှင်းပြခဲ့သေးတယ်လေ၊ ဒါနဲ့များ ဆရာပုံစံနဲ့ ဟန်ဆောင်လိုက်သေးတယ်"

ဟုတ်သားပဲဟု တွေးရင်း ခန့်ပိုင် ရယ်လိုက်မိသည်။ နွေမွန်နှင့်နောက်ထပ် မတွေ့ရမှာကို စိုးရိမ်သဖြင့် ထိုအချက်ကိုမေ့သွားခြင်း ဖြစ်၏။

"ကဲ ဆရာ . . . ကျွန်မ သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



နွေမွန် နုတ်ဆက်ပြီးထွက်သွားတော့မှ ခန့်ပိုင် ကျိတ်ပြုံးရင်း ကျန်ခဲ့သည်။

သို့သော် သိပ်ကြည်နူးနေချိန်မရလိုက်။ နာရီကိုပြန်ကြည့်လိုက်တော့ နှစ်နာရီဆယ့်ငါးဖြစ်နေပြီမို့ ခုနက ရပ်စောင့်နေခဲ့သော ဘွဲ့နှင်းသဘင်ရှေ့သို့ ပြန်၍ သုတ်ခြေတင်ရပြန်သည်။

တော်သေးသည်။ ဖုန်းဆက်ပြီးချိန်းထားသော ကောင်မလေးက ရောက်လာပုံ မရသေး။ အမောဖြေရင်း ခုနက မှီခဲ့သောနံရံကို ပြန်ကြည့်မိသည်။ တစ်ဆက်တည်း ဟာခနဲ ဖြစ်သွားရ၏။ သွားပြီ။ နံရံမှာကပ်ထားသည်က အဝါရောင် နုတ်ပက် (Note Pad) လေးတစ်ရွက်။ ထိုစာရွက်ပေါ်မှာတော့ မိန်းကလေးလက်ရေးဖြင့် အသေ့ရေးထားသော စာလုံးများ။

ခန့်ပိုင် ...

ရှင် ကတိမတည်ဘူး။ ကျွန်မကို မိန်းကလေးဆိုတာ ရှင် ထည့်မစဉ်းစားဘူးလား။ ကျွန်မ ရှင့်ကို လှမ်းမြင်ပါတယ်။ ဒါပေမဲ့ ချိန်းထားပြီး ဆက်စောင့်မနေဘဲ ထွက်သွားတာကိုတော့ နားမလည်နိုင်တော့ဘူး။ တော်ပြီ ... ရှင်နဲ့တွေ့ပြီး သူငယ်ချင်းဖြစ်ဖို့ကိစ္စကို ကျွန်မ မေ့လိုက်တော့မယ်။

စာအောက်ဘက်မှာ ဘာနာမည်မှ ရေးမထားချေ။ စာဖတ်အပြီး ခန့်ပိုင် အရမ်းအားနာသွားရ၏။ အမှားတစ်ခုကို ကျူးလွန်လိုက်သလိုလည်း ခံစားနေရသည်။ ဘယ်သူမှန်းမသိသေးသော ကောင်မလေးအပေါ် ပထမဆုံး စာနာအားနာမိခြင်းဖြစ်၏။

လေပူတစ်ချက်ကိုပဲ မှုတ်ထုတ်မိတော့သည်။ အပြန်လမ်းသည်



www.burmeseclassic.com

www.burmeseclassic.com



ခြွလှမ်းများ လေးလံနေသလို၊ လေတစ်ချက်တိုက်လိုက်တိုင်းလည်း ဝဲကြွေနေသော ရွက်ခြောက်တွေကို နေရာအနှံ့ တွေ့နေရပြန်သည်။

ဖုန်းထပ်ဆက်တော့မှာမဟုတ်ဘူးဆိုသည့် အတွေးကလည်း ခန္ဓာကိုယ်ထဲမှာ တစ်ခုခု လစ်ဟာသွားသလို ခံစားနေရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လင်းနွဲ့လှပသောည ဖြစ်သည်။

တဖြည်းဖြည်း ပြန့်ဖြာကျလာသော လရောင်က သစ်ရွက်များကြား ထဲ ယိုစိမ့်နစ်မြုပ်နေ၏။ တစ်ချက်တစ်ချက် တိုးဝင်လာသော လေအေးက လည်း ဝေခွဲမှုတွေ မပေးနိုင်သလို ပို၍ မှုန်းဝေလာသလို ရှိသည်။

"မင်းအဖြစ်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ကွာ"

ကျော်ကို့စကားသံအဆုံးမှာ ခန့်ပိုင် သက်ပြင်းတစ်ချက်ကိုပဲ ချလိုက် မိသည်။ ညဦးပိုင်း ဝရန်တာတွင်ထိုင်ကာ ခန့်ပိုင်က ဖြစ်ပျက်ခဲ့သမျှတွေကို ပြန်ရှင်းပြလိုက်ခြင်းဖြစ်သည်။ ကျော်ကိုက ခန့်ပိုင်ကို စကားပြန်ပြောဖော် ရသော်လည်း မျိုးဇော်ကတော့ ဂီတာကို အသံစမ်းရင်း အဝေးကို ငေးနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်မည်ကြံလိုက်ပြီးမှ မခေါ်ဖြစ်။ ထိုအချိန်မှာပဲ ကျော်ကိုက ထပ်ပြောလာသည်။

"ဒီအတိုင်းဆိုရင် မင်း နွေမွှန်ကို စိတ်ဝင်စားနေတာပေါ့ ...ဟုတ်လား။ ဒါဆိုလည်း ဖုန်းဆက်တဲ့ကောင်မလေးကို မေ့လိုက်ပေါ့ ခန့်ပိုင်ရာ"

ခန့်ပိုင် သက်ပြင်းထပ်ချရင်း ခေါင်းခါသည်။ ပြီး ရင်ထဲမှာ ဖြစ်တည်နေသောစကားကိုလည်း ပြန်ပြောပြလိုက်၏။

"မင်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ ငါ့ဘက်က ဖောင်းသလိုဖြစ်သွားတော့ ဟိုကောင်မလေးကိုလည်း ပြန်တောင်းပန်ချင်သေးတာအမှန်ပဲကွ"

"မဟုတ်သေးဘူး ခန့်ပိုင်ရ ... မင်း တစ်ယောက်နဲ့ တကယ်ပတ်သက်တော့မယ်ဆိုရင် နောက်တစ်ယောက်ကို လျှော့လိုက်ပါကွာ၊ ဒါမျိုးက နောက်ပိုင်းကျရင် ပြဿနာရှင်းရခက်တယ်ကွ"

လေပူကြီးကိုသာ အားရပါးရ မှုတ်ထုတ်မိပြန်သည်။ ဘာဆက်လုပ်ရမည်ကို ခန့်ပိုင်လည်း မသိတော့။ စကားကိုတော့ ဆက်ဆိုဖြစ်သည်။

"ငါ့ရင်ထဲမှာ ဖြစ်နေတာက တစ်မျိုးကွ"

"ဟင် ... ဘယ်လိုတစ်မျိုးလဲ"

"ဒီလိုကွာ ... ငါ နွေမွှန်ကို စိတ်ဝင်စားနေမိတယ်ဆိုတာတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ နွေမွှန်နဲ့မတွေ့ခင်ကတဲ့ ဟိုကောင်မလေးနဲ့ စသိခဲ့တာလေ၊ သူနဲ့ခင်ချင်တယ်လို့ ငါကပဲ စပြောခဲ့တာ၊ သူ့ကြောင့်လည်း နွေမွှန်နဲ့ငါ ဆုံခဲ့ရတာမဟုတ်လား။ နောက်ဆုံးကျွာ သူချိန်းတာကို ငါ့ဘက်က ပျက်ကွက်ပြီး တာဝန်မကျေဖြစ်ခဲ့တာကို အားနာနေတာမျိုးကွ"

စကားအဆုံးမှာ ကျော်ကိုက ခန့်ပိုင်ကိုကြည့်ရင်း မိုးအသာတွန့်



www.burmeseclassic.com

www.burmeseclassic.com


သည်။ ပြီး အပြစ်တင်သည့်လေသံနှင့် ပြန်ပြောလာ၏။

"နှစ်ကြိမ်စလုံးက မင်းဖောင်းတွေချည်းပဲလေ၊ ဒီနေ့လည်း နေ့မွန်းနဲ့တွေ့တော့ မှန်ပြီးလိုက်သွားတာကို"

ခန့်ပိုင် ထိုစကားကိုတော့ မချေပမိ။ ဟုတ်လည်း ဟုတ်ခဲ့သည်ကို။ ငြိမ်နေမိသောကြောင့် ကျော်ကိုက ထပ်ပြောလာသည်။

"စဉ်းစားကြည့်တော့လည်း မင်းအဖြစ်က ရယ်ရသားကွ၊ ပထမ တိုကောင်မလေးနဲ့ ဖုန်းမှားပြီး ဖုန်းထဲမှာ အရင်သိသွားတယ်၊ ခု ဒုတိယ နေ့မွန်းနဲ့ကျတော့ လူမှားရင်း လူချင်းခင်သွားတယ်။ နှစ်ခါမှားတော့ အမှား တစ်ရန်ပေါ့ကွာ၊ အမှန်တရားကိုတော့ မင်းဟာမင်း ရှာတော့"

အပြင်ဘက်ကို ခန့်ပိုင် ငေးနေမိသည်။ ညသည် သူ့တာဝန် သူ ကျေစွာ အမှောင်ထုကို ပို၍ဖြန့်ကျက်လာချေပြီ။ ခန့်ပိုင်တစ်ယောက် အမှောင် ထဲမှ အလင်းတစ်စကို ရှာမတွေ့နိုင်သေး။ လောလောဆယ် ဘာလုပ်ရမည်ကို လည်း မဆုံးဖြတ်နိုင်သေး။ တစ်ခုခု လုပ်ရမည်ဆိုတာတော့ သိသည်။

ဒီညမှ မျှော်နေမိသော ဖုန်းကလည်း မလာချေ။ ကိုယ့်ဘက်က ဆက်ရမှာကိုလည်း စိတ်ထဲမှာ သိပ်မရဲ။

မျိုးဇော်ကို တစ်ချက်ထပ်ကြည့်မိသည်။ အဝေးကိုငေးရင်း သူ့ခံ စားချက်နှင့်သူ ဂီတာတီးကာ သီချင်းတိုးတိုးညည်းနေ၏။ မျိုးဇော်၏ ခံစား ချက်ကိုလည်း နားလည်လာသလို ဖြစ်မိသည်။

ထိုစဉ် ကျော်ကိုက ...

"မင်း အခု ဘာလုပ်ဖို့စဉ်းစားနေလဲ ခန့်ပိုင်"

ဘာလုပ်သင့်သလဲဟု ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်မေးမိသည်။ လုပ်ရမှာ တစ်ခုပဲရှိတော့သည်ဟု စိတ်ထဲက အလိုလို သိလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အသာထပြီး တယ်လီဖုန်းရှိရာသို့ ထသွားလိုက်သည်။ ကျော်ကိုက တစ်ချက်လှမ်းကြည့်၏။ ဘာမှတော့ မပြော။ ဖုန်းဆက်ဖို့ မတိုက်တွန်းခဲ့သလို တကယ်ဆက်မည်လုပ်တော့လည်း မတားမြစ်မည်။

တယ်လီဖုန်းရှေ့မှာ ခဏတွေဝေကာ ရပ်နေမိပြီးမှ မှတ်မိနေသော ဂဏန်းတချို့ကို အသာနှိပ်လိုက်၏။ ဖုန်းက ဝင်သွားပါသည်။

သို့သော် တစ်ဖက်မှ ဖုန်းမကိုင်သဖြင့် အသံရှည်တစ်ခုသာ နားထဲသို့ တိုးဝင်၍ လာပါတော့သည်။

'တူ တူ တူ'

ညသည် အပြင်၌ ရှိုးရှင်းနက်မှောင်နေဆဲ။ ထို့အတူ ခန့်ပိုင် စိတ်ထဲမှာလည်း ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မနက်စောစောစီးစီး ကျောင်းသို့မသွားခင်မှာ ဦးအောင်သိန်းတစ်ယောက် အိမ်သို့ ပေါက်ချလာသည်။ အကောင်းလာခြင်းတော့ မဟုတ်။ ထိုသို့ဆို၍ လေ့ကားအတိုင်း လေးဖက်ထောက်တက်လာခြင်း မဟုတ်ပါ။ ပြုနေလျှင်တော့ မပြောတတ်ချေ။ ခုတော့ ဦးအောင်သိန်းသည် သူ့ခြေထောက်နှစ်ချောင်းကို ဘယ်ညာတစ်လှည့်စီလှမ်းရင်း တက်လာခြင်း ဖြစ်သည်။ စုံခုန်လို့မှ မရသည်ကို။ အကောင်းလာခြင်းမဟုတ်ဟု ဆိုသည်ကလည်း သာကြောင်း မာကြောင်း လာမေးခြင်းမဟုတ်ဘဲ သူ့ရစရာရှိသော ပိုက်ဆံအား စောစောစီးစီး မက်လာမရှိ လာတောင်းခြင်းကြောင့် ဖြစ်သည်။

ထိုအချိန်တွင် ခန့်ပိုင်တို့က မနက်စာ ထမင်းကြော်စားပြီးစပဲ ရှိသေးသည်။ ထပ်ပြောရလျှင် ထမင်းလုံးစီခါစ။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်းက သူပိုင်သောအိမ်ကို သူ့မျက်စိနှစ်လုံးနှင့် အစုန်အဆန်ကြည့်ရင်း ...

"မင်းတို့ကောင်တွေကလည်းကွာ ... တစ်အိမ်လုံးကို ရှုပ်ပွနေတာပဲ၊ ဘယ်လိုများ နေကြ၊ စားကြလဲ မသိဘူး"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို တဖျစ်တောက်တောက် ပြောလာသည်။ ခန့်ပိုင်က ထမင်းကြော်ပန်းကန်ကို ဆေးနေရင်း ...

"နေတာကတော့ ဂူရိယာပုဒ် မျှတအောင်ပဲနေရတာပေါ့ ဦးရာ၊ စားတာသောက်တာကလည်း ဥတုသုံးပါးနဲ့ညီမျှအောင် စားရတာပေါ့"

စကားအဆုံးမှာ ဦးအောင်သိန်းမျက်နှာကြီးက မည်းတက်သွားသည်။ ချက်ချင်းပင် ခန့်ပိုင်အား စောင်းငမ်းငမ်းကြည့်လျက် ...

"ဟေ့ကောင် ... မင်းကို အဲဒါပြောတာမဟုတ်ဘူးကွ၊ တစ်အိမ်လုံး ရှုပ်ပွညစ်ပတ်နေတာကို ပြောတာ"

"ဒါကတော့ ဦးရာ ... ကျွန်တော်တို့က ယောကျာ်းလေးတွေချည်းပဲ နေတာကိုး၊ အဝတ်လျှော်တာတို့ ဘာတို့ဆိုတာက ကျောင်းပိတ်ရက်မှ စုပြီးလုပ်ရတာလေ"

ခန့်ပိုင် စာအုပ်ထပ်တက်လိုက်သည်။ ဦးအောင်သိန်းက ကျော်ကို နှင့် မျိုးဇော်တို့ဘက်ဆီ အကဲခတ်လိုက်ပြန်၏။ ဒီနှစ်ကောင်ကိုလည်း ဘာပြောရင်ကောင်းမလဲဟု အပြစ်ရှာနေခြင်းဖြစ်သည်။

မျိုးဇော်က ကောက်ကာငင်ကာ တံမြက်စည်းထလှည်းလိုက်၍ ဦးအောင်သိန်း ပြောခွင့်မသာ ဖြစ်သွား၏။ ကျော်ကိုဆီ ထပ်ကာ ရှင်းလိုက်သည်။ ကျော်ကိုက စာရေးစားပွဲမှာထိုင်ကာ ဘာတွေမှန်းမသိ ရေးနေသည်။ ဦးအောင်သိန်းက မျက်နှာတစ်ချက်ပင့်ကာ ကျော်ကိုအနားကပ်သွားလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ရေးနေတာလဲကွ ... ကျောင်းစာတွေလား"

ကျော်ကိုက တစ်ချက်မော်ကြည့်လိုက်ရင်း ...

"ဝတ္ထုတိုလေးတစ်ပုဒ် လက်စသတ်နေတာပါဗျာ ... မဂ္ဂဇင်းတိုက်ကို ပို့မလို့လေ"

သူ့ကိုယ်သူ ဝါရင့်စာရေးဆရာတစ်ယောက်၏ဟန်နှင့် ပြောလိုက်သောကြောင့် ဦးအောင်သိန်းက မသိမသာ နှာခေါင်းရှုံ့လိုက်သည်။ အနုပညာသမားပီပီ မေးစမ်းကြည့်လိုက်ဦးမည်ဟု စိတ်ကူးလိုက်ပြီး ...

"နေစမ်းပါဦးကွ ... မင်းဝတ္ထုတွေက ဘယ်မဂ္ဂဇင်းတွေမှာ ပါပြီးပြီလဲ"

ထိုအခါမှ ကျော်ကို ဟီးခနဲရယ်လိုက်ရင်း ...

"အဟီး ... ခုထိတော့ မပါသေးပါဘူး ဦးလေးရာ၊ ဒါပေမဲ့ မကြာခင်မှာတော့ ကျွန်တော့်ရဲ့စာမူတွေ ပါလာတော့မှာပါဗျ၊ ဖော်ပြခံရတဲ့အခါ ဦးလေးကို ပေးဖတ်ပါ့မယ်"

ဒီတစ်ခါတော့ မသိမသာ မဟုတ်တော့။ ဦးအောင်သိန်းတစ်ယောက် သိသိသာသာ နှာခေါင်းရှုံ့ရင်း မျက်နှာပါ တွန့်လိုက်သည်။ အကွက်ဆည်းဝင်လာပြီမို့ တော်ကီလွှတ်လေတော့၏။

"မင်းတို့ကောင်တွေကွာ ... ဝတ္ထုတစ်ပုဒ်ရေးတယ်ဆိုတာ လွယ်လယ်များထင်နေလို့လား။ စာများများ ဖတ်ရတာကွ၊ စကားပြေဟန်၊ အသုံးအနှုန်း၊ ဇာတ်လမ်းဇာတ်ကွက်တွေအားလုံး ကောင်းမှဖြစ်တာ၊ ငါတို့ခေတ်တုန်းကဆို စာမူတစ်ပုဒ်ပါဖို့ ခြေတိုအောင် လိုက်ပို့ခဲ့ရတာကွ"

ထိုစကားသည် စာပေလောကထဲသို့ ခြေစုံပစ်၍ တစ်မျိုးနိုင်တင်ထိုး၍ ဆက်သွယ် ဝင်ရောက်ရန်ကြိုးစားနေသော ကျော်ကိုအား အဘိုးအကျ ဖင်ထား

www.burmeseclassic.com



လိုက်လေသည်။ ဦးအောင်သိန်းကိုလည်း လေးစားအားကျစိတ်နှင့် ကြည့်လိုက်သည်။ စာမူပို့ဖူး ပါဖူးသည်ဟု ဆိုလာသည်ကိုး။ ထိုအချက်ကို ဦးအောင်သိန်းကလည်း မသိသည်မဟုတ်။ သိသည်။ ထို့ကြောင့် မျက်နှာထားကို ပန်းချီကားထဲမှာသာ မြင်ဖူးသော ရွှေဥဒေါင်းစတိုင် ဖမ်းထားလိုက်၏။ ကျော်ကိုက ...

"ဦး ဦးလေးရဲ့ ကလောင်နာမည်က ဘာလဲဟင်"

မထင်ထားသော မေးခွန်းကြောင့် ဦးအောင်သိန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"ကလောင်ကတော့ကွာ အင်း ... အဲ ငါတို့ခေတ်တုန်းကတော့ နာမည်ရင်းပဲ သုံးကြတာကွ ငါ့ကလောင်နာမည်က အောင်သိန်း (သူကြီး)တဲ့"

ထိုမျှလောက်နှင့် မကျေနပ်နိုင်ဘဲ ကျော်ကိုက ထပ်မေးရန် ဟန်ပြင်လိုက်သည်။ အနုပညာသမားအချင်းချင်းပေကိုး။

သို့သော် ဒီတစ်ခါတော့ ဦးအောင်သိန်းက ထိုအခွင့်အရေးကို မပေးတော့ချေ။ ခန့်ပိုင်ဘက်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်ရင်း ...

"ကဲ ဟေ့ကောင် ... ရော ... မင်းအိမ်ကပို့လိုက်တဲ့ငွေ အိမ်လခတော့ နုတ်ထားပြီးပြီ၊ ဒီကောင်တွေဆီကတော့ မင်းဟာမင်း အချိုးကျ ပြန်တောင်းပေါ့၊ ဒါနဲ့ ဒီလဖုန်းဖိုးရော"

ဒီအချိန် ဒီစကားပြောလာမည်ကို သိနေသော ခန့်ပိုင်က ဘာမှမပြောမနေတော့ဘဲ ဖုန်းပြောခရသည့်ငွေတွေကို အသင့်ထုတ်ပေးလိုက်သည်။ တစ်ခွန်းတော့ မေးလိုက်ပါ၏။

"ဒါနဲ့ ဦး ... ဒီဖုန်းက ဦးအမည်ပေါက်လား တစ်ခေါ်ပြန်ဝယ်တာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွ"

"ဘာမှ မဖြစ်ပါဘူး ... မေးကြည့်တာပါ"

ထိုအခါမှ ဦးအောင်သိန်းက မပြောချင်ပြောချင်ပုံစံဖြင့် ...

"အမည်ပေါက်တော့ မဟုတ်ဘူး။ တစ်ဆင့်ပြန်ဝယ်ထားတာ"

"ဪ ... ဪ"

ဦးအောင်သိန်း ဘာမှထပ်မပြောတော့။ ဒီဘက်မှာ စကားပြတ်သွားဖြစ်၍ ကျော်ကိုက စာပေအကြောင်း ပြန်ခွေးနွေးရန် ဟန်ပြင်လိုက်သည်။

"ဦးလေး စာပေထဲမှာလေ ..."

ဒီတစ်ခါလည်း ဦးအောင်သိန်းက အပြောမခံပြန်ချေ။ ကျော်ကို့ကို အသာလက်ကာပြလိုက်ရင်း ...

"နောက်မှပြောတော့ ငါ့တူရာ ... ဦးလေး သွားစရာရှိသေးလို့ကွ"

"ဟုတ် ဟုတ်ကဲ့ပါ ဦးလေး"

ကျော်ကို ခပ်နုင်နုင်နှင့် ခေါင်းညိတ်လိုက်ရသည်။ ဦးအောင်သိန်းကတော့ ရနိုင်သမျှ ပိုက်ဆံတွေကို အကုန်ယူကာ သူ့ခြေထောက်နှင့်သူ မြန်ဆင်းသွားလေပြီ။

ကျော်ကိုက သူ့ထက်ဝါရင့်သော စာရေးဆရာအောင်သိန်း (သူကြီး) အား မျက်စိတစ်ဆုံး ကြည့်မဝသလို လိုက်ငေးနေပြီးမှ ...

"ခင်ပိုင်"

"ဟေ ... ဘာများလဲ"

"ဪ ... မင်းဦးလေး စာရေးတယ်ဆိုတာ ခုမှသိရလို့ပါ။ သူက ဘယ်မဂ္ဂဇင်းတွေမှာ ရေးခဲ့တာလဲ၊ စာမူကော တော်တော် ပေါ်ပြခဲ့ရတာသလားကွ"

www.burmeseclassic.com

www.burmeseclassic.com



လေးစားကြည်ညိုစိတ်နှင့် မေးလိုက်ခြင်းဖြစ်သည်။ ခန့်ပိုင်က ကျော်ကို့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"အင်း ... ငါ့ဦးလေးက တော်တော် စာရေးနိုင်တာကွ၊ အရင် တုန်းကတင် မဟုတ်ဘူး ခုချိန်ထိကို ဖော်ပြခံရနေရသေးတယ်"

"ဟာ"

ကျော်ကို မျက်နှာက ဝင်းလက်တောက်ပသွားသည်။ ချက်ချင်းပင် အမောတကော မေးလိုက်၏။

"လုပ်စမ်းပါဦးကွာ ... ခုချိန်ထိ ဖော်ပြခံနေရတယ်ဆိုတော့ ဘယ် မဂ္ဂဇင်းတွေမှာများလဲ"

အနုပညာသမားအချင်းချင်း သိချင်နေသောကိစ္စမို့ ခန့်ပိုင်ကလည်း အမှန်အတိုင်း ဖြေလိုက်ပါသည်။

"မင်းက သတင်းစာမှ မဖတ်တာကိုးကွ"

"ဟင် ... ဘာဖြစ်လို့လဲ"

"သြော် ... သတင်းစာထဲက ပြည်သူ့ထံမှ ပေးစာများဆိုတဲ့ လူထု အော်သံကဏ္ဍမှာ ငါ့ဦးလေးရဲ့တိုင်စာတွေ မကြာခဏဆိုသလို ဖော်ပြခံနေ ရတာကွ ... သိပြီလား"

"ဟော"

အောင်သိန်း (သူကြီး) ၏ ကလောင်ထက်ပုံကို သိလိုက်ရသော ကျော်ကိုမျှာ ပါးစပ်အဟောင်းသားလေး ဖြစ်သွားရလေသည်။ ဒါကြောင့် စာများများဖတ်လို့ ဒင်းကြီးက ပြောသွားခဲ့တာကိုး။ သတင်းစာမဖတ်တော့ ခံပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟိုရောက်မှ မျက်နှာပျက်၊ အရှက်ကွဲရမယ့်ကိစ္စဆိုရင် ငါတို့ကို ခေါ်မသွားတာ ကောင်းမယ်နော် ခန့်ပိုင်"

အတူလျှောက်လာရင်း ကောက်ကာငင်ကာ ပြောလိုက်သော ကျော်ကျော့စကားကြောင့် ခန့်ပိုင် ခြေလှမ်းတွန့်သွားရသည်။ ဘာမှပြန်မပြောရသေးခင်မှာပဲ မျိုးဇော်ကဝင်၍ . . .

"ဟုတ်တယ်ကွ . . . တစ်ဖက်က ကောင်မလေး ဖုန်းမကိုင်တော့ဘာနဲ့ ဒီဘက်ကို မဲလိုက်တာမျိုးကတော့ မကောင်းပါဘူး။ ခုလည်း မင်းအတင်းခေါ်လို့သာ လိုက်လာရတာ"

ခန့်ပိုင်စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားရသည်။ နှစ်ကောင်စလုံးအားသူတွေက အပြုံသဘောဆောင်နေခြင်း မဟုတ်။ ကိုယ့်ကို နှိပ်ကွပ်နေမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသာသည်။

လွန်ခဲ့သောရက်တွေက ဟိုကောင်မလေးဆီ ဖုန်းတောက်လျှောက်ဆက်ခဲ့သည်။ သို့သော် ဖုန်းမကိုင်ချေ။ ထို့ကြောင့် ခု နွေမွန်တို့မလော်တက်ကို သွားသည့်ကိစ္စမှာ ဟိုတက်က အဆင်မပြေ၍ ဒီဘက်ကိုသွားသည်ဟု စွပ်စွဲနေကြခြင်းဖြစ်သည်။

ရုတ်တရက်မို့ ဘယ်လိုချေပရမည်ကို ခန့်ပိုင် စဉ်းစားမရ။ ပြီးမှ စကားတစ်ခွန်းကို တွေးမိကာ ဆိုင်ဆိုင်မဆိုင်ဆိုင်ဟု သဘောထားလိုက်လျက် ...

"မင်းတို့ကို ငါပြောပြမယ်"

"အေး ... ပြောကြည့်လေ"

"ဒီလိုကွာ ... တောင်တက်သမားတွေကို မေးကြတယ်၊ အန္တရာယ်လည်း များတယ်ကွာ၊ ဘာလိုချင်လို့၊ ဘာအကျိုးရှိမှာမို့ တောင်တက်နေရတာလဲတဲ့"

"အဲဒီတော့"

"တောင်တက်သမားတွေ ဖြေတာကလည်း ရှင်းတယ်ကွ ... တောင်တွေရှိနေလို့ သူတို့တက်နေတာတဲ့လေ"

ဟားဟားအသံနှင့် နှုတ်ကောင်သား ရယ်ခဲဖြစ်သွားကြပြီးမှ ကော်ဇော်က မျက်မှောင်ကုတ်လိုက်လျက် ...

"နေစမ်းပါဦးကွ ... တောင်တက်သမားတွေက တောင်ရှိလို့ တက်ကြတာနဲ့ မင်း အခု နွေမွန်ဆီ သွားနေတဲ့ကိစ္စက ဘယ်လိုပတ်သက်လို့လဲ"

ထိုအမေးတော့ ခန့်ပိုင်က မျက်နှာထားတည်တည်နှင့်ပင် ...

"ဘယ်လိုပတ်သက်တယ်ဆိုတာကတော့ မင်းတို့ဦးနှောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ငှိုးစားကြည့်ကြလေကွာ၊ ငါက ဖြေရှင်းပြရဦးမှာလား''

အပြောခံလိုက်ရသဖြင့် နှစ်ကောင်စလုံး တင်းသွားကြသည်။ မျိုးဇော်က ...

''ဘာမှ စဉ်းစားနေစရာမလိုဘူး ခန့်ပိုင် ... မင်း ခု နွေမွှန်ဆီ သွားနေတာဟာ နှာဘူးကိစ္စကြောင့်ပဲ''

''သိရင်လည်း ပြီးရောကွာ၊ ငါ တစ်ယောက်တည်းဖြစ်နေလို့ ခေါ်သာတာကို သိပ်စျေးကိုင်မနေကြနဲ့၊ ဒီနေ့ မင်းတို့စားတာ သောက်တာတွေကိုလည်း ငါရှင်းပါ့မယ်လို့ ပြောထားပြီးသားပဲ''

ကျော်ကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

''အဲဒီကမ်းလှမ်းချက်ကို လက်ခံပြီးသားပါ၊ ဒါပေမဲ့ ဟိုရောက်မှ မင်းရဲ့နွေမွှန်က မသိဘူး၊ ဘာလာကြောင်တာလဲဆိုရင် မင်းတင်မဟုတ်ဘူး ... ငါတို့ပါ အကုန်လုံး ဝွမ်းမှာစိုးလို့ကွ''

''ဟာ ... အဲလိုတော့ လုံးဝမဖြစ်နိုင်ပါဘူးကွာ၊ နွေမွှန်က အဲဒီ ယောက်ျိုးမှာ မဟုတ်ပါဘူး။ ပြီးတော့ ငါက ရည်းစားစကား သွားပြောမှာမှ မဟုတ်သေးတာ၊ သူ့အပေါ် ခုန်နေတဲ့ရင်ခုန်သံဟာ အစစ်လားလို့ သွားလေ့လာတာ ... ဒီလောက်ပဲ''

''အေးလေ ... မင်းဇာတ် မင်းနိုင်ရင် ပြီးတာပါပဲ''

ဘယ်လိုမှ ပြောဆိုသုံးမလို့ မရသည့်အဆုံးမှာ မျိုးဇော်က ထိုသို့ပဲ ညည်းပြောပြောလိုက်သည်။ ခန့်ပိုင်ခေါင်းထဲမှာ ဘာတွေစဉ်းစားပြီး ဘယ်လို တွေ ကြံစည်နေသည်ကို သူတို့မသိ။ ခုတော့ သုံးယောက်စလုံး၏ ခြေလှမ်း တွေက ဖလော်ကင်တင်းနားသို့ နီး၍ကပ်၍လာလေပြီ။

ကင်တင်းထဲသို့ လှမ်းဝင်ရင်း မျက်စိကစားလိုက်ရာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးကို ကလော်ထုတ်ပြီး ဓါးလီလှီးသလို လှီးချကစားခြင်းတော့ မဟုတ်ချေ။ မျက်စိနှစ်လုံးကို မျက်အိမ်ထဲမှာပဲ ဘယ်ညာရွေ့ကာ ဟိုကြည့် ဒီကြည့် လုပ်လိုက်ခြင်းသာ ဖြစ်သည်။ ပြောရတာလည်း ရှုပ်သည်။ ထိုသို့ ကြည့်လိုက်တော့ တွေ့လိုက်ရပါပြီ။

"ဟင်"

အကြည့်ဆုံမှတ်တစ်ခုအရောက်မှာ အာမေဋိတ်ပင် ထွက်ကျသွားရ၏။ နွေမွန်အား ဘဲတစ်ပွေ (ဝါ) လူငယ်တစ်ယောက်နှင့်အတူ စားပွဲဝိုင်းတစ်ခုမှာ နှစ်ယောက်တည်း တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ခန့်ပိုင်ရင်ထဲ ဟာခနဲဖြစ်သွားရ၏။ နွေမွန်လို လှတပတ ကောင်မလေးမှာ ရည်းစားရှိနိုင်သည်ဆိုသည့်အချက်ကို သူ ထည့်မစဉ်းစားမိခဲ့။ ရည်းစားအလောင်းအလျာအဖြစ် တစ်ဖက်သတ်ကြီး စိတ်ကူးထားခဲ့မိသည်။ ခုတော့ ပွဲကပြုတ်ပြီ။

ငုတ်တုတ်မေ့ရင်း ရပ်ကြည့်နေမိသဖြင့် ကျော်ကိုက ...

"ဟေ့ကောင် ဘာဖြစ်လို့လဲ"

ထိုအခါမှ ခန့်ပိုင်က အသံလေးလေးကြီးနှင့် ...

"ဟိုမှာလေ ... ဟိုဝိုင်းမှာ ဘဲတစ်ပွေနဲ့အတူ ထိုင်နေတာ နွေမွန်ပေါ့"

"ဩော်"

နှစ်ကောင်စလုံး သဘောပေါက်သွားလေသည်။

မျိုးဇော်က ...

"မင်း ခု ဘာလုပ်မှာလဲ ခန့်ပိုင်၊ ဒီအတိုင်းပဲ သွားနှုတ်ဆက်မလား"

ခန့်ပိုင်က ခေါင်းခါလိုက်သည်။ ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ ... နွတ်မဆက်ဘဲ ပြန်လိုက်တာကပဲ ငါ့အတွက် ပိုကောင်းမယ်ကွ"

ထိုသို့ပြောပြီး အသည်းကွဲသမားတစ်ယောက်၏ဟာနိပန်အမူအရာ ဖြင့် အတင်းလှုပ်ယူကာ ကင်တင်းထဲမှ လှည့်ထွက်လိုက်သည်။

ထိုအချိန်မှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ခန့်ပိုင် ခန့်ပိုင် … ခဏနေပါဦး"

နောက်ဘက်ဆီကထွက်လာသောစကားသံကလေးက ကမ္ဘာခွဲဝင်အားထက် ပိုသည်ဟု ခံစားလိုက်ရသည်။ ခန့်ပိုင်ခြေလှမ်းတွေကလည်း အမိန့်တစ်ခုကိုနာခံလိုက်သလို တုံ့ခနဲ။

တစ်ဆက်တည်း နောက်ဘက်ကို လှည့်ကြည့်လိုက်မိသည်။ သူ့ဆီသို့ ခပ်သွက်သွက်လျှောက်လာသော နွေမွှန်ကိုလည်း တွေ့လိုက်ရ၏။ ခန့်ပိုင်က ဟန်လုပ်ပြီး …

"ဪ … နွေမွှန်ပါလား။ တစ်ယောက်တည်းပဲလား။ သူငယ်ချင်းတွေရော"

နွေမွှန်က သူ့အနားထိအောင် တိုးကပ်လာသည်။ ပြီး လေသံခပ်

www.burmeseclassic.com

www.burmeseclassic.com


တိုးတိုးနှင့် …

"တစ်ယောက်တည်းတော့ မဟုတ်ဘူး … ကျွန်မ ကျူးထဲကျပ်ထဲ ရောက်နေလို့ ရှင်ကူညီမှပဲ ရမှာ"

"ဟင် … ဘယ်လိုကူညီရမှာလဲ"

နွေမွန့်မျက်နှာပေါ်မှာ ရှက်ရိပ်နွယ်နွယ် ရစ်ပတ်သွားသည်။ ပြီးမှ မပြောချင် ပြောချင်ပုံစံဖြင့် …

"ဟိုလေ အင်း … အဲ လာပါ … ဟိုဝိုင်းရောက်မှ ကျွန်မပြောတဲ့ စကားနောက်က ကြည့်ကျက်လိုက်ပြောပေး … ဖြစ်မလား"

"ဖြစ် ဖြစ်ပါတယ်"

ဘာမှန်းမသိရသေးဘဲ နွေမွန်နောက်က သုံးယောက်သား ပါသွားသည်။ ခုနက ထိုင်နေခဲ့သည့် ဝိုင်းကိုရောက်တော့ နွေမွန်က အရင်ဝင်ထိုင် လိုက်ရင်း …

"ခန့်ပိုင် ထိုင်လေ … ကြိုတုန်း နင်နဲ့ မိတ်ဆက်ပေးချင်လို့"

"ဘု"လည်းမသိ "ဘ"လည်းမသိရသေးဘဲ ခန့်ပိုင် ဝင်ထိုင်လိုက်ရသည်။ ကျော်ကိုတို့ကိုလည်း ဝင်ထိုင်ရန် မျက်ရိပ်ပြလိုက်၏။

ဝင်ထိုင်အပြီးမှာပဲ နွေမွန်က ခန့်ပိုင်ကိုကြည့်၍ …

"ခန့်ပိုင် … သူ့နာမည်က အဲ … တင်မောင်အေးတဲ့၊ ဟဲ့ တင်မောင်အေး … ဒါက ငါနင့်ကိုပြောပြောနေတဲ့ ခန့်ပိုင်၊ ခုတော့ နင် ယုံသွားပြီမဟုတ် လား"

ဘာတွေမှန်းတော့ ခုထိမသိရသေး။ သို့သော် တင်မောင်အေးဆို သည့် လူက ခန့်ပိုင်ကို ပြုံးကြည့်လာသည်။ ပြောင်ပြောင်တင်းတင်း အကဲ ခတ်လိုက်ခြင်းဖြစ်၏။ ပြီး ခင်းကပဲ နွေမွန့်ဘက်သို့ ဆတ်ခနဲလှည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိန္နေ ... နင်က ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"အာ ... ဘယ်လိုခေါ်ရမှာလဲဟ၊ နင့် နာမည်တင်မောင်အေးဆို တင်မောင်အေးလို့ပဲ ခေါ်လိုက်တာပေါ့၊ ဘာလဲ ... ငါက သူငယ်ချင်း အချင်းချင်း အာလာဒင်လို့ ခေါ်ရမှာလား"

ဘာပြန်ပြောရမည်မှန်းမသိဖြစ်သွားပြီးမှ တင်မောင်အေးက အိုးတိုး အမ်းတမ်းအသွင်ဖြင့် ...

"ဟာ ... မဟုတ်ပါဘူး။ ငါပြောချင်တာက ဟာကွာ ... ဘာမှ မဟုတ်တော့ဘူး။ ဒါဆို ဒီက ကိုခန့်ပိုင်က နင့်ဘဲပေါ့ ... ဟုတ်လား"

ထိုစကားကြောင့် ခန့်ပိုင်စိတ်ထဲ ဟာခနဲ ရှေရွတ်လိုက်မိပြီး ထိုင် ရာမှမထဘဲ လေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။ ဘေးမှ နှစ်ကောင်၏ မျက်ဝန်းတွေကလည်း မထင်ထားသည့်စကားမို့ အပြူးသား။ ဆတ်ခနဲ နွေမွန့်ဆီ လှမ်းကြည့်လိုက်သည်။ မင်နီနှင့် လှမ်းပက်ခံလိုက်ရ သလို နွေမွန့်မျက်နှာတစ်ခုလုံး ရဲတက်သွားရပြီး စကားသံလေးကလည်း တယောင်ချောက်ချားထွက်လာသည်။

"အာ ... နင့်ကို ငါပြောပြီးသားလေ၊ ဘာဖြစ်လို့ ဒဲ့တိုးကြီး ပြောချလိုက်တာလဲ"

ထိုစကားအဆုံးမှာတော့ တင်မောင်အေးက ကြီးစွာသောသက်ပြင်း ကို ချသည်။ ပြီး ...

"ဟုတ်ရင်လည်း ဘာရှက်စရာလိုလို့လဲ မိန္နေရာ၊ နင်နဲ့ငါက ခုမှ သိကြတာမှမဟုတ်တာ"

နွေမွန်က ဘာမှပြန်မပြော၊ ရှက်ငွေ့မပြယ်သေးသော မျက်နှာကို ငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ တင်မောင်အေးက ခန့်ပိုင်ဆီသို့ လက်ဆန့်တန်းလိုက်လျက် ...

"ဂုဏ်ယူပါတယ် ကိုခန့်ပိုင်၊ ကျွန်တော်က မိန္ဒကို ပရိုပို့(စ်) လုပ်ထားတာလေ၊ သူကသူ့မှာ ရည်းစားရှိတယ်လို့ပဲ ပြောပြောနေတာဗျ ပထမတော့ ဖြီးတယ်လို့ ထင်နေတာ၊ ခုလို ကိုခန့်ပိုင်ကို အကောင်လိုက် မြင်လိုက် ရမှပဲ ယုံသွားတာ"

"ဟုတ် ဟုတ်ကဲ့"

အိမ်မက်မက်နေသူလို ခန့်ပိုင်က လက်ပြန်ကမ်းပြီး နှုတ်ဆက်လိုက်သည်။ ထိုအချိန်မှာပဲ တင်မောင်အေးက ...

"ကဲ ... ငါသွားတော့မယ် မိန္ဒ၊ ကိုခန့်ပိုင်တို့လည်း ခွင့်ပြုကြဦး"

ယဉ်ကျေးလိမ္မာသင်တန်းတက်ထားသူပမာ ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပြီး တင်မောင်အေး ထ,ပြန်သွားသည်။

ဒီဘက်ကဝိုင်းမှာတော့ ဘာစကားသံမကြားရဘဲ တိတ်ဆိတ်ပြီး ကျန်နေခဲ့၏။ လက်တလေးအနေအထားကို ရိပ်မိလိုက်သော ကျော်ကိုနှင့် မျိုးဇော်တို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ပြီး ကျော်ကိုကပဲ ...

"ခန့်ပိုင် ... ငါတို့သွားစရာရှိသေးလို့ လစ်လိုက်ဦးမယ်၊ မင်း နေခဲ့မှာမလား"

"ကြော် ... အေး အေး"

"ဒါဆိုလည်း သွားပြီ ... လာ မျိုးဇော်"

နှစ်ကောင်သားက ပြန်သွားကြသည်။ ထိုအချိန်အထိ ခန့်ပိုင် ဘာ ပြောရမည်ကို မသိသေး။ ထိုနည်းတူစွာ မေ့မွန်ထံကလည်း စကားသံမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာသေးချေ။ ခုချိန်ထိ ခေါင်းငုံ့ထားဆဲ ဖြစ်သည်။

ခန့်ပိုင်စိတ်ထဲ ဒီအတိုင်းထိုင်နေလို့ မဖြစ်တော့ဘူးဟု တွေးလိုက်မိ၏။ ထိုသို့ဆိုရှိ၍ ကုလားကားတွေထဲကလို နွေမွှန့်လက်ကို ဆွဲပြီး ရုတ်တရက် 'ထ' ကရန် စဉ်းစားလိုက်ခြင်းလည်း မဟုတ်ပါ။ နွေမွှန် အနေမခက်အောင် စကားစပြောမှ ဖြစ်တော့မည်။

ထိုစိတ်ကူးနှင့် ခန့်ပိုင်က ...

"အခက်အခဲလည်း ပြေလည်သွားပြီပဲ နွေမွှန်ရယ်၊ ကျွန်တော့်ကို ဘာမှရှက်မနေပါနဲ့၊ ကျွန်တော်နားလည်ပါတယ်"

နွေမွှန်က ခပ်ဖြည်းဖြည်းလေး ခေါင်းမော့လာသည်။ မျက်နှာပေါ်မှာတော့ ရှက်သွေ့တွေက မပြယ်သေး။ သို့သော်လည်း စကားကိုတော့ တည်ငြိမ်စွာ ပြောလာ၏။

"ဘာပဲဖြစ်ဖြစ် ခန့်ပိုင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မက သဘောလောက်ကလေးပဲ ပြောထားတာလေ၊ ဟိုကောင်က ဒွဲတိုးကြီး ပြောချလိုက်တော့ ပိုဆိုးသွားတာ"

"ကိစ္စမရှိပါဘူးဗျာ ... လောလောဆယ် နွေမွှန့်အခက်အခဲကို ကူညီခွင့်ရလိုက်လို့ ကျွန်တော် ဝမ်းသာပါတယ်"

စကားအဆုံးမှာ နွေမွှန်က ကြည်ကြည်လင်လင်လေး ပြုံးသည်။ နွေမွှန့်မျက်နှာလေးကိုကြည့်ကာ ခန့်ပိုင်စိတ်တွေ လှုပ်ရှားလာရပြီး ...

"နွေမွှန်"

"ဟင် ... ဘာလဲ"

"ဒါဆို နွေမွှန့်မှာ တကယ်ပဲ ချစ်သူမရှိဘူးပေါ့နော်"

မျက်နှာပေါ် ရှက်သွေ့တွေပြန်သီးတက်လာရင်း နွေမွှန်က ...



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မရှိပါဘူး။ ရှိရင် ဟိုကောင့်ကို ခေါ်ပြလိုက်မှာပေါ့၊ မရှိလို့သာ ခန့်ပိုင်ကို အကူအညီတောင်းရတာလေ"

"ဝမ်းသာလိုက်တာဗျာ"

"ရှင် ... ဘယ်လို"

"ဩော် ... နွေမှုန့်ကို ကူညီခွင့်ရလို့ ကိုယ့်ကိုယ်ကိုယ် ဝမ်းသာတယ်လို့ ပြောနေတာပါ"

မျက်စောင်းလေးက ဒိုင်းခနဲ ရောက်ရှိလာသည်။ ခန့်ပိုင်က စကားထပ်ပြောရန် အားယူလိုက်ပြီး ...

"ဟိုလေ ... နွေမှုန့်ဆီကို ကျွန်တော် လာလည်လို့ရပါတယ်နော်"

ထိုစကားကြောင့် နွေမှုန်က ခပ်ရှုးရှုးလေး ကြည့်လာကာ ...

"ရပါတယ် ... ကြိုရင်ဝင်ပေါ့၊ အတန်းအားရင် ကျွန်မတို့က ဒီကင်တင်းမှာပဲ ထိုင်ဖြစ်တာ"

"ဒါဆိုရင်တော့ ကြိုမှာပါ"

"ရှင်"

"ဩော် ... လာလည်ရင်တော့ တွေ့မှာပဲလို့လေ"

"ဒါကတော့ ရှင်ပြောမှလားရှင့်"

နှစ်ယောက်သား ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်ကြသည်။ ခန့်ပိုင် တော်ကီထပ်လွှတ်ရန် စဉ်းစားနေချိန်မှာပဲ ...

"ဟဲ့ မိနွေ ... နင်က ဒီမှာ ဘာလုပ်နေတာလဲ"

"အေးလေ ... ငါတို့ကိုကျ ထားခဲ့ပြီး နင်က ဒီမှာ ဘာဲ့ ... အဲ ..."

ခန့်ပိုင်မျက်နှာကို တည့်တည့်မြင်လိုက်ရသောကြောင့် မေသူနိုင်



www.burmeseclassic.com

www.burmeseclassic.com



စကားက ရပ်တန့်သွားသည်။

ဝတ်ရည်ကလည်း အပြုံးသားကြည့်လာပြီး ခန့်ပိုင်ကို လက်ညှိုး ထိုးလျက် ...

"သူ ... သူက ဟို ဆရာ ဆရာ မဟုတ်လား"

နွေမွန်က သူ့သူငယ်ချင်းနှစ်ယောက်စလုံးကို မျက်စောင်းထိုးလိုက်ကာ ...

"ဘယ်ဆရာမှ မဟုတ်ဘူး။ ထိုင်ကြဦး ... နင်တို့ကို ငါ အစအဆုံး ရှင်းပြမယ်"

မေသူခိုင်နှင့်ဝတ်ရည်တို့က ဝင်ထိုင်လိုက်ကြသည်။ ထိုအချိန်မှာပဲ ခန့်ပိုင်က ထရပ်လိုက်ရင်း ...

"ကဲ နွေမွန် ... ကျွန်တော်ပြန်ဦးမယ်နော်၊ နောက်နေ့မှပဲ လာ လည်တော့မယ်"

"ဟုတ် ဟုတ်ကဲ့"

ခေါင်းလေးညိတ်ရင်း ပြောလာသော နွေမွန့်စကားအဆုံးမှာ ခန့်ပိုင် ထွက်လာခဲ့သည်။

အပြန်လမ်းမှာ အပျော်စိတ်ဖြင့် တစ်ကိုယ်လုံး ပေါ့ပါးနေသည်ဟုပင် ဆင်ရသည်။

ထိုအပျော်သည် ဘယ်အချိန်အထိခံမည်ဆိုတာကို ခန့်ပိုင် မသိ သေး။

ထို့သို့ဖြင့်ပေါ့ ...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညဘက်ရောက်သည်အထိ ခန့်ပိုင် အူမြူးနေမိသည်။ အပျော်စိတ်ဖြင့် အိမ်ကနှစ်ကောင်ကိုပင် ခေါက်ဆွဲကြော်တစ်ပွဲဝယ်ကာ တစ်ယောက်တစ်ဝက်စီစားဟု ရက်ရက်ရောရော ကျွေးလိုက်သေး၏။

ဘီယာကလေးကလည်း တစ်ယောက်နှစ်ခွက်စီလောက် သောက်ထားကြသဖြင့် ဖိမ်ရစ်ကာ ယူနေကြစဉ်မှာပဲ ...

'ကလင် ကလင်'

ဖုန်းမြည်လာခြင်းဖြစ်သည်။ ဒီတစ်ခါတော့ သဘောကောင်းနေသော ခန့်ပိုင်ကပဲ ဖုန်းကိုင်ရန် ထသွားလိုက်၏။

"ဟင်"

ခေါ်နေသောနံပါတ်ကိုကြည့်ပြီး ခန့်ပိုင် မျက်ခုံးမြင့်တက်သွားရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ အကြိမ်ကြိမ်ဆက်ခဲ့တာကို မကိုင်ခဲ့သော ဟိုကောင်မလေး၏ ဖုန်း။ သို့နှင့် ဘာမှ စဉ်းစားမနေတော့ဘဲ ကောက်ကိုင်လိုက်၏။

"ဟလို"

တစ်ဖက်က ခေတ္တတိတ်ဆိတ်နေပြီးမှ စကားသံ ထွက်လာသည်။

"ကျွန်မ ဖုန်းဆက်တာကို အံ့ဩသွားတာလား ခန့်ပိုင်"

"ဟုတ် ဟုတ်တယ်ဗျ ... ကျွန်တော် ခင်ဗျားကိုတောင်းပန်မလို့ ဖုန်းအကြိမ်ကြိမ် ခေါ်သေးတယ်လေ၊ လုံးဝ မကိုင်တော့"

"ဟုတ်တယ် ... မကိုင်ချင်လို့ မကိုင်တာ၊ နောက်လည်း မှာထားမယ်နော် ... ကျွန်မ မဆက်နိုင်းရင် ရှင် ဖုန်းမဆက်ပါနဲ့"

"ဟင် ... ဒါဆို စကားပြောချင်လာရင်ကော"

နှာခေါင်းရှုံ့သံလေးကို အရင်ကြားရသည်။ ပြီးမှ ...

"ဘာမှမပြောချင်နဲ့၊ ခေါ်ချင်ပြောချင်တဲ့အခါ ကျွန်မဘက်ကပဲ ခေါ်မယ်၊ ဆက်နိုင်းစရာရှိရင်လည်း ကျွန်မပဲ ကြိုပြောမယ်"

ခန့်ပိုင် သက်ပြင်းကိုသာ ချလိုက်မိသည်။ ပြီး ပြောစရာရှိတာကို လည်း ပြောလိုက်ပါ၏။

"ချိန်းခဲ့တဲ့ နှစ်ခါစလုံးအတွက် ကျွန်တော့်ဘက်က တောင်းပန်ပါတယ်ဗျာ၊ နောက်တစ်ကြိမ်ဆို ဒီလို လုံးဝမဖြစ်စေရပါဘူး"

"အောင်မာ ... လာလာချည်သေး။ နောက်တစ်ကြိမ် ရှင့်ကို ချိန်းဦးမယ်လို့ ဘယ်သူကပြောလို့လဲ"

"ဗျာ ... ဒါ ဒါဆို ခင်ဗျားနဲ့ကျွန်တော်က နောက် ဘယ်တော့မှ ဆုံခွင့်မရှိတော့ဘူးလား"

ကောင်မလေးဘက်က အတန်ကြာငြိမ်သက်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ကျွန်မ စဉ်းစားဦးမယ်၊ နှစ်ကြိမ်စလုံး ရှင့်ဘက်က ဖျက်ကွက်ခဲ့တာဆိုတော့ ဒီတစ်ကြိမ် ကျွန်မနဲ့ဆုံချင်ရင် ရှင့်ကို စာမေးပွဲစစ်မှ ဖြစ်တော့မှာရှင့်"

"ဟာဗျာ ... ဒီလောက် ကျောင်းစာတွေ ကျက်နေရတဲ့ကြားထဲ ခင်ဗျားက ဘာစာမေးပွဲစစ်ဦးမှာလဲ"

"ဪ ... ကျောင်းစာတော့ စစ်မလားရှင့်၊ ဒါနဲ့ ရှင့်ကို ကျောင်းမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တွေ့နေရတယ်နော်၊ ဘာလဲ ... ရှင်က ရည်းစားထားဖို့ စိတ်ကူးနေတာလား"

ခန့်ပိုင်စိတ်ထဲ ဒိန်းခနဲ ဖြစ်သွား၏။ ဘီယာအရှိန်လေးလည်း ပြေချင်သွားရသည်။ ဒါဆိုလျှင် သူနှင့်နွေမွှန်တို့ကို ဒီကောင်မလေး ထပ်တွေ့သိုက်သည့်ပေါ့။

ထိုအတွေးနှင့်ပင် ခန့်ပိုင်က ...

"အဟဲ ... အဲဒါက ခင်ဗျားနဲ့ ပထမဆုံးချိန်းတုန်းက လူမှားပြီး တွေ့ခဲ့တဲ့ ကောင်မလေးလေ၊ ခု သူနဲ့ကျွန်တော်က သူငယ်ချင်းတွေ ဖြစ်နေတာဗျ၊ နွေမွှန်က ချောတယ်မဟုတ်လား"

တစ်ဖက်မှအသံ ခဏတိတ်သွားသည်။ တခြားမိန်းကလေးတစ်ယောက်ကို ချောတယ်ပြောလို့ ငြိမ်သွားတာများလား။ မိန်းကလေးတွေက ထိုသို့ ဖြစ်တတ်သည်။

အတန်ကြာမှ ကောင်မလေးက အသံတည်တည်နှင့် ...

"သေသေချာချာတောင် မကြည့်မိပါဘူး"

"အဲဒါ ခက်တာပဲဗျာ၊ ခင်ဗျားက ကျွန်တော့်ကို မြင်ဖူးပြီး ခင်ဗျားကို ကျွန်တော်က မမြင်ဖူးတော့ တစ်ပန်းရှုံးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရှင့်ဘက်က ပျက်ကွက်တာပဲလေ"

"ဟုတ်ပါတယ် ... အဲဒါကြောင့်လည်း ခု ထပ်တွေ့ဖို့ ပြောနေတာ ပေါ့"

"သိတယ်လေ၊ ရှင့်ကိုလည်း အဲဒါကြောင့် စာမေးပွဲစစ်မယ်လို့ ပြောနေတာပဲ"

ဖုန်းလိုင်းတစ်လိုင်းထဲမှာ နှစ်ယောက်သား တိုင်ပတ်နေကြသည်။ ထိုတိုင်ကိုတော့ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထောင်ထားသောတိုင်ဟု ပြောရတော့မည်လား မသိ။

ထိုသို့ ပေါက်ပေါက်ရှာရှာ စဉ်းစားလိုက်မိပြီး ခန့်ပိုင်က ...

"ကဲ ... ဒါဆိုရင်လည်း ပြောဗျာ၊ ဘယ်လိုစာမေးပွဲစစ်မှာလဲ ဆိုတာကို"

စိတ်မရှည်သောလေသံကြောင့် ကောင်မလေးက တခစ်ခစ် ရယ် သည်။ ပြီးမှ ...

"သိပ်လည်း စိတ်မတိုပါနဲ့ရှင်၊ ကဲပါ ... စာမေးပွဲရဲ့အချိန်ကို ပြောမယ်၊ မနက်ဖြန် အမျိုးစပ်ချင်ရင် စပ်လို့ရတဲ့အချိန်မှာ ကျွန်မ ဖုန်းခေါ်လိုက်၊ အဲဒီတော့မှ မေးခွန်းကိုပြောမယ်၊ အဲဒီအချိန်မှာမှ မဆက်နိုင် ရင်တော့ ရှင် ကျွန်မဆီကို ဘယ်တော့မှ ဖုန်းမဆက်နဲ့တော့"

ထိုစကားကြောင့် ခန့်ပိုင် ထူပူသွားရပြီး ...

"ဟာဗျာ ... ဘယ်လိုကြီးလဲ"

"ဘာမှပြောမနေနဲ့ ... ကျွန်မပြောတဲ့အတိုင်းပဲ လုပ်ပါ၊ အဲဒါ ရှင့်ကို အခွင့်အရေးထပ်ပေးတာနော်"

လောလောဆယ် စဉ်းစားမရသေးသော်လည်း သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လျှော့ချလိုက်ရင်း ...

"ဟုတ်ပါပြီဗျာ ... အဲဒီအချိန်ဆိုလည်း အဲဒီအချိန်ပေါ့။ ဒါပေမဲ့ ကျွန်တော့်ကို အခွင့်အရေးလေးတစ်ခုလောက် ထပ်ပေးပါဦး"

"ဘာပေးရမှာလဲ ... ပြော"

"ခင်ဗျားရဲ့နာမည်လေးပါ။ အဲဒါတော့ ကျွန်တော် တကယ်သိချင်တယ်"

ဒီတစ်ခါတော့ တကယ်စဉ်းစားသွားပုံပေါ်သည်။ အတန်ကြာ ငြိမ်ဆိတ်နေပြီးမှ ပြန်မေးလာ၏။

"ရှင်က တကယ်သိချင်လို့လား"

"သိချင်လို့ပေါ့ဗျာ၊ အဲဒါမှ စကားပြောရဆိုရတာ ပိုကောင်းတာပေါ့"

"ဟုတ်ပြီလေ ... ဒါဆိုလည်းပြောမယ်"

စကားကိုရပ်ထားလိုက်ပြီးမှ သူ့နာမည်ဟု ယူဆရသော စကားလေးနှစ်လုံးကို ဆိုလာသည်။

"ခေးခေး"

"ဟင်"

ဘာတစ်ခုမှ ပြန်မမေးရသေးခင်မှာပဲ ဖုန်းချသွားလေ၏။

ခန့်ပိုင် လေပူတစ်ချက်ကိုပဲ မှုတ်ထုတ်လိုက်မိသည်။ ပြီး အနားရောက်လာသော ကျော်ကိုနှင့် ဇော်မျိုးတို့လည်း စိတ်မသက်သာစွာ ပြောဆိုက်မိ၏။

"မင်းတို့လည်း ကူစဉ်းစားပေးကြစမ်းပါကွာ"

"ဟင် ... ငါတို့က ဘာကို စဉ်းစားပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အချိန်တစ်ခုကိုပါ"

"အေးလေ ... အချိန်ဆိုတာက ဘယ်လိုအချိန်ကို ပြောတာလဲကွ"

"အမျိုးစပ်ချင်ရင် စပ်လို့ရတဲ့အချိန်တဲ့"

"ဟော"

▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အမျိုးစပ်ချင်ရင် စပ်လို့ရသောအချိန်"ဆိုတာကို တစ်ညလုံး နီးပါး
ငိုင်းစားခဲ့သည်။ စဉ်းစားတာမှ နဖူးပေါ်လက်တင်၍ တစ်မျိုး၊ ခုတင်ကို
တက်ကာ လမ်းလျှောက်၍တစ်ဖုံ စဉ်းစားခဲ့ပါသည်။ ကျေနပ်လောက်သော
အဖြေကို မရ။

မနက်ကျတော့ ဟိုနှစ်ကောင်ကို အားကိုးတကြီး မေးမိသည်။
င်းတို့ကော စဉ်းစားမိကြလားပေါ့။

စာရေးဆရာဖြစ်ရန် ကြိုးစားနေသော ကျော်ကိုက ဘာများလဲ
ွာဟူသော ပေါ့ပါးပုံစံကလေးနှင့် ...

"ဒါလေးများကွာ ... အမျိုးစပ်ချင်ရင် စပ်လို့ရတဲ့အချိန်ဆိုတာက
ိုးနေတာပဲ၊ မင်္ဂလာဆောင်ပြီးစ အသစ်စက်စက်လင်မယား အိပ်တဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ”

“ဟာ”

“ဟုတ်တယ်လေ ... မကြာခင်မှာ သူတို့အမျိုးတော်ကြတော့မှာ မဟုတ်လား”

စကားအဆုံးမှာ ခန့်ပိုင်က ကျော်ကိုနားရင်းကို ဖြောင်းခနဲ အုပ်လိုက်ရင်း ...

“မိုက်ရိုင်းလှချည်လား၊ ယုတ်မာလှချည်လား၊ ဟိုက မိန်းကလေးလေ ... အဲဒီလို မေးပါ့မလားကွ”

ကျော်ကိုက နားထင်ကိုပွတ်ကာ မကြည်သလို ပြန်ကြည့်လျက် ...

“အဲဒါဆိုရင်တော့ ငါလည်း မစဉ်းစားတတ်တော့ဘူးကွာ၊ မင်းဟာမင်းပဲ အဖြေရှာတော့”

စကားအဆုံးမှာ ခန့်ပိုင်က မျိုးဇော်ဘက်သို့ လှည့်လိုက်သည်။ မျိုးဇော်က မျက်မှောင်ကုတ်နေပြီးမှ ဆတ်ခနဲ ...

“ဟာ ... ဟုတ်ပြီ”

ခန့်ပိုင် လိုက်ခနဲ ဖြစ်သွား၏။ သို့သော် မျိုးဇော်ကပဲ ...

“အဲ ... မဟုတ်သေးဘူးကွ”

“ဟာ”

ခန့်ပိုင် စိတ်ပျက်သွားပုံကို ကြည့်ပြီး နှစ်ကောင်သား ဟားတိုက်ကြတော့သည်။

ပြီး ကျော်ကိုကပဲ ...

“မင်းကို အဲဒီကောင်မလေး ဦးနှောက်စားနေပြီကွ၊ ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါကွာ . . . မင်းဟာမင်း နွေမွန်ကိုပဲ ရအောင် ချဉ်းကပ်စမ်းပါ"

ထိုစကားကြောင့် ခန့်ပိုင်က မသက်မသာ ခေါင်းခါလိုက်ပြီး . . .

"မင်းတို့မသိပါဘူးကွာ၊ နွေမွန်ကို ချဉ်းကပ်မယ်ဆိုတာက တစ်တဏ္ဍပါ၊ ခေးခေးမေးတာကိုလည်း ရအောင်ဖြေပြီး သူနဲ့တွေ့ချင်သေးတယ်ကွ၊ အဲဒီအတွက် ငါ့မှာ ဆင်ခြေမရှိဘူး"

"အေး . . . မင်းတော့ ရှုပ်မှာပဲ ခန့်ပိုင်"

မျိုးဇော်က ကောက်ချက်ချသည်။ ခန့်ပိုင်လည်း ဘာမှ တုံ့ပြန်ပြောမနေတော့။ ခေးခေးမေးသော မေးခွန်းကိုပဲ တစ်ချိန်လုံး စဉ်းစားနေမိသည်။ ကျောင်းရောက်သည်အထိ စဉ်းစား၏။ နောက်ဆုံး ကျောင်းမှာ နွေမွန်နှင့် ဆုံပြီး စကားပြောနေသည့်အချိန်အထိ စဉ်းစားနေမိသေးသည်။

စကားပြောရင်း တစ်ချက်တစ်ချက် မျက်မှောင်ကြုတ်သွားသော ခန့်ပိုင်ကိုကြည့်ကာ နွေမွန်ကပင် . . .

"ခန့်ပိုင် . . . စကားပြောနေရင်းက ဘာဖြစ်ဖြစ်သွားတာလဲ၊ စိတ်ညစ်စရာရှိလို့လား"

"အဲ . . . ဟို . . ."

ဘာပြောရမှန်းမသိ ဖြစ်နေချိန်မှာပဲ မေသူခိုင်က ဝင်၍ . . .

"ဟိုအရင်တစ်ခါလို ဆီးသွားချင်နေတယ်ဆိုရင်လည်း သွားနော်၊ အားမနာနဲ့ . . . သိလား"

ရယ်ကြပြန်သည်။ ခန့်ပိုင်လည်း မျက်နှာထူပူသွားရပြီး . . .

"ဟာ . . . မဟုတ်ပါဘူးဗျာ၊ ဒီလိုပါပဲ"

ထိုအချိန်မှာပဲ ဝတ်ရည်က ဘာကိုစဉ်းစားမိသည်မသိ၊ ခန့်ပိုင်ကို စူးစမ်းသလိုကြည့်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုခန့်ပိုင် ... ရှင် ကျွန်မတို့ဆီ လာလာနေတာ အခရင်လို စာရှင်းပြဖို့တော့ မဟုတ်လောက်ပါဘူးနော်"

ထိုစကားကြောင့် ခန့်ပိုင်က ဟီးခနဲ ရှက်ရယ်ရယ်လိုက်ရင်း နွေမှုန်ကိုကြည့်လျက် ...

"သေချာတာပေါ့ဗျာ ... တွေ့ချင်လို့ကို တကူးတကကြီး လာတာဗျ"

မေသူနိုင်ကဝင်၍ ...

"ဘယ်သူနဲ့ တွေ့ချင်တာလဲ၊ ကျွန်မတို့ အကုန်လုံးနဲ့တော့ မဖြစ်နိုင်ပါဘူး ... ဟုတ်တယ်မဟုတ်လား"

ခန့်ပိုင် ဘာမှပြန်မပြောသေးခင်မှာပဲ နွေမှုန်က မျက်နှာနီစွေးစွေးနှင့် မျက်စောင်းထိုးလိုက်ကာ ...

"မေသူနိုင် ... နင် တော်တော်ရှုနေတယ်ပေါ့ ... ဟုတ်လား"

"အောင်မာ ... ငါက အစကတည်းက ရှုပြီးပြီဟဲ့၊ မရှုသေးတဲ့လူတွေကိုပဲ ကလိချင်တာ"

"နင်နော်"

နွေမှုန်က မေသူနိုင်ကို လှမ်းရိုက်တော့သည်။ ခန့်ပိုင်က သူတို့နှစ်ယောက်ကို ကြည့်ကာ ရယ်ကျဲကျဲ လုပ်နေမိသဖြင့် နွေမှုန်က ...

"ခန့်ပိုင် ... ရှင်ကကော ဘာကြည့်ပြီး သဘောကျလို့ ရယ်နေတာလဲ"

"နွေမှုန့်ကိုပါ"

"ဘာရှင့်"

"ပြော် ... နွေမှုန်သူငယ်ချင်းတွေက နောက်တတ်တယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



နွေမှုန်က ငြိမ်နေလို့"

"အဲဒါ သဘောကျစရာလား"

"ကိုယ် သန်ရာသန်ရာပေါ့ဗျာ"

"ရှင်နော် ... ပေါက်တတ်ကရ"

နွေမှုန်က မျက်စောင်းထိုးသည်။ ထိုသို့ ထိုးလိုက်တိုင်းလည်း ခန့်ပိုင်ရင်ထဲ မရိုးနိုင်စွာ နွေးခနဲ။

ထိုအချိန်မှာပဲ ခေးခေးပြောလိုက်သောစကားက ခေါင်းထဲ ပြန်ဝင်လာသည်။ သို့နှင့် အကူအညီရလိုရငြား မေးလိုက်မိ၏။

"ဒါနဲ့ နွေမှုန်တို့သိမလားမသိဘူး ... ဟိုလေ အမျိုးစပ်ချင်ရင် စပ်လို့ရတဲ့အချိန် ဆိုတာကို"

သုံးယောက်စလုံး ကြောင်သွားကြသည်။

ဝတ်ရည်က ...

"ရှင်က အဲဒီအချိန်မှာ ဘာလုပ်မှာမို့လဲ"

"သူငယ်ချင်းတစ်ယောက် ခေါင်းစားထားလို့ သိချင်တာပါ"

စကားအဆုံးမှာ နွေမှုန်က စဉ်းစားဟန်ပြုသည်။ ပြီးမှ ...

"အင်း ... အမျိုးစပ်ချင်ရင် စပ်လို့ရတဲ့အချိန်ဆိုတာက ညနေနေဝင်ရီတရောအချိန် ဖြစ်မလား မသိဘူး"

ခန့်ပိုင်ခေါင်းထဲမှာ လက်ခနဲဖြစ်သွားရသည်။ ချက်ချင်းပဲ အားရဝမ်းသာဟန်ဖြင့် ...

"ဖြစ်နိုင်တယ်ဗျ အဲဒီအချိန်ကို ညီအစ်ကို မသိတသိအချိန်မို့လို့ နွေမှုန်က တွေးမိတာမဟုတ်လား"

"ဟုတ်တယ်လေ ... ဖြစ်နိုင်တာက ဒါပဲရှိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်မှာပဲ ခန့်ပိုင်က နာရီကို ဖျတ်ခနဲကြည့်လိုက်သည်။ လေးနာရီခွဲ။ နေတော့မဝင်သေး။ သို့သော် နေဝင်ချိန်၌ ခေးခေးနှင့် ဖုန်းဆက်ရဦးမည်ဆိုသည့်အတွေးနှင့် ထရပ်လိုက်ရင်း ...

"စဉ်းစားပေးတဲ့အတွက် ကျေးဇူးပေါ့ဗျာ၊ ကဲ ... သွားစရာရှိလို့ ပြန်လိုက်ပါဦးမယ်"

ရုတ်တရက်ကြီး ထပြန်သွားသော ခန့်ပိုင်ကိုကြည့်ကာ နွေမှုန်တို့လည်း ကိုယ်စီ ပခုံးတွန့်လိုက်မိကြလေသည်။

ဘာလဲပေါ့ ...။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ခေးခေး ... ကျွန်တော်ဖုန်းဆက်တဲ့အချိန်က မှန်ပါတယ်နော်၊ ခုပဲ နေဝင်သွားတာဗျ"

"မှန်ပါတယ် မှန်ပါတယ်၊ ဒါဆိုလည်း ရှင့်ကို စာမေးပွဲစစ်တော့မယ်နော်၊ အဆင်သင့်ပဲလား"

ခန့်ပိုင်က မျက်ခုံးပင့်လိုက်ရင်း ...

"ဘာတွေမေးမယ်မှန်းမသိပေမယ့် အဆင်သင့်ပါပဲ"

ခေးခေးက တခစ်ခစ်ရယ်သည်။ ပြီးမှ ...

"ရှင် ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားနေတယ် ဆိုင် သို့ အဲဒီကိစ္စနဲ့ပတ်သက်ပြီးပဲ မေးမှာပါ"

နွေမွန့်ကို ဆိုလိုမှန်း သဘောပေါက်လိုက်သည်။ သို့သော် ဒေသီ

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကျွန်ပြုလျက် ...

"ထားပါတော့ ... ခေးခေးက ဘာမေးချင်လို့လဲ"

"ဒီလိုလေ ... ရှင့်ကို ဖုန်းထဲမှာတင် ကောင်မလေးတစ်ယောက်ကို လိုက်နိုင်းမယ် ... ဖြစ်မလား"

မထင်ထားညှိစကားမို့ ခန့်ပိုင် ကြောင်သွားရ၏။ ပြီးမှ ရယ်ကျဲကျဲလုပ်ကာ ...

"အဲဒီကောင်မလေးက ခေးခေးလား"

"ရှင်နော် ... ဘာတွေပြောနေတာလဲ"

"အဟီး ... နောက်တာပါဗျာ"

"မနောက်နဲ့"

"ဟုတ်"

"အဲ ... ရှင်လိုက်ရမယ့် ကောင်မလေးတစ်ယောက်လို့ပဲ စိတ်ထဲမှတ်ထားလိုက်ပေါ့။ အဲဒီကောင်မလေးက ဉာဏ်စမ်းတွေ ရယ်စရာလေးတွေကို သဘောကျတတ်တယ်"

"ဟုတ်ပြီဗျာ ... ကျွန်တော်က ခု ဘာလုပ်ရမှာလဲ"

"ဒါဆိုရင် ဆက်ပြောမယ်၊ ရှင်က အဲဒီကောင်မလေးကို ချစ်တယ်ဆိုပြီး ရည်းစားစကားပြောလိုက်ပြီပဲ ဆိုပါစို့၊ အဲဒီလိုပြောလိုက်တဲ့အချိန်မှာ သူ့ပုံစံက ဘယ်လိုဖြစ်သွားနိုင်လဲ"

ခန့်ပိုင် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။ ဘာတွေ ဖြစ်လာနိုင်လဲ၊ ဘာတွေဖြစ်သွားနိုင်လဲပေါ့။

စဉ်းစားရင်း ခေါင်းထဲ လက်ခနဲ ဖြစ်သွားရပြီး ...

"အဟဲ ... သိပြီဗျ၊ အဲဒီလို ချစ်တယ်လို့ ပြောလိုက်တဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com


သူ့အမူအရာက ရှစ်မျိုးလောက် ဖြစ်သွားနိုင်တယ်၊ အသံကလည်း အတိတ်ဆိုတ်ဆုံးကနေ အကျယ်လောင်ဆုံးဖြစ်သွားနိုင်တယ်''

''ပြောပါဦး . . . ဘာတွေလဲဆိုတာ''

''ခဏလေးဗျာ . . . ကျွန်တော် ဒီဘက်မှာ ချရေးပြီးမှ ခေးခေးကို ဖတ်ပြမယ်''

''ဒါဆိုလည်း ပြီးရင် ပြန်ဆက်လိုက်''

ဖုန်း ဝှပ်ခနဲ ချသွားသည်။ 'ချစ်တယ်' ပြောလိုက်ပြီးချိန်မှာ ဖြစ်လာနိုင်သော ကောင်မလေး၏ အမူအရာများနှင့် ထွက်ပေါ်လာနိုင်သော အသံဘော်လွှန်းကို အနီးစပ်ဆုံးစဉ်းစားကာ ချရေးလိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## "ချစ်တယ်"

၁။ "..."

ဖြေသံမကြားရ၊ ရှက်ရွံ့ကာ မျက်နှာနီရဲပြီး ခေါင်းကလေး ငုံ့ကိုင်းသွားသည်။ အဆင်အပြေဆုံး။ အတိတ်ဆိတ်ဆုံး။

၂။ "အို"

နည်းနည်းအသံထွက်သည်။ သို့သော် အဆင်ပြေမှာ သေချာသည်။

၃။ "အာ ... ဘာမှန်းလဲမသိဘူး"

ပို၍အသံထွက်လာသည်။ အဆင်ပြေနိုင်သေးသည်။

၄။ "ဟင့်အင်း ... အဲဒါတွေ မစဉ်းစားသေးဘူး"

ပို၍ တည်ငြိမ်သောအသံ ထွက်လာသည်။ အခြေအနေက ငါးဆယ် ငါးဆယ်။

၅။ "မဖြစ်နိုင်ပါဘူး"

အသံ ခပ်ပြတ်ပြတ်။ အခြေအနေမကောင်း။

၆။ "ရှင် ဘာစကားပြောတာလဲ၊ လူကို ဘယ်လိုအစား ထင်နေလို့လဲ"

အသံမာလာပြီ။ အခြေအနေ ပို၍မကောင်း။

၇။ "ရှင် ပါးစပ်ပိတ်ပြီး ထွက်သွားလိုက်ပါ၊ စကား ဆက်မပြောချင်တော့ဘူး"

သဘောပေါက်သင့်သည်။ လုံးဝမကောင်းပါ။

၈။ "..."

(ထူပူပြီး ကြယ်တွေ၊ လတွေမြင်သွားလိမ့်မည်။ အသံအကျယ်လောင်ဆုံး။ အဆိုးရွားဆုံး)

●



www.burmeseclassic.com

www.burmeseclassic.com

"နောက်ဆုံးကွက်လပ်ထဲမှာက ဘာစကားလဲ"

"ရှင်းပါတယ်၊ 'ကဲဟာ' ဆိုတဲ့စကားလုံး ထည့်ချင်ရင်လည်း ရ
တယ်။ ဒါမှမဟုတ် 'မြန်း' ဆိုတဲ့အသံကိုပဲ ကြားယောင်ကြည့်ပေါ့"

ခေးခေးက သဘောကျသလို လွှင်လွှင်လေးရယ်သည်။ ပြီး ...

"အင်း ... ရှင်ရှင်းပြတာက မဆိုးပါဘူး။ အဲဒါကြောင့် ရှင့်ကို
ဘောင်မလေးက စဉ်းစားပေးမယ်တဲ့၊ အဲဒါဆို ရှင် ဘာဆက်လုပ်မှာလဲ"

"အဲဒါဆိုလည်း ယောကျ်ားမာယာတွေနဲ့ပဲ ဆွဲဆောင်ရတော့မှာ
ပေါ့ရှာ"

"ဘယ်လို ဘယ်လို ... ယောကျ်ားမာယာ ... ဟုတ်လား။ ကျွန်မ
တော့ မိန်းမမာယာပဲ ကြားဖူးတာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားမာယာတွေကို ပြောပြလိုက်ရင် ခေးခေးတောင် ခိုက်သွားဦးမယ်"

"ဘာရှင့်"

"သဘောကို ပြောပြတာပါဗျာ၊ ကျွန်တော်က အဲဒီကောင်မလေးကို လောကီပုဏ္ဏားကျမ်းထဲက ယောက်ျားမာယာကိုးပါးနဲ့ ထပ်ဆွဲဆောင်လိုက်မယ်"

"ပြောပါဦး ... အဲဒါတွေက ဘာတွေလဲဆိုတာ"

ခန့်ပိုင်က ထပ်စဉ်းစားလိုက်ကာ ...

"အဲဒါတွေကတော့ ၁။ အမျိုးဂုဏ်ကိုပြတတ်ခြင်း၊ ၂။ ပညာဂုဏ်ကိုပြတတ်ခြင်း၊ ၃။ ပစ္စည်းဂုဏ်ကို ပြတတ်ခြင်း၊ ၄။ ဝမ်းသာဝမ်းနည်း ပြုတတ်ခြင်း၊ ၅။ အဆက်မပြတ် နောက်ယောင်ခံလိုက်ခြင်း၊ ၆။ အစားအသောက် လက်ဆောင်များ ပေးကမ်းခြင်း၊ ၇။ မြှောက်စားချီးမွမ်းတတ်ခြင်း၊ ၈။ အဝတ်အစားပြောင်းလဲဝတ်ခြင်း နဲ့ ၉။ ကိုယ်ကာယ တောင့်တင်းကျန်းမာခြင်းကို ပြတတ်ခြင်းတဲ့၊ အဲဒီ မာယာကိုးပါးနဲ့ဆို လုံလောက်ပါတယ်နော်"

စကားအရှည်ကြီး ပြောလိုက်ရ၍မောသွားသည်။ ခေးခေးကဒီတစ်ခါတော့ မရယ်တော့ဘဲ အသံတည်တည်လေးနှင့် ...

"မဆိုးပါဘူး ... ရှင် အဲဒီအတိုင်း ချဉ်းကပ်တော့ ကောင်မလေးက အတော်လေးကို သဘောကျသွားတယ်"

"ဟုတ်လား ... ဒါဆို အဖြေတောင်းရတော့မှာပေါ့"

"ဘယ်ရဦးမလဲ ... ကောင်မလေးက ဉာဏ်စမ်းတွေကို သဘောကျတတ်တယ်ဆိုတာ မမေ့နဲ့ဦးလေ"

"ဒါဆိုလည်း ပြောဗျာ ... ဘာလုပ်ရဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမယ်လေ ... ရှင့်အနီးနားမှာ စာအုပ်နဲ့ဘောပင် ရှိတယ် မဟုတ်လား"

"ရှိတယ်"

"အဲဒါဆိုရင် အဲဒီစာအုပ်ထဲမှာ အစက်သုံးစက်စီကို စီပြီး ကိုးစက် ချရေးလိုက်"

"ရေးပြီးပြီ"

ခန့်ပိုင်က ခေးခေးပြောသည့်အတိုင်း ချရေးလိုက်သည်။

● ● ●

● ● ●

● ● ●

"ကဲ ... ရေးပြီးပြီ အဲဒါကို ဘာလုပ်ရမှာလဲ"

"သေသေချာချာ နားထောင်နော်၊ ကောင်မလေးက ပြောတယ် ... အဲဒီအစက်တွေပေါ်မှာ ဘောပင်မကြွဘဲ သူ့ကို ချစ်တယ်လို့ သိစေနိုင်တဲ့ အရာတစ်ခုကို တစ်ဆက်တည်း ဆွဲပြရမယ်တဲ့။ ကဲ ... နောက်နေ့ အဲဒါကို ဖြေနိုင်ရင် ဖုန်းဆက်လိုက်"

"ခေးခေး ခဏ"

လှမ်းပြောလိုက်သော်လည်း မမီလိုက်ပါ။ ခေးခေးက တစ်ဖက်သတ် ဖုန်းချသွားပြီဖြစ်သည်။

ခန့်ပိုင်တစ်ယောက် ရှေ့မှာရှိသော အစက်ကိုးစက်ကိုကြည့်ကာ ကိုးနဝင်းကြေအောင်ဆိုပြီး လေပူကြီး ကိုးခါမှုတ်ထုတ်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ခေးခေး"

"ဘာလဲ"

အသံပြတ်ကြောင့် နည်းနည်းတော့နင်သွားရသည်။ စိတ်ကိုလျှော့လိုက်ရင်း ခန့်ပိုင်က ...

"ခု ခေးခေး ဘာလုပ်နေလဲ ဟင်"

"ခုလား ... ရှင်နဲ့ ဖုန်းပြောနေတယ်လေ၊ ဒါလေးတောင် မသိဘူးလား"

"မဟုတ်ဘူးလေဗျာ၊ ကျွန်တော် ဖုန်းမဆက်ခင် အချိန်မှာ ခေးခေး ဘာတွေလုပ်နေလဲလို့ မေးတာ"

"ခစ် ခစ် ... အာလာပသလ္လာပ မေးတာပေါ့ ... ဟုတ်လား"

ထိုစကားကြောင့် ခန့်ပိုင်က ငေါ်သံနှင့် ...

"ဟုတ်တယ်ဗျာ၊ ထမင်းစားနေလား၊ စာကျက်နေလား၊ ဒါမှမဟုတ် အိပ်ယာထဲဝင်နေလားလို့ မေးတာ"

ခေးခေးက ရယ်ပြန်သည်။ ရယ်သံလေးနှင့်ပင် ...

"ဆရာကြီးကလည်း စိတ်တိုတတ်လိုက်တာ၊ ဒီအချိန် ဘာလုပ်နေရမှာလဲ၊ နာရီကိုကြည့်လေ"

www.burmeseclassic.com

www.burmeseclassic.com



နာရီတစ်ချက်လှမ်းကြည့်လိုက်ရင်း ခန့်ပိုင်က ...

"အင်း ... ခုနစ်နာရီကျော်ပြီဆိုတော့ စာကျက်နေပြီပေါ့ ... ဟုတ်လား"

"ဟင့်အင်း ... ကိုရီးယားဇာတ်လမ်းတွဲ ကြည့်နေတာ"

စာမေးပွဲကတော့ အောင်မေပြီးမည်။ ဒီကိုရီးယားကားကိုပဲ လူတွေစိတ်ဝင်စားနေကြသည်။ အိမ်က ဗီဒီယိုသရဲ ကျော်ကိုဆိုလျှင် အမေရိကန်မှ အမေရိကန်။ ကျန်တာတွေကို ပျော့လို့အားမရဟု ဆိုသည်။ ထပ်ပြောရလျှင် ခင်းလိုအနုပညာသမားဖြစ်သော ကိုယ့်ဦးလေး ဦးအောင်သိန်း (သူကြီး) သည်ပင် မြူးမြူးမြန်းသော အမေရိကန်ဇာတ်ကားတွေကိုမှ နှစ်သက်သည်ပဲ။

ခန့်ပိုင် တွေးနေချိန်မှာပဲ ခေးခေးက ...

"ကဲပါ ... အဲဒါတွေထားတော့၊ ရှင့်ကို ဟိုကောင်မလေး မေးထားတာ ရပြီလား"

"ရလို့ ဖုန်းဆက်တာပေါ့ဗျ"

"ဒါဆိုလည်း ပြောလေ"

"ပြောမယ် ... အဲဒီဘက်မှာ ခေးခေးပြောတဲ့ အစက်ကိုးစက်ကို အရင်ချရေးလိုက်၊ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာကို ကျွန်တော် ဒီက ပြောပြမယ်"

ခဏနေတော့ ခေးခေးက ...

"ရပြီ ... ပြော"

"ကျွန်တော်ပြောတဲ့အတိုင်း လိုက်ရေးနော်၊ ပထမဆုံး အစက်တာပဲ စရေးမယ်၊ ဘယ်လိုလဲဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ရေးပြီးပြီလား ခေးခေး"

"ပြီးပြီ ... ရှင်ပြောတဲ့အတိုင်းရေးတာ one love ဆိုတဲ့ တလုံးရတယ်"

အသံက အောင့်သီးအောင့်သက် မြေသံမျိုးဖြစ်သည်။ ခန့်ပိုင်က တဟဲဟဲရယ်လျက် ...

"ဒါပဲလေ ခေးခေးရဲ့ ... ကျွန်တော့်မှာ သူ့အတွက် အချစ်တစ်ခုပဲရှိတယ်လို့ ပြောလိုက်တာ။ ဒီတစ်ခါတော့ ကောင်မလေး ကြွေဆင်းသွားပြီမို့ ... ဟုတ်တယ်မဟုတ်လား"

"အင်း ရှင့်ကိုတော့ အဖြေပေးဖို့လောက်နီးနီး စဉ်းစားသွားတယ်"

"ဒါပဲဖြစ်ရမှာပေါ့ဗျာ ... ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်ကြီးမနေနဲ့ဦး။ ကောင်မလေးက ရှင့်ကိုအဖြေပေးမယ့်အချိန်နဲ့ နေရာကို ပဟေဠိဝှက်ပြီး ချိန်းလိုက်တာရှင့်"

"လုပ်လာပြန်ပြီဗျာ"

ခန့်ပိုင် ခေါင်းတဖြင်းဖြင်း ကုတ်လိုက်မိသည်။ ခေးခေးက ခန့်ပိုင်ကို မြင်နေရသလို တဟင်းဟင်းရယ်လျက် ...

"ရှင်ကလည်း အဖြေပဲရတော့မယ့်ဟာကို နည်းနည်းပါးပါး ထပ်စဉ်းစားကြည့်ပေါ့ရှင့်"

"ဒါဆိုလည်း ပြောဗျာ"

"အင်း ... ပြောမယ်၊ ကောင်မလေးက နောက်နေ့ မြန်မာ့စံတော်ချိန်နဲ့ ကမ္ဘာ့စံတော်ချိန် ကွာတဲ့အချိန်မှာ ရွှေထွက်တဲ့လမ်းက ဘိန်းမုန့်ဆိုင်မှာ ရှိနေမယ်တဲ့"

"ဟင် ... ဘယ်လို ဘယ်လို"

ခန့်ပိုင်အမေးကြောင့် ခေးခေးက နောက်တစ်ခေါက် ထပ်ပြောပြရင်း ...

"မပြီးသေးဘူး။ ကောင်မလေးက အဲဒီဆိုင်မှာ ဂျပန်လူမျိုးတွေဝမ်းနည်းရင် ဝတ်တဲ့ဒီဇိုင်းနဲ့ ကမ္ဘာ့သမိုင်းမှာ တော်ဝင်ရှေးနန်းသုံး ပန်းတစ်ပွင့်ရှေ့မှာ ရှိနေမယ်တဲ့၊ အဲဒါပဲ ... ရှင် စဉ်းစားလို့ရရင် အဖြေသွားတောင်းပေါ့"

ဖုန်းချသွားပြန်သည်။ ဂွပ်ခနဲ ကြားလိုက်ရသောအသံအား ကိုယ့်နားရင်းကို အုပ်သွားသည့်အသံပမာ ခန့်ပိုင် ခံစားလိုက်ရလေသည်။

ထိုသို့ဖြင့် ...။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မင်းကတော့ နည်းနည်းများနေပြီ ခန့်ပိုင်"

မကြည်သလိုပြောလာသော ကျော်ကိုစကားကြောင့် ခန့်ပိုင်က ခုံးတွန့်လိုက်ရင်း ...

"ဟ ... ငါက ဘာလုပ်လို့များရမှာလဲ၊ ငါ့ဟာငါ အေးအေးဆေးဆေး နေနေတာပဲဟာကို"

"တော်ကွာ ခန့်ပိုင် ... ငါတို့ ခု ဘာကိုဆိုလိုချင်လဲဆိုတာ မင်းသိတယ်၊ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့"

"မလုပ်ပါဘူး ... မင်းတို့လည်း ပြောချင်ရင် ဒဲ့ပြောကွာ"

ခန့်ပိုင်စကားအဆုံးမှာ မျိုးဇော်က ခပ်တင်းတင်းပုံစံဖြင့် ...

"အေး ... ဒဲ့ပဲပြောမယ်၊ ခု မင်းက နွေမွန်ကို လိုက်မှာလား



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဖုန်းထဲက ခေးခေးကို အပြင်မှာ သိပ်တွေ့ချင်နေတာလား"

"မင်းက ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

"ရှင်းပါတယ်၊ ခုဆို မင်း နွေမွန်ဆီကိုလည်း နေ့တိုင်းသွားတယ် ထပ်ပြောရရင် အခြေအနေကလည်း မဆိုးဘူး။ ဒီကြားထဲမှာ မင်းက ခေးခေး နဲ့လည်း ညတိုင်း ဖုန်းပြောသေးတယ်"

"ဒါကတော့ ခေးခေးအပေါ်မှာ ငါဖောင်းထားတာကို စိတ်ပြေ စေချင်လို့ပါ၊ ပြီးတော့ သူ့ကိုလည်း ငါ အပြင်မှာ တွေ့ဖူးချင်တယ်"

"ဒါပဲလား"

ရုတ်တရက် ဖြတ်မေးလိုက်သော ကျော်ကိုစကားက ခန့်ပိုင်ကို ဆွံ့အသွားစေသည်။ ပင့်သက်ကို မှုတ်ရှိုက်လိုက်ရင်း ...

"မင်းတို့ပြောရင်လည်း ခံရတော့မှာပဲကွာ၊ ငါ နွေမွန်ကို စိတ် ဝင်စားမိနေသလို ခေးခေးအပေါ်မှာလည်း သံယောဇဉ်ဖြစ်နေမိတယ်"

မျိုးဇော်က ...

"မင်းတော့ ကြာရင် ဒုက္ခရောက်မယ် ခန့်ပိုင်၊ ငါသာဆို ခေးခေးကိုမေ့ပြီး နွေမွန်ကိုပဲ ကြိုးစားစေချင်တယ်"

"ဘာဖြစ်လို့လဲ"

ခန့်ပိုင်က ဖြတ်မေးလိုက်၏။ မျိုးဇော်က ပခုံးနှစ်ဖက်ကို တွန့်ရင်း ...

"ဘာဖြစ်လို့လဲဆိုတော့ နွေမွန်က လောလောဆယ် အရှိတရား လေး မြင်ရတယ်၊ ဒီတော့ အမြင်ကိုပဲ ဦးစားပေးရမှာပေါ့"

ထိုစကားကြောင့် ခန့်ပိုင်က လှောင်ရယ်လေးရယ်လိုက်ပြီး မျိုးဇော် ကို စေ့စေ့ကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အရင်တစ်ခါ မင်းပြောတုန်းကတော့ အချစ်ဆိုတာ ပုံသဏ္ဌာန် အကြောင်း မဟုတ်ဘူးဆို၊ စိတ်ခံစားမှုနဲ့ အမြစ်တွယ်လာတာ၊ ကူးစက်ခံစား တတ်လာတာမျိုးဆို ... ဟော မျိုးဇော်"

"အဲ ... အဲဒါကကွာ"

ကိုယ်ပြောဖူးသောစကားနှင့်ကိုယ် မျိုးဇော် အကျပ်ရိုက်သွား၏။ ခန့်ပိုင်က နှစ်ကောင်စလုံးကို ဖော့ကြည့်ကာ ဝေခွဲမရသေးသောပုံစံဖြင့် ...

"အဲဒါပဲကွာ ... ငါ နှစ်ယောက်စလုံးကို တစ်ယောက်တစ်မျိုးစီ ငြိနေတယ်"

စကားဝိုင်းကလေးက တိတ်ဆိတ်သွားသည်။ အပြည့်အဝမဟုတ် သော်တောင် ခန့်ပိုင်အပေါ် အနည်းငယ် နားလည်လာသလို နှစ်ယောက်သား ခံစားမိကြ၏။

ထိုအချိန်မှာပဲ သက်ပြင်းကို လိုက်လိုက်လှဲလှဲချကာ ခန့်ပိုင်က အရပ်လိုက်သဖြင့် ...

"ဒါက ဘယ်သွားဦးမှာလဲ"

ခန့်ပိုင်က တစ်ခွန်းတည်းသော စကားကို ပြန်ဆိုလိုက်၏။

"ငါလား ... ရွှေမှုန့်ဆီကိုပေါ့ကွာ"

နှစ်ယောက်စလုံး ဘာမှမပြောနိုင်ဘဲ သက်ပြင်းကိုသာ လိုက်ချမိကြတော့၏။ တစ်ခါတစ်ရံ၌ နှလုံးသားသည် ဆင်ခြင်တုံတရား၏ အပြင်မှာ မွေ့လျော်ချင်ကြသည် မဟုတ်ပါလား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကင်တင်းထဲဝင်ဝင်ချင်းပဲ ထမင်းစားရန် ပြင်ဆင်နေကြသည့် နွေမွန်နှင့်မေသူခိုင်တို့ကို တွေ့လိုက်ရသည်။ ခန့်ပိုင်က ထိုဝိုင်းမှာ ခပ်တည်တည် ဝင်ထိုင်လိုက်ရင်း ...

"အတော်ပဲဗျ ... ဒီဘက်ရောက်မှ ထမင်းစားမယ်ဆိုပြီး ထွက်လာတာ"

စကားအဆုံးမှာ နွေမွန်က ဖွဖွပြုံးသည်။ မေသူခိုင်က မျက်စောင်းထိုးလျက် ...

"အောင်မယ်လေး ... စိတ်ချင်းများ ဆက်နေကြလား မသိပါဘူး ခုနကလည်း မိနွေက ခန့်ပိုင်များ ရောက်လာမလားမသိဘူးတဲ့"

မျက်နှာလေးရဲကာ နွေမွန်က မေသူခိုင့်ပခုံးစွန်းကို လှမ်းနှိုက်လိုက်

www.burmeseclassic.com



သည်။ ခန့်ပိုင်စိတ်ထဲမှာ ကျိတ်၍ ဝမ်းသာသွားရ၏။ နွေမွန်၏ အကြည့်စိုစို တွေကိုလည်း တဖြည်းဖြည်း ဖတ်တတ်လာပြီ မဟုတ်လား။

ခုလည်း နွေမွန် ရှက်သွားမှာစိုးသဖြင့် ရယ်ကျဲကျဲလုပ်ကာ စကား လမ်းလွှဲလိုက်သည်။

"ဒါနဲ့ ဝတ်ရည်တစ်ယောက်ရော။ အတန်းတက်နေသေးတာ လား"

"ဘယ်ကလာ ... ကျောင်းကိုတောင် မလာဘူး"

"တော်တော်ကြိုးစားတာပဲ"

အားလုံးရယ်ဖြစ်ကြသည်။ နွေမွန်က ခန့်ပိုင်ကို ကြည့်ကာ ...

"ခန့်ပိုင် ... ထမင်းစားမယ်မဟုတ်လား။ ထမင်းဖြူတစ်ပွဲ မှာလိုက် လေ၊ ဟင်းတွေကတော့ လောက်ပါတယ်"

မှာထားသောဟင်းတွေကတော့ အလျှံပယ် ဖြစ်သည်။ ခန့်ပိုင်က ထမင်းဖြူတစ်ပွဲမှာရင်း သူတို့နှင့်အတူ ဆွဲပစ်လိုက်၏။

စားသောက်ပြီး စကားတွေပြောဖြစ်နေကြသော်လည်း ခန့်ပိုင်နှင့် မေသူနိုင်တို့ကပဲ ဒိုင်ခံဖြစ်နေသည်။ နွေမွန်က ဘာကြောင့်မှန်းမသိ ... တစ် ချက် တစ်ချက် သက်ပြင်းတွေချည်းချရင်း ငြိမ်နေသည်။ အတန်ကြာတော့မှ မေသူနိုင်က ကင်တင်းအပြင်ဘက်ကို လှမ်းကြည့်ကာ ဖင်ကြွသွားပြီး ...

"ဟယ် ... ဟိုမှာ ငါ့ဘဲ မောင်မင်းဟန် လာနေပြီဟ ... သွား တော့မယ်"

ပြောရင်း မေသူနိုင်က ကမန်းကတန်း ထထွက်သွားလေသည်။ မေသူနိုင်ကိုကြည့်ရင်း ခန့်ပိုင်က ...

"မေသူနိုင်က ဘယ်လိုဖြစ်တာလဲဗျ။ သူ့ဘဲက ဒီအထိလာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘော ဘာဖြစ်မှာမို့လို့လဲ"

ထိုအခါမှ နွေမွန်က ပခုံးအသာတွန့်ရင်း ...

"အောင်မယ်လေး ... ခန့်ပိုင်က မေသူ့ဘဲ မောင်မင်းဟန်အ ကြောင်း မသိလို့ အဲဒီလူက သိပ်သဝန်တိုတတ်တာရှင့်၊ ခုလည်း မေသူနဲ့ ကျွန်မတို့ ဝိုင်းမှာ ရှင်ထိုင်နေတာကို ရှင်းပြရဦးမှာ အသေအချာပဲ"

ခန့်ပိုင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး နွေမွန်ပြောသော စကားကို နှင်း၍ ...

"ဒါများဗျာ ... ခု ကျွန်တော်နဲ့နွေမွန် နှစ်ယောက်တည်း ကျန်ခဲ့ တာကိုကြည့်ပြီး အဲဒီ မောင်မင်းဟန် သဘောပေါက်သွားမှာပါ"

"အောင်မာ ... ဘာကို သဘောပေါက်ရမှာလဲ"

နွေမွန်က မျက်နှာနီရွှေးရွှေးနှင့် လှမ်းပြောသည်။ ဒါသည်ပင် နွေမွန် ၏အမှား ဖြစ်၏။ ခုပဲကြည့် ... ခန့်ပိုင်မှာ ပြောကွက်ရသွားပြန်လေပြီ။

ခန့်ပိုင်က နွေမွန်ကို ရီဝေဝေလေး ကြည့်ရင်း ...

"နွေမွန်ပဲ စဉ်းစားကြည့်လေ ... ချစ်သူရည်းစားမရှိကြသေးတဲ့ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက်တည်း ကင်တင်းမှာ ထိုင်နေကြ သည်၊ ပြီးတော့ တစ်ယောက်ကိုတစ်ယောက်လည်း အကဲခတ်နေကြတယ်၊ ကောင်လေးက မငုံ့မရဲဖြစ်နေသလို ကောင်မလေးကလည်း ရှိုးတိုးရှန့်တန်း ဆူ ဖြစ်လို့"

စကားမဆုံးခင်မှာပဲ နွေမွန်က အရှက်သည်းသောမျက်နှာဖြင့် ...

"တော်ပါ ... ဘာတွေပြောနေတာလဲ မသိဘူး"

နွေမွန် မျက်နှာလေးကိုကြည့်ကာ ခန့်ပိုင် အသည်းယားသေးပြီး



www.burmeseclassic.com

www.burmeseclassic.com



"နွေမွန်"

ဘာမှပင် မပြောရသေး။ နွေမွန်မျက်နှာက တည်သွားကာ ခန့်ပိုင်ကို စေ့စေ့ကြည့်လျက် ...

"ခန့်ပိုင် ... ခုနက ကောင်မလေးတစ်ယောက် ကျွန်မတို့ကို စိုက်ကြည့်နေတာ အကြာကြီးပဲ ... သိလား။ ဘာကြောင့်လဲတော့ မသိဘူး ... မေသူ ထမသွားခင်ကပဲ ကြည့်နေတာ၊ စောစောက ရှင့်ကိုပြောရ မြူးပြလှည့်ကြည့်မိမှာစိုးလို့"

ပြောခါမှ ခန့်ပိုင် ဝုန်းခနဲ လှည့်ကြည့်လိုက်မိသည်။

"ဟင်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟာ ... အဲ အဲဒီတော့ မင်း ဘာကိုလှမ်းတွေ့လိုက်ရလဲ ခန့်ပိုင်"

ကျော်ကိုက သိချင်စိတ်ဖြင့် အမောတကော မေးလာသည်။ ခန့်ပိုင်မှာတော့ အလီလီသော သက်ပြင်းကိုပဲ ထပ်ချရင်း ...

"ကျောင်းဆောင်တစ်ခုသာက် ချိုးဝင်သွားသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ နောက်ကျောကိုပေါ့ကွာ၊ ငါက နွေမွန်နဲ့ထိုင်နေတော့ ထလိုက်သွားလို့လည်း မဖြစ်ပြန်ဘူးလေ"

စကားအဆုံးမှာ မျိုးဇော်က ဝဲ့စဲ့စားစားဟန်ဖြင့် ...

"အဲဒီလိုလေး မြင်လိုက်ရရုံနဲ့ ဆေးဆေးဆိုတာ မသေချာပါဘူးကွာ၊ ထိုက်သွားကြည့်လို့ ရင်ဆိုင်တွေ့ရင်ကော မင်းဘာက ခင်ဗျား ဆေးဆေးလား ဆို မေးရဲလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါတော့"

"အဲဒါပဲ ခန့်ပိုင် ... တိုက်ဆိုင်တာမဟုတ်ရင် နွေမွန် မင်း

ကျွပ်တာလည်း ဖြစ်နိုင်တယ်"

ထိုစကားကိုတော့ ခန့်ပိုင်က ခေါင်းခါကာ အရယ်တွဲပြန်လိုက်သည်

ပြီး စကားနှင့်လည်း ...

"နွေမွန်ကျွပ်တာတော့ မဖြစ်နိုင်ဘူးကွ၊ ငါနဲ့ ခေးခေးကိစ္စကို

သိတာမှ မဟုတ်တာ၊ ပြီးတော့ နွေမွန်က စတတ်, နောက်တတ်တဲ့ မိန်း

လေးတစ်ယောက်လည်း မဟုတ်ဘူး"

"အေးလေ ... ဒါဆိုရင်တော့ တပည့်တော်တို့လည်း မလျှော

တတ်ပါဘူးလို့ ဖြေရတော့မှာပဲ၊ ခန့်ပိုင် ... မင်းကတော့ နေမြင့်လေ အ

ရင့်လေဆိုတာမျိုး ဖြစ်တော့မှာ မြင်ယောင်သေးတယ်"

စကားအဆုံးမှာတော့ ခန့်ပိုင်မျက်နှာက တစ်စုံတစ်ခုကို စဉ်း

မိသလို တည်သွားရင်း ...

"ငါ ငါစဉ်းစားမိတာ တစ်ခုတော့ရှိတယ်ကွ ... အဲဒါက ဖြစ်နိုင်

ဆိုတာ မလွယ်ပေမယ့် တကယ်တမ်းစဉ်းစားကြည့်ရင် ဖြစ်နိုင်ခြေလေး

လည်း ရှိတယ်"

နှစ်ယောက်စလုံး နားစွင့်သွားကြသဖြင့် ခန့်ပိုင်ကို စေ့စေ့ကြည့်

...

"ဘာလဲကွာ ... မင်း စဉ်းစားမိတာရှိရင်လည်း ရှင်းရှင်းလင်းလင်း

ပြော ပေါ့ကောင်"

အတန်ကြာ ငြိမ်သက်နေပြီးမှ ခန့်ပိုင်က စကားစရန် ဟန်ပြင်လို

သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ ... ငါ စဉ်းစားမိတဲ့အချက်က ..."

'ကလင် ကလင် ကလင်'

ရုတ်တရက် ဖုန်းမြည်လာခြင်းဖြစ်သည်။ ကျော်ကိုက ကပျာကယာ ထကာ ဖုန်းဆီသို့ ပြေးသွားကြည့်ရင်း ...

"ခန့်ပိုင် မင်းဖုန်းကွ ... ခေးခေးဆက်တာ"

"ဟေ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟာလို"

ဖုန်းကိုင်လိုက်လျှင်ပဲ ခေးခေး၏စကားက သရော်သံလေး ရောယှက်ကာ ထွက်လာသည်။

"ဘယ်လိုလဲ ခန့်ပိုင် ... ကောင်မလေးရှိတဲ့နေရာကို ရှာမရလို့ ပြသွားမတောင်းဖြစ်တာမဟုတ်လား၊ ဒါဆိုရင်တော့ ရှင် စာမေးပွဲ ကျသွားပြီနော်၊ ကျွန်မနဲ့လည်း တွေ့ဖို့ မစဉ်းစားနဲ့တော့"

ခန့်ပိုင်က သက်ပြင်းချရင်း ...

"မဟုတ်ပါဘူး ခေးခေးရာ"

"ဒါဆို ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

ဝေခွဲမရလို့ဟု စိတ်ထဲက ပြောလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးရှိမယ့်နေရာကို ကျွန်တော် စဉ်းစားမိပါတယ် ဒါပေမဲ့ ကျွန်တော် ဖုန်းမဆက်ဖြစ်ရင် ခေးခေးများ ကျွန်တော့်ကို သနားပြီး အောင်မှတ်ပေးလိုက်မှာလားလို့လေ၊ ဒါကြောင့် မဆက်ဘဲနေကြည့်တာ"

"သွားစမ်းပါ ... ကျွန်မက ရှင် ဒီစာမေးပွဲ မအောင်ဘူးဆိုရင် တစ်ခါတည်းနှုတ်ဆက်မလို့ ဖုန်းဆက်လိုက်တာရှင့်၊ ဒါပေမဲ့ ရှင်က သိတယ် ဆိုရင်လည်း ခုဖြေလေ"

"ဟဲ ဟဲ ... ဖြေဆိုလည်း ဖြေပါ့မယ်ဗျာ၊ အဲဒီကောင်မလေး ဆီက ကျွန်တော် အဖြေတောင် တောင်းပြီးသွားပြီဗျ"

"ရှင် ... ဘယ်လို ဘယ်လို"

"ဪ ... ခေးခေးနဲ့ဖုန်းဆက်ပြီး နောက်နေ့ပဲ သွားလိုက်တာ လေ"

"ဘယ်အချိန် သွားတာလဲ"

"မြန်မာ့စံတော်ချိန်နဲ့ ကမ္ဘာ့စံတော်ချိန်နဲ့ ကွာတဲ့အချိန်ဆိုတော့ ခြောက်နာရီခွဲမှာပေါ့ဗျ"

"အံမယ် ... တယ်ဟုတ်ပါလား၊ နေရာကရော"

"အင်း ... ရွှေထွက်တဲ့လမ်းလို့တော့ ဘယ်ရှိပါ့မလဲဗျာ၊ ဒါပေမဲ့ ရန်ကုန်မှာ အရင်ကပဲ ရွှေအရောင်းအဝယ်လုပ်ခဲ့တဲ့လမ်း တစ်လမ်းပဲ ရှိတယ် အဲဒါက ရွှေဘုံသာလမ်းလေ"

"ထားပါတော့ ... ဘိန်းမုန့်ဆိုင်ကိုရော ရှင် ရှာတွေ့ရဲ့လား"

"သိပ်တွေ့တာပေါ့ ... အီတလီဘိန်းမုန့်ရောင်းတဲ့ ပီဇာဆိုင်ကို ပြောတာမဟုတ်လား၊ ဘယ်ရမလဲ ... ကျွန်တော်လည်း ဆိုင်ထဲကို တန်းဝင် သွားလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကောင်မလေးကိုကော ဘယ်လိုရှာလိုက်လဲ"

ခန့်ပိုင်က တဟင်းဟင်းရယ်လိုက်သေးသည်။

ပြီးမှ ...

"ခေးခေးပဲ ပြောခဲ့တယ်လေ ... ကောင်မလေးက ဂျပန်လူမျိုးတွေ ဝမ်းနည်းရင်ဝတ်တဲ့ ဒီဇိုင်းနဲ့ဆို"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဩော် ... ဂျပန်နဲ့တရုတ်က ပြောင်းပြန် ခေးခေးရဲ့၊ ဂျပန်က ဝမ်းနည်းရင် အဖြူရောင်ဝတ်ကြတာ၊ ဆိုင်ထဲမှာလည်း အဖြူဝမ်းဆက်ဝတ်ထားတာက သူတစ်ယောက်ပဲ ရှိတာလေ ... ဘယ်လွဲမလဲ၊ ပြီးတော့သူ့ရှေ့မှာရှိတဲ့ နှင်းဆီပန်းကိုလည်း ရှေးအကျဆုံး နန်းသွင်းသုံးပန်းမှန်းကျွန်တော် စာထဲမှာ ဖတ်ဖူးပါတယ်"

"အဲဒီတော့"

"ရှင်းနေတာပဲလေ၊ အဲဒီ နှင်းဆီပန်းကလေးကို တောင်းပြီးကောင်မလေးဆီက အဖြေတောင်းလိုက်တာပေါ့"

"လုပ်စမ်းပါဦး ... ဘယ်လိုအဖြေတောင်းလိုက်တာလဲ"

"နှင်းဆီတစ်ပွင့်ရဲ့ အဓိပ္ပာယ်က ရင်ထဲမှာ မင်းပဲရှိတယ်ဆိုတဲ့ အဓိပ္ပာယ်လေ၊ အဲဒီလိုပြောပြီး ကောင်မလေးကို ပေးလိုက်တယ်၊ ဒီတစ်ခါတော့ ကောင်မလေး ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘူးဗျ၊ အဲဒီမှာပဲ ကျွန်တော် သူ့ဆီက အဖြေရခဲ့တာ"

ခေးခေးဘက်က ငြိမ်ဆိတ်နေသည်။ ဘာတုံ့ပြန်သံမှ ပြန်မကြားရ။

ခန့်ပိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ခေးခေး"

"ဟင် ... ဘာလဲ"

"ကျွန်တော်ဖြေခဲ့တာတွေက မှန်တယ်မဟုတ်လားဟင်"

"အင်း ... မှန်ပါတယ်"

အသံလေးက သိသိသာသာ ဖျော့တော့သွားသည်။ ခန့်ပိုင်က ပင့်သက်ကို ရှိုက်၍ ...

"ဒါဆို ကျွန်တော့်ကို တွေ့ခွင့်ပေးတော့မှာလားဟင် ... ခေးခေး"

သက်ပြင်းချသံလေးကို အရင်ကြားလိုက်ရသည်။ ပြီးမှ ...

"ရှင်က ဘာဖြစ်လို့ ကျွန်မကို ဒီလောက်တောင် တွေ့ချင်နေရတာလဲ"

"အဲဒါကိုမပြောခင် ကျွန်တော် ခေးခေးကို ပုံပြင်တစ်ပုဒ် အရင်ပြောပြမယ် ... နားထောင်မလား"

ခေးခေးက အသံတိုးဖွဖွလေးနှင့် ...

"အင်း ... ပြောလေ၊ နားထောင်မယ်"

ထိုခဏလေးအတွင်းမှာ ခန့်ပိုင်စိတ်ထဲ ခေးခေးနှင့် နီးကပ်သွားသလို ခံစားလိုက်ရ၏။ ခေးခေးဘက်ကလည်း ထိုအချိန် နှလုံးသား နူးညံ့နေလိမ့်မည်ဟု ယုံကြည်နေမိသည်။

ခန့်ပိုင်က ပုံပြင်စပြောလိုက်၏။

"ဒီလို ခေးခေးရယ် ... ဟိုးနှစ်ပေါင်းများစွာက ကမ္ဘာဆိုတာ ဒီလိုမဟုတ်ဘူးတဲ့၊ လူတိုင်းဟာ ဆယ့်ခြောက်နှစ်အရွယ်ပဲ ရှိကြတယ်၊ ဘယ်တောအုန္တရာယ်ဆိုးမှ မရှိသလို ဘယ်မိဘကမှ သားသမီးတွေကို စောင့်ရှောက်နေဖို့ မလိုဘူးတဲ့၊ စားဝတ်နေရေးအတွက်လည်း ဘာမှပူနေစရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။ လိုချင်တာတွေကို မြေပုံဒေသသာပင်က အကုန်ရတယ်လေ"

"ကောင်းလိုက်တာ ... အဲဒီခေတ်ကို လွမ်းသွားပြီ"

"အင်း ... ကလေးတွေဆိုလည်း ရန်ဖြစ်တာ မရှိ၊ ငိုယိုတာ မရှိ၊ နောက်ဆုံး မှက်၊ ခြင်၊ ယင်တွေကိုက်တာတောင် မရှိဘူး။ လူကြီးတွေမှာ ဆိုလည်း မနာလိုတာ၊ အာဃာတတွေထားတာ၊ ကောက်ကျစ်တာတွေ မရှိဘူး။ ကခုန်တာတို့၊ ကစားတာတို့နဲ့ပဲ အချိန်ကို ကုန်လွန်ကြရတာပေါ့"

"အင်း ... ဆက်ပြောပါဦး"

"သူတို့တွေအထဲကမှ ပန်ဒိုရာဆိုတဲ့ ကလေးမှာ ကစားဖော်တစ်ယောက်ရလာတယ်၊ သူ့နာမည်က အက်ပီမက်သယ်စီတဲ့ သူ့အိမ်ကို အလည်သွားတဲ့အခါ သေတ္တာကြီးတစ်လုံးကို တွေ့တယ်၊ အမြဲတွေ့နေရတော့ ပန်ဒိုရာက သေတ္တာကြီးကိုပဲ စွဲလမ်းနေတယ်၊ အထဲမှာ ဘာတွေရှိနေလဲဆိုတဲ့ သိချင်စိတ်နဲ့ပေါ့၊ မေးကြည့်တော့လည်း နတ်တစ်ပါးပါးက အပ်ထားခဲ့တာလို့ ပြောတယ်၊ အက်ပီမက်သယ်စီကို စောင့်ရှောက်ဖို့ မှာထားခဲ့တာပေါ့နော်၊ သူပြန်လာတဲ့ အချိန်အထိ မဖွင့်ဖို့လည်း မှာသွားတယ်တဲ့"

"သေတ္တာထဲမှာ ဘာတွေရှိနေလို့လဲ မသိဘူးနော်"

"ပန်ဒိုရာကလည်း အဲဒါကိုပဲ သိချင်နေတာ၊ နတ်တစ်ပါးပါး အပ်ထားတာဆိုတော့ ကစားစရာတွေ၊ အဝတ်တွေ၊ နောက်ဆုံး အရမ်းအရသာ ရှိတဲ့စားစရာတွေ ရှိနေလိမ့်မယ်လို့ ထင်နေတယ်၊ သေတ္တာကလည်း အရမ်းလှတယ်၊ ပြီးတော့ အံဝှက်ခလုတ်နဲ့တဲ့"

"ဒါဆို ဖွင့်လို့မရနိုင်ဘူးပေါ့"

"ဟင့်အင်း ... နောက်ဆုံးပန်ဒိုရာဟာ အဲဒီသေတ္တာကို ဖွင့်နိုင်ခဲ့ တယ်၊ ဖွင့်လိုက်တာနဲ့ အထဲကထွက်လာတဲ့ ပိုးမွှားတွေကြောင့် အခန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး မည်းမှောင်သွားလေရဲ့၊ အမြန်ပြန်ပိတ်လိုက်ပေမယ့် မမီတော့ဘူး။ အဲဒီအကောင်တွေ ကိုက်ခဲလို့ သူတို့ဟာ နာကျင်ပြီး ငိုယိုလူးလိမ့်နေရတယ်။ နောက်ဆုံး အဲဒီသေတ္တာထဲကပဲ ဆင်းရဲဒုက္ခတွေ, ရောဂါဘယတွေ, ပူပင်သောကတွေပါ ထွက်သွားကြတယ်"

"ဟင်"

"ဟုတ်တယ် ခေးခေး ... အဲဒီနေ့ကစပြီး ကမ္ဘာကြီးဟာ အဲဒါတွေနဲ့ ရင်ဆိုင်ရတော့တာပဲ"

"အို"

အာမေဍိတ်သံ ပါးပါးလေးနှင့်အတူ ...

"အင်း ... ပုံပြင်ဆိုပေမယ့် ရင်ထဲမှာ တစ်မျိုးပဲ"

"သူတို့ကြောင့်ဖြစ်ရတယ်ဆိုပြီး ပန်ဒိုရာတို့ ငိုနေတုန်းမှာပဲ ပြန်ပိတ်ထားတဲ့သေတ္တာထဲက ခေါက်သံတစ်ခု ထွက်လာတယ်၊ ဘယ်သူလဲလို့ မေးကြည့်တော့ သူဟာ တခြားဟာတွေလို လူတွေကို ဒုက္ခမပေးပါဘူးတဲ့၊ သူ့ကိုသာ အမြန်ထုတ်ပေးလိုက်ပါလို့ ပြောတယ်၊ ပန်ဒိုရာတို့လည်း စဉ်းစားရပြီလေ၊ နောက်ဆုံး ဒီလောက် ဒုက္ခတွေရပြီးခါမှ မထူးတော့ပါဘူးဆိုပြီး သေတ္တာကို ဖွင့်ပေးလိုက်တယ်"

"အဲ ... အဲဒီတော့ အထဲက ဘာ ဘာထပ်ထွက်လာလဲဟင်"

"တောက်ပတဲ့ နတ်သမီးလေးတစ်ပါး ထွက်လာတယ်လေ၊ ပန်ဒိုရာရဲ့နဖူးကို နမ်းလိုက်တော့ နာကျင်မှုတွေဟာ ချက်ချင်းပျောက်လို့ သွားတယ်၊ အဲဒါနဲ့ ပန်ဒိုရာက သင်ဘယ်သူလဲလို့ မေးလိုက်တော့တာပေါ့"

"အဲ ... ဆိုတော့"

"သူဟာ မျှော်လင့်ချက်နတ်သမီးပါတဲ့၊ လူသားတွေ ဒုက္ခရောက်

www.burmeseclassic.com

www.burmeseclassic.com



နေချိန်မှာ ကူညီဖို့ သေတ္တာထဲမှာ ထည့်ထားခဲ့တာတဲ့လေ၊ အမြဲတမ်းတော့ မရှိနေဘူး။ ဒါပေမဲ့ တမ်းတလိုက်ရင် သူ့ရဲ့အလင်းရောင်ကို မြင်ရမယ်လို့ ပြောတယ်၊ အဲဒါကြောင့် လူတွေဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်ကြတယ်၊ ဒုက္ခရောက်ရင်လည်း အဲဒီမျှော်လင့်ချက်ကြောင့်ပဲ စိတ်သက်သာရာ ရနေကြတယ်လေ၊အဲဒါပါပဲ ခေးခေး"

"ပုံပြင်လေးက ကောင်းပါတယ်၊ ရှင့်ကိုလည်း ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခန့်ပိုင်"

"အဲဒါက ဂရိပုံပြင်လေးပါ၊ ပုံပြင်ထဲကအတိုင်း မျှော်လင့်ချက်က အရာအားလုံးကို အသစ်ဖန်တီးပေးနိုင်တယ်ဆိုတာ ခေးခေးရော ယုံလား ဟင်"

'အင်း ... ယုံပါတယ်"

ခေးခေး၏ တိုးဖွဖွစကားကြောင့် ခန့်ပိုင်က ...

"ကျွန်တော်ဆိုရင်လည်း ပန်ဒိုရာလို ဖွင့်ကြည့်မိမှာပဲလေ၊ ကျွန်တော့်အတွက် မျှော်လင့်ချက် နတ်သမီးတော့ရှိမှာပဲမဟုတ်လား"

" ....."

"ခေးခေး"

"ဟင်"

"ကျွန်တော် ခေးခေးနဲ့တွေ့ပါရစေ၊ အဲဒါဟာ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တစ်ခုပါ၊ အထဲမှာ ပုန်းမနေပါနဲ့တော့နော် ခေးခေး"

" ....."

ဖြေသံမကြားရ။ ကောင်းကင်မှာ ကြယ်တစ်စင်း ဝင်းခနဲ ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတ်တောက်မသွားသေးသော ဆက်သွယ်မှုစရိုက်ထဲမှာပင် သူတို့နှစ်ယောက် တိတ်ဆိတ်နေကြသည်။

တဖြည်းဖြည်း ရင့်မှည့်လာသောညထဲ မပြောဖြစ်တော့သည့် စကားလုံးတွေကလည်း များစွာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မင်းကိစ္စကတော့ ရှုပ်သထက် ရှုပ်လာပြီ ခန့်ပိုင်၊ အဲ ... ဒီ အခြေအနေအထိ တိုးလာပြီမှ နောက်ဆုတ်လို့လည်း မရတော့ဘူး။ ဒီတော့ ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ"

နှစ်ဖက်စလုံး၏အခြေအနေကို သိထားသော ကျော်ကိုက မေး လာခြင်း ဖြစ်သည်။

မျိုးဇော်ကလည်း ...

"ငါ အစက ပြောသားပဲ ခန့်ပိုင်ရာ ... ခေးခေးဆိုတာကို ဖြူသ လား မည်းသလားတောင် မင်းမသိဘူး။ ဒါကြောင့် နွေမှုန်ကိုပဲ ကြိုးစားဖို့ ပြောတာ၊ ပြီးတော့ နွေမှုန်ပုံစံက မင်းဘက်ကို ယိုင်ပါတယ်"

"အေးလေ ... ခုတော့ ခေးခေးဘက်ကိုလည်း မင်းက ဇွတ်



www.burmeseclassic.com

www.burmeseclassic.com



တိုးထားတယ်၊ ခု မင်း ဘယ်သူ့ကို ရွေးချယ်ရမှန်း မသိတော့ဘူးမဟုတ်လား"

နှစ်ကောင်စလုံး၏ စကားသံအဆုံးမှာ ခန့်ပိုင်က စဉ်းစားထားသောပုံစံဖြင့် . . .

"ငါသိပါတယ်ကွာ၊ တစ်ချိန်ချိန်မှာတော့ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို ငါ ဖွင့်ပြောဖြစ်မှာပါ"

"အဲဒါကရော ဘယ်တော့မှ ဖြစ်မှာလဲကွ"

"ငါလည်း မသိသေးဘူး၊ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးနဲ့ ငါနဲ့ ဆုံပြီးတဲ့အချိန်ကျရင်တော့ ငါ ဘယ်သူ့ကိုချစ်တယ်ဆိုတာကို ငါ့ကိုယ်ငါ သိလိမ့်မယ်"

"အဲဒီလို မင်းဘက်က ရွေးချယ်တာက သူတို့အတွက် တရားပါ့မလားကွ"

ထိုစကားကြောင့် ခန့်ပိုင်က လျော့ရဲရဲပြုံးရင်း . . .

"ဒါဆိုလည်း သူတို့နှစ်ယောက်ရဲ့ရွေးချယ်မှုကို ငါ လက်ခံလိုက်မယ်လေ"

ကျော်ကိုက ပခုံးတွန့်ရင်း . . .

"ထားပါတော့ . . . သူတို့နှစ်ယောက်စလုံးက မင်းကို ချစ်နေရင်ကော"

ခန့်ပိုင်က ခေါင်း အသာခါလိုက်ကာ . . .

"မင်းစကားက မပြည့်စုံသေးဘူး ကျော်ကို၊ တကယ်လို့များ သူတို့ နှစ်ယောက်စလုံးက ငါ့ကို စိတ်နာမုန်းတီးသွားတာမျိုးရော မဖြစ်နိုင်ဘူးလား"

"အေးကွာ . . . အဲဒါလည်း ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖော်မြူးစကားအဆုံးမှာတော့ ခန့်ပိုင်က အသက်ကို ဝဝရှူလိုက်ရင်း ...

"အဲဒါပဲကွာ ... ငါ့အဖြစ်က ပွဲပြီးရင် အမှိုက်သိမ်းဖို့ ကျန်ခဲ့ရမယ့် လူလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ငါ ခေါသေးသေးလေးတစ်ခုတော့ မျှော်လင့်ထားသေးတယ်"

"ဟေ ... ဘာများလဲ"

"ဩော် ... အချစ်ဆိုတာကတော့ ငါ့အတွက် ဆက်သွယ်မှုရေယာထဲမှာ ရှိကောင်းရှိနိုင်မယ်လို့လေ"

"ခန့်ပိုင်ရာ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟာလို ခန့်ပိုင်လား"

"ခေးခေးရယ် ... ခုမှပဲ ဖုန်းဆက်တော့တယ်နော်"

မွတ်မွတ်သိပ်သိပ် ပြောလိုက်မိသည်။

ခေးခေးက အသံတိုးဖွဖွလေးနှင့် ...

"ခန့်ပိုင် ... မနက်ဖြန်နေ့လယ်နှစ်နာရီမှာ ကျွန်မ ရှင်တို့ သမိုင်းအင်တင်းကိုလာခဲ့မယ် ... စောင့်နေမှာလား"

လိုက်ခနဲ ပျော်ရွှင်သွားမိသည်။ ပြီး တစ်စုံတစ်ခုကို ထပ်တွေးလိုက်မိ၍ အပျော်တစ်ဝက်က လျော့ကျသွား၏။

"ခန့်ပိုင် ... ကျွန်မပြောတာ ကြားရဲ့လား"

"ကြားပါတယ် ... ကျွန်တော်ကလည်း ခေးခေးကို အရမ်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာပါ၊ ဒါပေမဲ့ တစ်ခုလောက်တော့ ကိုပြောချင်တယ်"

"ဘာလဲ ... ကျွန်မကို ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့လား ... ရပါတယ် ခန့်ပိုင်"

အသံရှုရှုကြောင့် ရင်ထဲမှာ တုန်ခါသွားရသည်။ ခန့်ပိုင်က သတ်ပြင်းကို မှုန်းချရင်း ...

"ဟုတ်တယ်လို့ ပြောလို့ရသလို မဟုတ်ဘူးလို့လည်း ပြောလို့ရတယ် ခေးခေးရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဪ ... ခေးခေးကို ကျွန်တော်က ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်တာလည်း ဖြစ်နိုင်တာပေါ့"

"ဟင် ... အတူတူပဲ မဟုတ်ဘူးလား"

"မတူပါဘူး ... ခေးခေး သိပါတယ်"

ခေးခေးက ခပ်ပါးပါးလေးရယ်သည်။ ပြီးမှ ...

"အင်းလေ ... ဘာပဲဖြစ်ဖြစ် မနက်ဖြန်မှ တွေ့ကြတာပေါ့ ... ဒါပဲနော်"

"ခေးခေး ခဏလေး"

"ဘာပြောဦးမလို့လဲဟင်"

"ကျွန်တော် အခု စိတ်တွေ အရမ်းလှုပ်ရှားနေတယ်"

"အို"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သမိုင်းကောင်တင်းထဲသို့ နွေမွန်ကို ခေါ်လာခြင်းဖြစ်သည်။ တစ်
ောက်တည်း လိုက်လာသော နွေမွန်က ...

"ခန့်ပိုင် ... ပြောစရာရှိတယ်ဆို၊ ဘာဖြစ်လို့ ဒီအထိခေါ်လာရ
လဲ"

ခန့်ပိုင်က ...

"ပြောမှာပေါ့ နွေမွန်ရယ် ... ခဏလေးပါ၊ လူတစ်ယောက်ကို
ောင့်ချင်သေးလို့"

နွေမွန်က မျက်ခုံးလေးပင့်လိုက်ကာ ...

"သူလာမှ ပြောလို့ရမှာလား"

"ဆိုပါတော့ ... လောလောဆယ် စောင့်ရမယ့်အတူ နွေမွန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝတ္ထုပုံပြင်လေးတစ်ပုဒ် ပြောပြမယ်''

''အင်း''

''ဟိုးအရင်တုန်းက အုံ့ညြဖွယ်ကောင်းတဲ့ ယူတိုးပီးယားဆိုတဲ့ တိုင်းပြည်ကြီးတစ်ခုရှိတယ် နွေမွန်။ သူ့လက်အောက်က မြို့တွေဟာ တစ်မြို့နဲ့ တစ်မြို့ ဖွဲ့စည်းပုံအတူတူပဲတဲ့၊ အိမ်တွေကိုလည်း ပုံစံတစ်မျိုးတည်း တညီတညွတ်ဆောက်ထားပြီး အိမ်တိုင်း အိမ်တိုင်းမှာ အရှေ့နဲ့အနောက် တံခါးပေါက် နှစ်ပေါက်စီပဲရှိတယ်၊ ယောကျ်ား မိန်းမ, အပျို အအို ခွဲထားပေမယ့် အင်္ကျီကတော့ အရောင်အတူတူပဲ ဝတ်ကြတယ်''

''တစ်မျိုးပဲနော်''

''ဟုတ်တယ် နွေမွန်။ အဓိကပြောချင်တာကတော့ သူတို့အားလုံးဟာ တူညီတဲ့ခံစားခွင့် ရှိကြတာပဲ၊ သိုလှောင်ရုံထဲက ပစ္စည်းတွေကို ဘယ်သူမဆို ထုတ်သုံးလို့ရတယ်၊ ဒီတော့ ချမ်းသာဆင်းရဲ မရှိ့ ခေါင်းပုံဖြတ်တာ မရှိ့ ပြီးတော့ အဖိအနှိပ်ခံရတာ မရှိ၊ အလုပ်ချိန်မှာ အလုပ်လုပ်ပြီး အားလပ်တဲ့အချိန်မှာ ကိုယ်နှစ်သက်ရာ စာပေ, ဂီတ, အားကစား ... စသဖြင့် လွတ်လပ်စွာ လုပ်လို့ရတယ်၊ လုပ်ခွင့်ရှိတယ်''

''ကောင်းတာပေါ့ ... အဲဒါ ဒီမိုကရေစီတစ်မျိုးပဲလေ၊ အဲဒီလိုမျိုး တောင် နေချင်တယ်''

နွေမွန့်အပြောကို ခန့်ပိုင်က လက်ကာပြရင်း ...

''ခဏနေဦး နွေမွန်ရဲ့ ... ယူတိုးပီးယားတိုင်းပြည်မှာ မျက်နှာပူစရာကောင်းတဲ့ စနစ်တစ်ခုတော့ ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ လက်ထပ်ထိမ်းမြားတော့မယ်ဆိုရင် သတို့သားနဲ့သတို့သမီးဟာ တစ်ယောက်ကိုတစ်ယောက် ကိုယ်လုံးတီးချွတ်ပြရတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဆောရီး ... အဲဒါမျိုးဆိုရင်တော့ မနေချင်တော့ဘူး"

အရှက်မျက်နှာလေးနှင့် နွေမှုန်က ငြင်းတော့သည်။

ခန့်ပိုင်က ခပ်ဟာဟာရယ်လျက် ...

"အဲဒါကလည်း နွေမှုန်ရယ် ... တူညီတဲ့ရွေးချယ်ခွင့်ကို ဆိုလိုတာမျိုးပါ၊ မြင်းဝယ်ရင် ကုန်းနှီးအောက်မှာ အနာအဆာတွေ ဖုံးထားတာနဲ့ မဖြစ်အောင်ပေါ့"

"အာ ... ဘာပဲဖြစ်ဖြစ် လုပ်စရာလားလို့"

"ကျွန်တော်ကတော့ တူညီမျှတတဲ့ရွေးချယ်ခွင့်ဆိုတာကို သဘောကျတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ခံစားချက်နဲ့ကိုယ် လွတ်လပ်စွာရွေးချယ်ခွင့်ရှိမှာပေါ့ ... မဟုတ်ဘူးလား"

လေးနက်သောမျက်နှာဖြင့် စကားကိုအဆုံးသတ်လိုက်၍ နွေမှုန်က စိုက်ကြည့်လာသည်။ နွေမှုန့်အကြည့်က မျက်ဝန်းထဲမှတစ်ဆင့် ရင်ဘတ်ထဲအထိပင် ထွင်းဖောက်ဝင်ရောက်လာသလို ...။

တစ်စုံတစ်ခုကို စဉ်းစားမိသွားပုံနှင့် နွေမှုန်က တည်တည်ငြိမ်ငြိမ်လေး မေးလာသည်။

"ခန့်ပိုင် ... ရှင်စောင့်နေတဲ့လူဆိုတာက မိန်းကလေးတစ်ယောက်လား"

ငြိမ်သက်သော ဝန်ခံမှုမျိုးဖြင့် ခန့်ပိုင် နွေမှုန့်ကို ကြည့်လိုက်သည်။

နှစ်ယောက်စလုံး တစ်ခုခုကို နားလည်လိုက်သလို။

ခန့်ပိုင်က နာရီကို လှမ်းကြည့်လိုက်သည်။

နှစ်နာရီတောင် ထိုးလုပြီ။

■

www.burmeseclassic.com

## အခန်း (၂၅)

နှစ်နာရီ ဆယ့်ငါးမိနစ်။

ခန့်ပိုင် နေမထိ ထိုင်မသာ ဖြစ်လာရသည်။ စိတ်လှုပ်ရှားနေသော ခန့်ပိုင်ကိုကြည့်ကာ နွေမွှန်က ...

"ရှင်ချိန်းထားတဲ့တစ်ယောက် မလာတော့ဘူးထင်တယ်၊ ဒါဆိုလည်း ကျွန်မ ပြန်တော့မယ်လေ"

ခန့်ပိုင် သတိခနဲ ဖြစ်သွားရရင်း ကင်တင်းအပြင်ဘက်သို့ ငေးကြည့်လိုက်မိသည်။ အမှန်တော့ မိန်းကလေးတစ်ယောက် ဝင်လာတာကို မြင်လျှင်တောင်မှ ခေးခေး ဟုတ်,မဟုတ် သိနိုင်သည် မဟုတ်ချေ။

ရှေ့မှာရှိနေသော နွေမွှန်က မပွင့်တပွင့်လေးပြုံးရင်း ...

"ခန့်ပိုင် ... ရှင် ကျွန်မကို အကြာကြီးမစောင့်နိုင်းသင့်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်တာပဲ၊ ရှင့်မှာ ပြောစရာမရှိတော့ဘူးဆိုရင်လည်း ကျွန်မကို ပြန်ခွင့်ပြုပါ"

ထိုစကားကြောင့် ခန့်ပိုင် ပျာပျာသလဲ ဖြစ်သွားရပြီး ...

"ဟာ ... မဟုတ်ဘူး၊ ကျွန်တော့်မှာ နွေမွန့်ကို ပြောစရာရှိတယ်၊ ပြောစရာဆိုတာထက် ပထမဆုံး ဝန်ခံချင်တာပါ၊ ပြီးရင် နွေမွန့်ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်၊ တူညီတဲ့ ရွေးချယ်ခွင့်လို့မျိုးပေါ့"

စကားပလ္လင်တွေခံနေရသော ခန့်ပိုင်ကို နွေမွန့်က နားလည်အပြုံးနှင့်ကြည့်ရင်းပင် ...

"ပြောလေ ... ဒါဆို ခန့်ပိုင်က ကျွန်မကို ဘာပြောချင်တာလဲ"

ခန့်ပိုင် စိတ်လှုပ်ရှားစွာ မျက်စိစုံမှိတ်ရင်း အသက်ဝဝရှူလိုက်သည်။ အေးအေးတစ်ယောက် သူ့အပေါ် နောက်ဆုံးအကြိမ် လှည့်စားသွားပြန်ပြီလား။ တစ်ခုခုတော့ မျှော်လင့်ချင်သေးသည်။

ထိုသို့တွေးရင်း စိတ်ထဲမှာ ကသိကအောက် ဖြစ်လာသဖြင့် ...

"ခဏလေးပါ နွေမွန် ... သည်းခံလက်စနဲ့ ကျွန်တော့်ကို အချိန်ငါးမိနစ်လောက်ပေးပါလား"

"ရပါတယ် ... ငါးမိနစ်ပဲနော်"

ခန့်ပိုင် ကင်တင်းထဲမှ ဝုန်းခနဲ ထထွက်လာမိသည်။ ရင်ထဲမှာလည်း ခံစားချက်တစ်မျိုးဖြင့် ဆူဝေနေ၏။ ကင်တင်းထဲ ပြန်လှည့်ကြည့်လိုက်တော့ ကျောပေးလျက်အနေအထားဖြင့် နွေမွန့်ကို မြင်သည်။ ရင်ထဲမှာ ဆူဝေမှုက အနည်းငယ် သက်သာသွားသလို ခံစားရပြန်၏။

ပန်းဒိုရာကဲ့သို့ မျှော်လင့်ချက်နတ်သမီးကို သူ စောင့်စားခွင့်မရတော့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လုပ်စရာတစ်ခုပဲ ရှိတော့သည်။ ကြွင်းကျန် မျှော်လင့်ချက်ဖြင့် ဟန်းဖုန်းရှိသော အသိတစ်ယောက် တွေ့လိုတွေ့ငြား ဇွဲကြည့်ရှာလိုက်၏။

ကံကောင်းသည်ဟု ဆိုရမည်။ ဟန်းဖုန်းလည်းရှိ အသိလည်းဖြစ်သည့် အောင်လံသား သက်ပိုင်ဝင်းသည် သူ့ရှိရာဘက်သို့ လျှောက်လာရှိဖြစ်သည်။

အပြေးအလွှား ဖုန်းခဏငှားလိုက်ရ၏။ အောင်လံမြို့သို့ ဆက်မည်မထင်၍ သက်ပိုင်ဝင်းက ငှားပါသည်။ ခန့်ပိုင်လည်း အလွတ်ရနေသောဖုန်းနံပါတ်ကို နှိပ်ချလိုက်၏။ ဒီတစ်ခါလည်း ကံကောင်းပါသည်။ လူကြီးမင်းနှင့် တည့်တည့်မတိုးသောကြောင့်။

တစ်ဖက်မှ ဖုန်းကိုင်လိုက်လျှင်ပဲ ခန့်ပိုင်က ...

"ဟလို ခေးခေး ... ဘယ်ရောက်နေတာလဲဟင်၊ လာမယ်ဆိုပြီးတော့"

"ဘယ်မှ မရောက်ပါဘူး ... ဆက်သွယ်မှုဇရိယာထဲမှာပါပဲ"

"မနောက်ပါနဲ့ဗျာ ... ချိန်းထားတဲ့နေရာကို ခေးခေး မလာတော့ဘူးလား"

"မလာတော့ဘူးဆိုရင်ကော"

ရင်ထဲက တစ်ခုခု ပဲ့ကြွေသွားသလို ခံစားလိုက်ရသည်။ တစ်ဆက်တည်း စိတ်ထဲမှာရှိနေသော စကားလုံးတွေကိုလည်း သွန်ချပစ်လိုက်၏။

"ခေးခေးနဲ့တွေ့ဖို့ကိစ္စကို ကျွန်တော့်ဘက်က အလေးအနက်ထားခဲ့တာ ခေးခေးသိပါတယ်၊ ဒါပေမဲ့ ခေးခေးဘက်က ဘာခံစားချက်မှ မရှိသလိုပဲနော်၊ ရပါတယ်ဗျာ ... ခုလည်း ခေးခေးနဲ့ပတ်သက်တဲ့ အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်တွေကို ကျွန်တော် တစ်စုံတစ်ယောက်ကို အားလုံးပြောပြပြီး ဝန်ခံရဦးမှာပါ၊ နောက်ဆုံး ကျွန်တော့်ရဲ့ကံကြမ္မာကတော့ အဲဒီတစ်ယောက်ဆုံးဖြတ်တဲ့အတိုင်းပဲပေါ့၊ ကဲ ... နှုတ်ဆက်ပါတယ် ခေးခေး"

"ဟင့်အင်း ... အဲဒီလိုတော့ နှုတ်မဆက်ချင်ပါဘူး"

"ဗျာ ... ဘာဖြစ်လို့လဲ"

"ကျွန်မ ရောက်နေပြီ"

"ဟင် ... ဘယ် ဘယ်မှာလဲ"

"ရှင်နဲ့ချိန်းထားတဲ့ ကင်တင်းထဲမှာပဲလေ"

"ဟင်"

ကင်တင်းဆီ ဝုန်းခနဲ လှည့်ကြည့်မိသည်။ ခုနက ထိုင်နေသူတွေအပြင် ထူးထူးခြားခြား မတွေ့ရ။ နွေမွန်ရှိသော စားပွဲဆီသို့ပဲ ရောက်နေတာလားဆိုပြီးအကြည့် ...

"ဟာ"

ဖုန်းပြောရင်း သူ့ကို လှမ်းကြည့်နေသော ...

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

BURMESE CLASSIC

"နွေမှုန်"

"ဘာလဲ"

"ကျွန်တော်လေ ခေးခေးကို ချစ်တယ်"

"အောင်မာ"

"ဟုတ်တယ် ခေးခေးရဲ့ . . . ကျွန်တော် နွေမှုန့်ကို အရမ်းချစ်တာ"

"အို"

ပြောရင်းလက်ကလေးကို ဖမ်းကိုင်လိုက်သောကြောင့် ချစ်သူက ရှက်ရွံ့ကြည်နူးစွာ . . .။ ခန့်ပိုင်က အားမလို အားမရလေသံနှင့် . . .

"ဘာပြောရမှန်းတောင် မသိတော့ဘူး ခေးခေး အဲ . . . နွေမှုန် ရယ်၊ ကျွန်တော့်ကို ဘာဖြစ်လို့ ခုလိုလုပ်တာလဲဗျာ၊ အဲ နေဦး . . . အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com



အရင်မပြောခင် ကျွန်တော့်ကို အဖြေအရင်ပြန်ပေးတော့"

ချစ်သူက ကယောင်ချောက်ချားမျက်ဝန်းလေးနှင့် ပြန်ကြည့်ကာ။

"အာ ... ဘာကိုပြောရမှာလဲ"

"ချစ်တယ်လို့လေ၊ နှုတ်မှုန်ကာပဲဖြစ်ဖြစ်, ခေါးခေါးကာပဲ ဖြစ်ဖြစ်ပေါ့။ တော်ကြာ တစ်ယောက်ယောက်ကို အားနာနေဦးမယ်"

"ဟွန်း ... တော်တော်အပြောကောင်း။ ဒီက သူ့ကိုသနားလို့ ပွဲကို ဒီလောက်နဲ့ ရပ်လိုက်တာပါနော်"

"ဟုတ်ပါပြီ ... ဒီလောက်နဲ့ ရပ်လိုက်လို့ ထောင့်ငါးရာပေးတာ မဟုတ်လား။ ကဲပါ ... ကျွန်တော့်ကိုပေးမယ့် အဖြေကိုပဲ ပြောတော့နော်"

ချစ်သူက ညွတ်နူးစွာ ကြည့်လာသည်။ ပြီး ကမ္ဘာဦးစကားသံ ကလေးကိုလည်း ခန့်ပိုင် ကြည်လင်ပီပြင်စွာ ကြားလိုက်ရ၏။

"အင်း ... ပြောရမယ်ဆိုရင်တော့ ဟို ... ချစ်တယ်ကွာ၊ ဒါပဲ"

BURMESE CLASSIC .com

"ဒါဆို ကိုယ့်မျှော်လင့်ချက်သေးသေးလေးက မှန်သွားပြီပေါ့"

"ဟင် ... ဘာမျှော်လင့်ချက်လဲ"

"ပြော် ... အချစ်ဆိုတာက ကိုယ့်အတွက် ဆက်သွယ်မှုစနိုယာ ထဲမှာပဲ ရှိမယ်လို့ ထင်ခဲ့တာလေ"

ဒီတစ်ခါ ထိုးလာသောမျက်စောင်းလေးကိုတော့ ခန့်ပိုင်ရင်ထဲ ထာဝရ သိမ်းဆည်းထားရုံမှတစ်ပါး အခြားလည်း မရှိနိုင်တော့ချေ။

လေးစားစွာ

မိုးဓမြိုင်

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆုတ် ၇ ရက်

မနက် ၃ နာရီ ၄၃ မိနစ်

www.burmeseclassic.com

www.burmeseclassic.com

**ဝတ္ထုပြီးမှ ဝန်ခံခြင်း**

ဤဝတ္ထုဖြစ်ပေါ်လာစေရန် ကျွန်တော် တခြားကလောင်နှင့် ရေးသားခဲ့ဖူးသော ဝတ္ထုတိုသုံးပုဒ်ထဲမှ ဇာတ်လမ်း ဇာတ်ကွက်အချို့အား ယူငင်သုံးစွဲထားပါကြောင်း ဝန်ခံပါသည်။ ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ချက် ...

ကျွန်တော်
စီးတက်ဝိုင်

www.burmeseclassic.com